စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု ဝန်ကြီးဌာန

MOPFI

MINISTRY OF PLANNING FINANCE AND INDUSTRY

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ (၆)၊ အမှတ် (၄)၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ

## "No One Left Behind" to Global Development program






MYANMAR CSO

CENTRAL STATISTICAL ORGANIZATION

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃) လ တစ်ကြိမ် ထုတ်ဝေသည်။

စီမံ/ဖွံ့ဖြိုး ဂျာနယ်
အတွဲ-၆၊ အမှတ်(၄)၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| အဖေ | ညိုမင်း | ၁ |
| ပစ္စုပ္ပန်တွင် ရှင်သန်ခြင်း | လရောင်အေး | ၂ |
| **ဆောင်းပါးကဏ္ဍ** | | |
| မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်ခြင်းမရှိစေရ(No One left behind)ဆောင်ပုဒ်(theme)ဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အား အကောင်အထည်ဖော်ရေး | ဒေါက်တာဝါဝါမောင် | ၄ |
| အသေးစားနှင့် အလတ်စားလုပ်ငန်းများ(SMEs)ဖွံ့ဖြိုးတိုးတက်အောင် ဘာတွေလုပ်ရမလဲ | သန်းဇော် | ၁၀ |
| ပန်းပွဲတော်မှသည် ဈေးကွက်ဆီသို့ | ဒေါက်တာညီ | ၁၄ |
| 2018 Myanmar Statistical Yearbook မှ ကိန်းဂဏန်းများဖတ်ရှုခြင်း အပိုင်း(၂) | ဦးကျော် | ၁၇ |
| အခွန်လွတ်ငြိမ်းသက်သာခွင့် | စောနိုင်(အသုံးချဘောဂဗေဒ) | ၂၃ |
| သုတေသနဆိုင်ရာသိမှတ်ဖွယ် အပိုင်းအစလေးများ | ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) | ၂၆ |

| | | |
|---|---|---|
| အာဆီယံ၏အနာဂတ်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ | သိန်းမြင့်ဝေ | ၃၀ |
| မိုဘိုင်းဖုန်းဝန်ဆောင်မှုမှသည် ဒစ်ဂျစ်တယ်စီးပွားရေးခေတ်ဆီဦးတည် | ညိုမောင် | ၃၃ |
| အမျိုးသမီးခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးအစီအစဉ်မှ အချက်အလက်တချို့ | ဒေါက်တာပင်လုံအေး | ၄၀ |
| အမှန်မြင်မှ အမြင်မှန်မှာလား<br>အမြင်မှန်မှ အမှန်မြင်မှာလား | ဒေါက်တာညီညီမောင် | ၄၅ |
| ခေါင်းဆောင်ကောင်းနှင့် ကောင်းသောအဖွဲ့အစည်း | ဝင်းဝင်းဝါ | ၄၈ |
| လုပ်ငန်းခွင်အတွင်း ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း<br>(Critical Thinking and Problem Solving in the workplace) | ညောင်တိုင်<br>(ဗဟိုစာရင်းအင်းအဖွဲ့) | ၅၇ |
| မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူမှုဘဝဆီသို့ | နယဉ် | ၆၃ |
| အမှန်တကယ်တတ်မြောက်ပါရဲ့လား | သံုးည | |
| မိဆိုးမ | CoCoe သောကြာ | ၆၆ |

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | စီမံ/ဖွံ့ဖြိုး |
| အတွင်းအပြင်အဆင် | - | ဟန်မြင့်မိုရ် |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၃၀၀၀၇၀၁၁၄ |
| ထုတ်ဝေသူ | - | ညွန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ |
| ပုံနှိပ်သူ | - | ဦးမြတ်ထွန်းကျော်<br>ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြဲ-၀၉၇၄၄)<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | |
| တန်ဖိုး | - | |

# ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများ

| နေရာ | ဆက်သွယ်ရန်ဖုန်း |
|---|---|
| ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)<br>ရုံးအမှတ် (၃၂)၊ နေပြည်တော်။ | ၀၆၇-၄၀၆၃၅၁<br>၀၆၇-၄၀၆၃၂၉ |
| ကချင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄)၊ ပေ (၅၀)လမ်း၊ မေခဝန်ထမ်းအိမ်ရာ<br>မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့ | ၀၇၄-၂၄၂၀၆<br>၀၉၄၅၀၉၈၄၅၉၄ |
| ကယားပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>ဒေါ်ဥခူရပ်ကွက်၊ ဦးသီရိလမ်း<br>ခရိုင်စုပေါင်းရုံး၊ လွိုင်ကော်မြို့ | ၀၈၃-၂၂၀၈၀<br>၀၉-၄၅၁၂၂၉၄၈၃ |
| ကရင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄)ရပ်ကွက်၊ သီရိလမ်း<br>ဘားအံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးရုံးဝန်းအတွင်း | ၀၅၈-၂၂၇၂၅<br>၀၉-၄၂၀၇၂၃၁၇၀ |
| ချင်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၃)၊ ဂေါက်ကွင်းလမ်း၊ တိုင်းရင်းဆေးရုံအနီး။<br>မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်။ | ၀၇၀-၂၂၅၁၆<br>၀၉-၄၅၀၉၈၄၆၀၂ |
| စစ်ကိုင်းတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>အမှတ် (၁၉) လမ်းကြား တိုင်းရင်းဆေးရုံအရှေ့ဘက်၊<br>ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့။ | ၀၇၁-၂၆၅၁၃<br>၀၉-၄၂၀၇၀၁၀၆၃ |
| တနင်္သာရီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>သဇင်လမ်းသွယ်၊ ဆိပ်ကမ်းသာလမ်း၊<br>ဆန်းချိုတိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့နယ် | ၀၅၉-၂၀၂၃၉၀၆<br>၀၉-၅၁၁၉၂၃၃ |
| ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ်၊ ၄/၄၇၂ ရပ်ကွက်ကြီး (၄) ဆည်မြောင်းလမ်း၊<br>ဥဿာမြို့သစ်၊ ပဲခူးမြို့။ | ၀၅၂-၂၂၃၀၁၃၅၃<br>၀၉-၃၃၇၆၆၂၅၀ |

| | |
|---|---|
| မကွေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>မကွေးမြို့နယ်၊ စုပေါင်းရုံး အပေါ်ဆုံးထပ်၊<br>မဲထီးလမ်းနှင့် ပြည်တော်သာ (၁)လမ်းထောင့်၊ မကွေးမြို့။ | ၀၆၃- ၂၀၂၈၅၅၃<br>၀၉-၄၂၀၇၀၁၀၇၃ |
| မန္တလေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>၈-၅၊ ၇၂/၁၊၆၂ လမ်း၊ ကံ့ကော်လမ်းနှင့် သဇင်လမ်းကြား<br>ချမ်းမြသာစည်မြို့နယ်။ | ၀၂-၈၂၁၅၂<br>၀၉-၇၉၀၄၀၈၄၁၉ |
| မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊ မောင်ငံရပ်ကွက်၊<br>(၂)လမ်းထိပ်/ပြည်နယ်ကျေးလက်ဦးစီးဌာနဘေး၊ မော်လမြိုင်မြို့။ | ၀၅၇-၂၀၂၄၅၁၇<br>၀၉-၄၂၀၇၀၁၀၆၈ |
| ရခိုင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊<br>ပြည်နယ်စီမံကိန်းရုံး(အောက်ထပ်)၊<br>မေယုလမ်း၊ ဧည့်ဝတီရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃-၂၂၈၂၉<br>၀၉-၄၄၈၅၃၃၄၀၃ |
| ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>(၁) အခန်းအမှတ်-လ၁၂၇/၁၂၈ တိုင်းဒေသကြီးလွှတ်တော်ဝင်း၊<br>အလုံလမ်း၊ ဒဂုံမြို့နယ်<br>(၂) ၄/၆ ပြဟ္မစိုရ်လမ်းနှင့် သီတာလမ်းထောင့်၊ (၄)ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်။(အရှေ့ပိုင်းခရိုင်စုပေါင်းရုံး)။ | ၀၁-၂၃၀၂၄၈၁<br>၀၉-၄၂၀၇၀၁၀၆၅ |
| ရှမ်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့၊<br>(၄)မိုင် ကံကြီးရပ်ကွက်၊ Business Center အနီး<br>ဟိုပုံးမြို့သို့အထွက်၊ တောင်ကြီးမြို့။ | ၀၈၁-၂၁၂၁၃၃၅<br>၀၉-၄၂၀၇၀၁၀၆၂ |
| ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့၊<br>အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံး၊ မြတ်တို၊ ပုသိမ်မြို့။ | ၀၄၂-၂၉၁၅၃<br>၀၉-၄၂၀၇၀၁၀၇၀ |
| နေပြည်တော်ကောင်စီရုံးကြီး၊ (မြေညီထပ်) ဗဟိုစာရင်းအင်းအဖွဲ့၊<br>ပျဉ်းမနားတောင်ညိုလမ်းမကြီး၊ ပြန်ကပြေးဝိုင်းအနီး။ | ၀၆၇-၅၅၀၃၅၈<br>၀၉-၄၂၀၇၀၁၀၆၆ |

# အဖေ

♦ အမြင်က မခန့်ညား သူ့ဂုဏ်ထည်မမြင့်မားပေမဲ့
ပုခုံးထက်က ကြွက်သားတွေကလေးပင်တဲ့ ဝန်ထုပ်ကိုတောင်
အံတုလို့မညည်းညူ
သူထမ်းခဲ့ ရဲရင့်တဲ့
လူ့ဗလန်လေး အဖေ။

♦ ဥစ္စာတော့ မတတ်နိုင်ဘူး
ငါ့သားကို အမွေပေးမတဲ့
တစ်သက်စားမကုန်မည့် ပညာအမွေ
အခါခါနားချလို့ တွင်တွင်မှာ
လူ့ဘုံအလယ် ပွဲလယ်တင့်စေဖို့
မမောတမ်း ခရီးနှင်
သူ့ဘဝတက်လမ်း အစုံ ချုနင်းခဲ့
ဖခင်ပီသတဲ့ သားရဲ့ အဖေ။

♦ လက်ဖဝါးနှစ်ဖက် ချင်းချင်းနီ
စိတ်ကူးတောင်မယဉ်ဖူးတဲ့ လယ်သမားအလုပ် သူလုပ်ရင်း
ဝန်ထမ်းကတစ်ဖက် ပုခုံးနှစ်ဖက်ချင်းတူတာတောင်
သူရင်းငှား မငှားရှာဘဲ ထွန်တုံးကိုထမ်း
သားတို့အရေးပေမဲ့ မငြူစူမခိုင်းရက်တာမို့
ပြစ်မမြင် အချစ်တွေဝင်လို့
တက္ကသိုလ်ပြိုင်တူပို့ သားတို့တွေရှေ့ခရီးလှဖို့
ရုန်းခဲ့တဲ့ အဖေ။

♦ ပညာတွေစုံပြီမို့ လူ့ဂုဏ်ဒြပ်တို့အလယ်
အသွင်တင့်ပေမဲ့ အဖေလာရင်တောင်
မဝံ့ထည်မှာစိုးလို့ တုန်လှုပ်ခဲ့ သားရဲ့ စိတ်ကို
ထာဝရ နားလည် ပြုံးမပျက် ခွင့်လွှတ်ရင်း
အားတင်းလို့ခရီးဆက်နိုင်ဖို့ နဖူးရေတွန့်



ခါးကကိုင်းလည်း  မုန်းမဖက်
မေတ္တာတွေ ဆက်ဝေ  အချစ်တွေရှင်ခဲ့တဲ့
ထာဝရ အဖေ။

♦ ပညာဂုဏ်အရောင်တောက်  ထွန်းပြောင်တဲ့
သားအတွက်  ဂုဏ်ယူရင်း
ဘဝအတွက်  အားကုန်ထုတ်
ချွေးတွေသုတ်ရင်း သားဘဝခါးလှဖို့
သူ့ဝန်းကျင်  လောကခံကို
ကြံ့ကြံ့ခိုင်အံတုရင်း ရုန်းခဲ့ရှာ
ချစ်ရတဲ့  သားအဖေ။

♦ ဝမ်းမြောက်လို့ဂုဏ်ယူ  ကိုယ့်ဝန်ကိုကိုယ်ထမ်းနိုင်ပြီမို့
အားကုန်တွန်းတင် ပညာတတ်ရပ်ဝန်းမှာ
ထင်ပေါ် စင်ပေါ်ကိုရောက်တော့
ဒါငါ့သားရယ်လို့  မမောနိုင်ဖွေ့စကား
လာသမျှလူ  ဖေးကူလို့မဆုံး
သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားစေမတဲ့
ပြုံးပြုံးကြီးသူဆို  မာန်ကိုခါခါတင်း
ကြည့်ရင်းကြည့်ရင်း အရွယ်လွန်
အိုရှာပေါ့ ချစ်သောအဖေ။

♦ ပြေလည်ပြီ  လူနေမှုဘဝ
ကျေနပ်ပြီ  ဘဝအတွက်
အရိပ်မှာထိုင်ရင်း  ငွေရှာနိုင်သားကိုကြည့်ကာ
ပီတိကိုစား အားရှိခဲ့ ချစ်ဖေဖေက
အမျိုးတွေဖွေရှာ  ဒါနင်တို့မောင်ဟဲ့
အပြန်အလှန်စောင့်ရှောက် တစ်ယောက်မရှိတစ်ယောက်ကူ
အမျိုးမပြတ်ရအောင် ဝိုင်းကူလို့ဖေးမ
သံယောဇဉ်  အမျှင်မဖြတ်နဲ့
ငါမရှိလည်း  ဆက်ဆံမပြတ်နဲ့
သားအတွက်ပူရှာ  အနာဂတ်ကို
ပြင်ဆင်ပေးခဲ့  ချစ်တဲ့အဖေ။

♦ လွန်ခဲ့ပြီအဖေ လူ့ဘဝနိဂုံး
သူ့ဘဝသူ တာဝန်ကျေကျွေးဖခင်ပီသခဲ့
နွေးထွေးတဲ့ပုခုံးပေါ် ရဲရဲတင်
မနိုင်ဝန်ပေမဲ့  မညည်းညူ
သူ့အစွမ်းပြ  အားကုန်ရုန်းကာ
အမြင့်မှာနေတတ်ဖို့ နိမ့်ရင်လည်းအရှုံးမပေး
ဘဝရေအေးအတွက် နေပူကို မကြောက်
ပြဿနာဆို  အဖြေရှာတတ်အောင်
လမ်းတွေကိုခင်း  စနစ်တွေချပေးရင်း
လမ်းမပျောက်အောင်  ဖေးကူ
အားကျခဲ့ရတဲ့  အဖေ့အတွက်
သား ဂုဏ်ပြုရင်း  အဖေ့လိုအဖေ
ဖြစ်စေရမည်လို့  ဟစ်ကြွေး
တိုင်းပြည်အတွက်  အသက်ကိုနှင်း
ပေးဆပ်ရင်း ခရီးနှင်  ကတိတွေတည်ဖို့ ကြိုးစား
အဖေ့သား လူပီသလို့ တာဝန်ကျေ
ဒီခရီး မနီးလည်း  မနားတမ်းဆက်ပါ့မယ်
ချစ်ရပါသော  လူ့ဗလန်လေးအဖေ ။  ။

*(၂၈.၁.၂၀၁၉ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဖခင်ကြီး၏ဂုဏ်ကျေးဇူးအား ဦးထိပ်ထား ရေးဖွဲ့ပါသည်။)*

**ညိုမင်း**



# ပစ္စုပ္ပန်တွင် ရှင်သန်ခြင်း

လေနှင်ရာသို့ စိတ်ကပါရင်း မစဉ်းစားချင်သော အတွေးတို့
အလိုလိုခေါင်းထဲသို့ ရောက်ရောက်လာ၊
ရောက်လာသည့်အတွေး ဖျောက်ဖျက်နိုင်အား
မျှော်လင့်ချက်ကိုရှာ
ရုတ်တရက် စိတ်ဓာတ်က ကျကျလာ။
ကောင်းတဲ့ဘက်က တွေးနေရင်း မကောင်းစိတ်က စိုးမိုးပြန်တော့
အကုသိုလ်လောကနဲ့ မှောင်မိုက်လို့လာ၊
ကုသိုလ်အလင်းရောင်မှီခိုလို့ စိတ်ကိုကြိုးစားထိန်းချုပ်ဆဲ
သတိကြိုးမှာ တစ်ချက်ချက် လျော့ကျလာ။
ဉာဏ်အကူညီယူလို့ ကြိုးပြန်တင်းရင်း
ဝီရိယတစ်ချက် လွတ်ကာသွားတော့
ကံသည်သာ အားကိုးရာ
သို့ပါသော်လည်း ရည်ရွယ်ရာသို့ မရောက်သာ။
ပစ္စုပ္ပန်အား အတွေးမှဖယ် အတိတ်ကို နောင်တဖြင့်ဖုံး
အနာဂတ်အိမ်မက်အား မျှော်လင့်ချက်ထား
အဆုံးမသတ်နိုင်သော အမှားများ။
အို အတိတ်ရယ် ပြီးခဲ့ပါပြီ
လက်ရှိကိုသာ ကောင်းအောင်ကြိုးစားမှာမို့
နောင်တဖြင့် မနှစ်မွန်းချင်တော့ပါ။
အို  မျှော်လင့်ချက်မတွေးသာပြီ
မျက်မှောက်တွေးသာ လားရာဖြစ်သည်မို့
ကံဆိုးခြင်း၊ ကောင်းခြင်း မတွေးတော့ပါ။
ညှိမိုက်မဲသည့် စိတ်ခန္ဓာအား
ပစ္စုပ္ပန်အလင်းအောက်သို့ ခိုဝင်ခြင်းဖြင့် ရှင်သန်ပါ
ပစ္စုပ္ပန်တွင်သာ ဆက်လက်ရှင်သန်ပါ။

**လရောင်အေး**

မည်သူတစ်ဦးတစ်ယောက်မှ ချန်လှပ်ခြင်းမရှိစေရ (No one left behind)
ဆောင်ပုဒ် (Theme) ဖြင့်

# ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အား အကောင်အထည်ဖော်ရေး

|ဒေါက်တာဝါဝါမောင်|

၂၁ ရာစု သို့ ရောက်ရှိလာချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ကြေညာချက် (Millennium Declaration)အဖြစ်မှ ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်၏ အရွေ့တစ်ခုအဖြစ် ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ညီလာခံ၏ အတည်ပြုချက်ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ(Sustainable Development Goals)(သို့မဟုတ်) ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုအား ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ(၁) ရက်မှစတင်၍ သတ်မှတ်ဆောင်ရွက်ခဲ့ကြပါသည်။

Globalization၏ အသီးအပွင့်တို့ကို ကမ္ဘာ့နိုင်ငံများအကြား ညီမျှစွာ ခွဲဝေခံစားနိုင်ရန် ကမ္ဘာ့နိုင်ငံများအားလုံးအတွက် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေး၊ လူနေမှုဘဝအရည်အသွေး တိုးတက်ရေး၊ လူသားတို့၏ ဂုဏ်သိက္ခာမြင့်တင်နိုင်ရေး၊ လူသားတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှု စသည့်ကဏ္ဍများတွင် ဖွံ့ဖြိုးမှုပန်းတိုင်များအနေဖြင့် ချမှတ်ခဲ့သည်။

ဖွံ့ဖြိုးမှုဟုဆိုရာတွင် စီးပွားရေးရှုထောင့် (Economic Aspect)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကောင်းကျိုး (Material Well-being)တို့နှင့်သာ ရှုမြင်၍ မပြည့်စုံနိုင်ဘဲ စိတ်ပိုင်းဆိုင်ရာခံစားမှုများ (Mental and Spiritual Well-being) တို့ကိုပါ ထည့်သွင်းကာ ဖွံ့ဖြိုးမှုကို အရည်အသွေး ရှုထောင့် (Quality Aspect)မှလည်း စဉ်းစားရန်လိုအပ်လာသည့် သဘောတရားပင် ဖြစ်ပါသည်။ ပြောင်းလဲလာသည့် ဖွံ့ဖြိုးမှုသဘောတရားအရ ဖွံ့ဖြိုးမှုဟုဆိုရာဝယ် နိုင်ငံတစ်ခု၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တိုးတက်မှု၊ တစ်ဦးကျဝင်ငွေတိုးတက်မှုတို့နှင့်သာ မလုံလောက်တော့ဘဲ ဖွံ့ဖြိုးမှုဆိုသည်မှာ အဆိုပါနိုင်ငံအတွင်း မှီတင်းနေထိုင်သူအားလုံးတို့၏ လူနေမှုဘဝအရည်အသွေးတိုးတက်စေခြင်း (Improving Quality of Life)ပင်ဖြစ်ပါသည်။

**လူသားများ (People)**

လူသားများ (People)ဟုဆိုရာတွင် ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ကျခြင်း၊ ငတ်မွတ် ခေါင်းပါးမှုကင်းဝေးစေခြင်းနှင့် လူ့ဂုဏ်သိက္ခာတိုးတက်ရေး၊ ညီမျှမှုရှိရေးတို့အတွက် ကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာရေးနှင့် လူမှုဖူလုံရေး စောင့်ရှောက်မှုစသည့် လုပ်ငန်းများကို အ



လေးပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

**ကမ္ဘာမြေ (Planet)**

ကမ္ဘာမြေ (Planet) ဟုဆိုရာတွင် လူသားတိုင်း




အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝမှပေးအပ်သည့် သယံဇာတများ ရေရှည်တည်တံ့ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်တုံ့ပြန်ရေး၊ ဘေးဒဏ်အတွက် စွန့်စားရမှုစီမံခန့်ခွဲရေး (Disaster Risk Management)စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်တို့ကို ဆိုလိုပါသည်။

**သာယာဝပြောမှု (Prosperity)**

သာယာဝပြောမှု(Prosperity)ဟု ဆိုရာတွင် လူသားတိုင်း၏ သဘာဝဝန်းကျင်ကြီးနှင့် သဟဇာတဖြစ်စေသည့် လူနေမှုဘဝများဖြစ်စေရန်နှင့် လူမှု-စီးပွားအကျိုးကျေးဇူးပွားများစေရေးအတွက် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များတွင်ပါဝင်နိုင်ရေး၊ ရွှေ့ပြောင်းသွားလာမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု စသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းကိုဆိုပါသည်။

**ငြိမ်းချမ်းရေး (Peace)**

ငြိမ်းချမ်းရေး (Peace)ဟုဆိုရာတွင် ငြိမ်းချမ်းသော၊ တရားမျှတမှုရှိသော၊ အားလုံး ပူးပေါင်းပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်းတစ်ရပ်ထူထောင်ရန် လိုအပ်ခြင်းဖြစ်ပါသည်။ ရေရှည်ဖွံ့ဖြိုးမှုအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းမှုဖြစ်စဉ်များ အစဉ်တိုးတက်ဖြစ်ပေါ်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ လူသားတိုင်း၏ အခွင့်အရေး အပြည့်အဝရရှိရေး၊ အုပ်ချုပ်ရေးနှင့် ဒီမိုကရက်တစ်ပြည်ထောင်စုအဖွဲ့အစည်းများ ဖြစ်ရေးစသည့် လုပ်ငန်းများကို အလေးပေးဆောင်ရွက်ခြင်းကို ဆိုပါသည်။

**ပူးပေါင်းဆောင်ရွက်မှု (Partnership)**

ပူးပေါင်းဆောင်ရွက်မှု(Partnership)ဟုဆိုရာတွင် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရာတွင် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ ပြည်တွင်းပြည်ပ အလုံးစုံဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နိုင်ငံအတွင်းနှင့် နိုင်ငံများအချင်းချင်း ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို အလေးပေး ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အား အထက်ဖော်ပြပါ 5 Psအတွက် ချဉ်းကပ်အကောင်အထည်ဖော်ရာတွင် 'မည်သူတစ်ဦးတစ်ယောက်မှချန်လှပ်ခြင်းမရှိစေရ' (No one left behind)ဆိုသော Themeဖြင့် အကောင်အထည်ဖော်ရန် ပါဝင်ပါသည်။



စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား ကမ္ဘာ့ဖွံ့ဖြိုးမှု လမ်းညွှန်အဖြစ် အောက်ပါအတိုင်းသတ်မှတ်ခဲ့ပါသည်-

| ပန်းတိုင် | အကြောင်းအရာ |
|---|---|
| ပန်းတိုင် (၁)<br>GOAL 1 | နေရာအနှံ့ ဆင်းရဲမှု ပုံစံအားလုံးအဆုံးသတ်ရေး<br>End poverty in all its forms everywhere |
| ပန်းတိုင် (၂)<br>Goal 2 | ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ အာဟာရပြည့်ဝမှု တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးမှု ဖြစ်ပေါ်တိုးတက်စေရေး<br>End hunger, achieve food security and improved nutrition, and promote sustainable agriculture |
| ပန်းတိုင် (၃)<br>Goal 3 | လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး<br>Ensure healthy lives and promote well-being for all at all ages |
| ပန်းတိုင် (၄)<br>Goal 4 | လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်းရရှိရေး<br>Ensure inclusive and equitable quality education and promote life-long learning opportunities for all |
| ပန်းတိုင် (၅)<br>Goal 5 | ကျား/မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကား တိုးမြင့်စေရေး<br>Achieve gender equality and empower all women and girls |
| ပန်းတိုင် (၆)<br>Goal 6 | လူသားတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်သော စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး<br>Ensure availability and sustainable management of water and sanitation for all |
| ပန်းတိုင် (၇)<br>Goal 7 | လူတိုင်း တတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော၊ ခေတ်မီစွမ်းအင်ရရှိရေး<br>Ensure access to affordable, reliable, sustainable, and modern energy for all |
| ပန်းတိုင် (၈)<br>Goal 8 | စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည် စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်ရရှိစေရေး<br>Promote sustained, inclusive and sustainable economic growth, full and productive employment and decent work for all |
| ပန်းတိုင် (၉)<br>Goal 9 | ကြံ့ခိုင်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံးအကျုံးဝင်ပြီး ရေရှည် တည်တံ့သည့် စက်မှုလုပ်ငန်းထူထောင်ခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေး<br>Build resilient infrastructure, promote inclusive and sustainable industrialization and foster innovation |

| ပန်းတိုင် | အကြောင်းအရာ |
|---|---|
| ပန်းတိုင် (၁၀)<br>Goal 10 | နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး<br>Reduce inequality within and among countries |
| ပန်းတိုင် (၁၁)<br>Goal 11 | အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများ<br>Make cities and human settlements inclusive, safe, resilient and sustainable |
| ပန်းတိုင် (၁၂)<br>Goal 12 | ရေရှည်တည်တံ့စေမည့်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ်စေရေး<br>Ensure sustainable consumption and production patterns |
| ပန်းတိုင် (၁၃)<br>Goal 13 | ရာသီဥတုပြောင်းလဲခြင်းနှင့် ၄င်း၏အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေး<br>Take urgent action to combat climate change and its impacts |
| ပန်းတိုင် (၁၄)<br>Goal 14 | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတ များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး<br>Conserve and sustainably use the oceans, seas and marine resources for sustainable development |
| ပန်းတိုင် (၁၅)<br>Goal 15 | ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲပြုန်းတီးမှု ရပ်တံ့စေရေး<br>Protect, restore and promote sustainable use of terrestrial ecosystems, sustainably manage forests, combat desertification, and halt and reverse land degradation and halt biodiversity loss) |
| ပန်းတိုင် (၁၆)<br>Goal 16 | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံး ပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်း အကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး<br>Promote peaceful and inclusive societies for sustainable development, provide access to justice for all and build effective, accountable and inclusive institutions at all levels |

| ပန်းတိုင် | အကြောင်းအရာ |
|---|---|
| ပန်းတိုင် (၁၇) | အကောင်အထည်ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များအား ကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အား ကောင်းစေရေး |
| Goal 17 | Strengthen the means of implementation and revitalize the Global Partnership for Sustainable development |

သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား လေ့လာပါက အသေးစိတ်ကာ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရမည့် အနေအထားဖြစ်ပြီး ဖွံ့ဖြိုးမှုအဆင့်အား ပိုမိုမြင့်တင်ရမည့် ရည်မှန်းချက်ပန်းတိုင်များ ဖြစ်ပါသည်။ စုစုပေါင်း ပန်းတိုင်(၁၇)ခုတွင် ရည်မှန်းချက်ပေါင်း (၁၆၉) ခုရှိပြီး တိုင်းတာမည့် ညွှန်ကိန်းပေါင်း(၃၂၀) ကျော် ရှိပါသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးမှု အဆင့်အလိုက် စီမံချက်အကောင်အထည်ဖော်မှုများအား ရေးဆွဲဖော်ဆောင်ကြပြီဖြစ်သည်။ နိုင်ငံတိုင်း၏ နှစ်တို၊ နှစ်ရှည် စီမံကိန်းများတွင် အဆိုပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် စီမံချက်များ၊ အောင်မြင်မှုကို တိုင်းတာနိုင်သည့် ညွှန်ကိန်းများ တိုးတက်စေရေး ကိစ္စများပါဝင်စေရန် လိုအပ်ပါသည်။

## ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်နှင့် မြန်မာ

မိမိတို့နိုင်ငံအနေဖြင့် ထောင်စုနှစ်ပန်းတိုင်များ (၂၀၀၀ ခုနှစ်-၂၀၁၅ ခုနှစ်အထိ) အား အကောင်အထည်ဖော်ဆောင်ခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်များတွင် အောင်မြင်တိုးတက်လျက် ရှိသော်လည်း ဆက်လက်၍ အရည်အသွေးပြည့်ဝစွာ တိုးတက်စေရန် လိုအပ်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုလျှော့နည်းကျဆင်းရေးအတွက် ဦးစားပေးအဖြစ် ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အောက်ခြေ Grassroots Levelအထိ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများရှိသော်လည်း တစ်နိုင်ငံလုံးပျံ့နှံ့မှုအတိုင်းအတာအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်။ ကျေးလက်ဒေသ ဆင်းရဲမှု (Rural Poverty)သာမက တိုးတက်ကျပ်သိပ်လာသည့် လူဦးရေနှင့်အတူ ဖြေရှင်းရမည့် မြို့ပြဆင်းရဲမှု (Urban Poverty)လည်း လျစ်လျူရှု၍ မရနိုင်ပါသဖြင့် ဘက်ညီမျှတစွာ တိုးတက်မှုအတွက်လည်း ဖေါင်းပေး ဆောင်ရွက်လျက်ရှိပါသည်။

မည်သူတစ်ဦးတစ်ယောက်မှချန်လုပ်ခြင်းမရှိစေရ (No one left behind)ဆိုသော themeဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်သည် ကမ္ဘာ့လူသားများ၊ ကမ္ဘာကြီးနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် စုပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်တစ်ခုပင်ဖြစ်ပါသည်။ ချန်လုပ်ခံရသည့်အုပ်စုများထံ အရင်ဆုံး ဦးစွာချဉ်းကပ်ဆောင်ရွက်ရန်ဖြစ်သည်။ No one left behind principle အရ ဆောင်ရွက်ရန်ဖြစ်ပါသည်။ နိုင်ငံ၏ အကဲဖြတ်စောင့်ကြည့်မှုစနစ်အရ Navigation Role အား ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ လူသားများအကြား ဆင်းရဲမှုနှင့်မညီမျှမှုများလေလေ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအတွက် အဟန့်အတားများ ပိုမိုဖြစ်နိုင်လေဖြစ်သည်။

## ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း

ငြိမ်းချမ်း၍သာယာဝပြောသော ဒီမိုကရေစီမြန်မာနိုင်ငံ (Vision: A Peaceful, Prosperous & Democratic Myanmar) ဟူသော မျှော်မှန်းချက်ဖြင့် မဏ္ဍိုင် (၃)ရပ်၊ မဟာဗျူဟာ (၂၈) ခုနှင့် ဆောင်ရွက်ရန် လုပ်ငန်းစဉ်ပေါင်း (၂၅၁)ခုပါရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan) အဖြစ် ၂၀၁၈ ခုနှစ်ကတည်းက မိတ်ဆက်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအနေဖြင့် မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသည့် စီးပွားရေးမူဝါဒ (၁၂) ရပ်၊ ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် Sustainable Development Goals (SDGs)၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် အာဆီယံလူမှုအဖွဲ့အစည်းရည်မှန်းချက် (ASEAN Community Vision)၊ မဟာမဲခေါင်ဒေသ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်နှင့်လုပ်ငန်းစဉ်များ (Greater Mekong Cooperation Framework) စသည်တို့နှင့် ညီညွတ်မှုရှိစေရန်တို့အပြင် မိမိတို့နိုင်ငံ၏ဖွံ့ဖြိုးမှုမူဝါဒနှင့် ဦးစားပေးတို့အပေါ် အခြေခံ၍ ပေါင်းစပ်ညှိနှိုင်းရေးဆွဲထားပါကြောင်း ဖော်ပြပါဝင်ပါသည်။

ဤကဲ့သို့ ကမ္ဘာ့ဆိုင်ရာစီမံကိန်းများ၊ ဒေသဆိုင်ရာစီမံကိန်းများနှင့် အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရာတွင် ဘဏ္ဍာငွေများ ခွဲဝေဆောင်ရွက်ရုံမျှမက စီမံကိန်းများအား စောင့်ကြပ်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများသည်လည်း လွန်စွာအရေးကြီးလာပြီဖြစ်ပါသည်။

## စောင့်ကြပ်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

စီမံကိန်းများအား စောင့်ကြပ်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများအနေဖြင့် အောက်ပါလုပ်ငန်းအဆင့်ဆင့်အား ဆောင်ရွက်ရန်ဖြစ်သည် -

- ✔ **ဆန်းစစ်ပါ (Examine)** - SDG အကောင်အထည်ဖော်ဆောင်ရေး တိုးတက်မှုအနေဖြင့် ထိခိုက်နစ်နာမှု အရှိဆုံးအုပ်စုများအား ချဉ်းကပ်ဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ အုပ်စုများ သတ်မှတ်နိုင်ရေးအား ဆန်းစစ်ရန် လိုအပ်ပါသည်။
- ✔ **စွမ်းပကားတိုးတက်စေရေးအားဆောင်ရွက်ပါ (Empower)** - အဓိပ္ပာယ်ရှိသောပါဝင်မှုများဖြစ်ပေါ်စေရေးအတွက် စွမ်းပကားများ မြှင့်တင်ရေးအား အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ လူများစုပါဝင်နိုင်ရေးအတွက် Spaces သို့မဟုတ် Platform များဖန်တီးပေးနိုင်ရန် ဖြစ်ပါသည်။
- ✔ **ပြဋ္ဌာန်းဆောင်ရွက်ပါ (Enact)** - SDG နှင့် စပ်ဆိုင်သည့် မဟာဗျူဟာများ၊ စီမံကိန်းများ၊ ဘတ်ဂျက်ခွဲဝေ ချထားမှုများအား ညီညွတ်မျှတမှုကို အခြေခံရန်၊ Rights -based Approaches အား အခြေခံနိုင်ရန် ဖြစ်ပါသည်။
- ✔ **အကဲဖြတ်သုံးသပ်ပါ (Evaluate)** ဆောင်ရွက်ရာတွင် အချက်အလက်များရရှိစေရန် CAUSE Principle အရ -
  - ( က ) အချက်အလက်များကောက်ယူရန် (Collect Data)
  - ( ခ ) အချက်အလက်များအား ဆန်းစစ်ရန် (Analyse Data)
  - ( ဂ ) တွေ့ရှိချက်များအား ဆန်းစစ်ရန် (Use Findings)
  - ( ဃ ) စနစ်တကျ စဉ်းစားသုံးသပ်ခြင်း (System Based Thinking)
  - ( င ) သုံးသပ်ဆုံးဖြတ်ခြင်း (Evaluation) တို့ဆောင်ရွက်ရန်ဖြစ်သည်။

**Theory of Change Vs Framework of Equities**

နိုင်ငံများတွင် ရေရှည်မျှော်မှန်းချက်၊ ပန်းတိုင်တို့အပေါ်မူတည်ပြီး နောက်ပြန် ပြန်လည်ကိုက်ညှိကာ လိုအပ်သည့် အခြေအနေများအား ပြန်လည်သတ်မှတ်သည့် ပြောင်းလဲခြင်းသီအိုရီ (Theory of Change) အား နိုင်ငံတိုင်း ကျင့်သုံးအကောင်အထည်ဖော်နေချိန်ဖြစ်ပါသည်။ သို့သော် ပြောင်းလဲခြင်းသီအိုရီအား အကောင်အထည်ဖော်ဆောင်နေရုံနှင့်မပြီးဘဲ ညီညွတ်မျှတမှု မူဘောင် (Framework of Equities) ကိုလည်း အလေးပေးစဉ်းစားရန် လိုအပ်ပါသည်။

## စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုံးသပ်ဆုံးဖြတ်ခြင်းအား ပေါင်းစပ်ခြင်း

**(Integrating Evaluation with Monitoring)**

နိုင်ငံအများအပြားအနေဖြင့် စီမံကိန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) အဆင့်ထိရောက်ကြသော်လည်း သုံးသပ်ဆုံးဖြတ်ခြင်း (Evaluation) အဆင့်ထိမရောက်တတ်ကြသည်ကို တွေ့ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) အား သုံးသပ်ဆုံးဖြတ်ခြင်း (Evalua-

tion) နှင့် ပေါင်းစပ်ရန် လိုအပ်ပါသည်။

ရင်းမြစ်များသည် အကန့်အသတ်နှင့်တည်ရှိနေခြင်းတို့ကြောင့် ဦးစားပေး (Priority)များသတ်မှတ်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ သုံးသပ်ဆုံးဖြတ်ခြင်းအတွက်စည်းမျဉ်းများ Criteria များ ထားရှိဆောင်ရွက်သင့်ပါသည်။

မိမိတို့၏ပန်းတိုင်ကို ကောင်းစွာနားလည်နိုင်ရန်နှင့် အကဲဖြတ်သုံးသပ်မှုဖြစ်စဉ်များအား Strategic Approachဖြင့်သုံးသင့်ပါသည်။ အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်းများအကြား Cross-cutting ဆောင်ရွက်ရန်မှာ လွန်စွာအရေးပါပြီး စိန်ခေါ်မှုများရှိပါသည်။ အဆိုပါ စိန်ခေါ်မှု Challenge of Intersectionality ကို အထူးဂရုပြုရန်လိုအပ်ပါသည်။

✔ Evaluation ဆောင်ရွက်ရခြင်း အကြောင်းအရင်းများအနေဖြင့်

( က ) ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် (Better Decision Making)

( ခ ) တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုခိုင်မာအားကောင်းစေရန် (Stronger Accountability)

( ဂ ) ဆောင်ရွက်လုပ်ကိုင်မှုများ တိုးတက်ပြောင်းလဲစေရန် (Improve/Transform Performance)

( ဃ ) အသိပညာဗဟုသုတများ ပွားများနိုင်ရန် (General Knowledge) တို့ဖြစ်ပါကြောင်း၊

## နိုင်ငံသားတိုင်း၏ မိမိနိုင်ငံအတွက် ထားရှိသည့်ဆန္ဒများ

နိုင်ငံသားတိုင်းအနေဖြင့် မိမိနိုင်ငံအတွက် စီးပွားရေးကောင်းမွန်စေရန် (A Good Economy)၊ လူ့အဖွဲ့အစည်းကောင်းတစ်ရပ် ထူထောင်နိုင်ရန် (A Good Society)၊ နိုင်ငံရေးဖြစ်စဉ်များကောင်းမွန်ခြင်း (A Good Political Process) တို့သည် လိုလားသည့်ဆန္ဒများသာ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals) ဟူသည့် ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရန်မှာ မြန်မာနိုင်ငံအနာဂတ်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးကြီးပြီး အခွင့်အလမ်းများတည်ရှိနေပြီးဖြစ်သကဲ့သို့ စိန်ခေါ်မှုများလည်းများစွာတည်ရှိနေပါသည်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုတွင်နောက်ကျကျန်နေခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာဆောင်ရွက်ရန် လိုအပ်နေသည်ဖြစ်ရာ စုစည်းညီညွတ်မှု၊ ပေါင်းစည်းမှု၊ စိတ်ရှည်သည်းခံမှု၊ ဒီမိုကရေစီ၏အနှစ်သာရအား စည်းကမ်းရှိစွာဖြင့် လက်တွေ့ကျင့်သုံးနိုင်မှုများနှင့်အတူ အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သည့် အကျိုးရလဒ်နှင့် ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် တုံ့ဆိုင်းခြင်းမရှိစေဘဲ ခပ်သော့သော့နှင့် အရောက်လှမ်းနိုင်ရေးမှာ အရေးပါလှပေသည်။ နိုင်ငံများအကြားယှဉ်ပြိုင်မှု (Competitiveness)သည် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းပမာဏသာမက ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၏ အရည်အသွေး (Quality) နှင့် အရှိန်အဟုန် (Speed) အား ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း၊ အကျိုးသက်ဆိုင်သူ (Stakeholder) တိုင်းမှ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် အသော့နှင်နိုင်ရေးအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် ကျရာနေရာမှ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းတာဝန်ယူ ပါဝင်ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးပါကြောင်း။

× × ×




# အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်အောင် ဘာတွေလုပ်ရမလဲ

|သန်းဇော်|

**SME လုပ်ငန်းများ၏ အနေအထား**

အသေးစား၊ အလတ်စားလုပ်ငန်းများ(SMEs)သည် စီးပွားရေးနှင့် လူမှုရေးကဏ္ဍ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး ၄င်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

**SME လုပ်ငန်းများတွင် တွေ့ကြုံရသောအခက်အခဲများ**

(၁) **ထုတ်လုပ်မှုစွမ်းအားစုအကန့်အသတ်ရှိခြင်း**-တည်ငြိမ်မှုရှိသော အရင်းအနှီးလျာထားမှု၊ အရည်အသွေးကောင်း ကုန်ကြမ်းရရှိမှုနှင့် ခေတ်မီနည်းပညာများရရှိမှုတို့တွင် အကန့်အသတ်ရှိနေပါသည်။

(၂) **ကုန်ထုတ်စွမ်းအားနိမ့်ကျခြင်း**-အလုပ်သမားတစ်ဦး၏ ကုန်ထုတ်စွမ်းအားသည် အငယ်စားနှင့် အသေးစားလုပ်ငန်းများတွင် နိမ့်ကျလျက် ရှိပါသည်။

(၃) **အရည်အချင်းရှိသော အလုပ်သမားများ မရှိခြင်း** - မန်နေဂျာနှင့် အလုပ်သမား အနည်းငယ်ကသာ အတန်းပညာမြင့်မားပြီး ၎င်းတို့သည်လည်း နည်းပညာအသစ်များကို လိုက်နာကျင့်သုံးရန် အရည်အသွေးမပြည့်ဝခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းသစ်များ မရှိခြင်းနှင့် စွန့်စားလုပ်ကိုင်သည့် အတွေ့အကြုံများရရှိရန် လက်တွေ့ကျသော စဉ်းစားတွေးခေါ်မှုများမရှိခြင်းတို့ဖြစ်ပါသည်။

(၄) **ခိုင်မာသောစီးပွားရေး ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် စီးပွားရေးစနစ်နှင့် အဖွဲ့အစည်းများ မရှိခြင်း**-SMEလုပ်ငန်းများတိုးတက်မှုကို အားပေးသည့် ဥပဒေနှင့် စာရင်းကိုင်နည်းစနစ်တို့ကို စတင်၍ တည်ထောင်နေပြီ ဖြစ်သော်လည်း ဤစနစ်များကို စီမံဆောင်ရွက်မည့် အစိုးရနှင့်ဥပဒေပြုရေး အဖွဲ့အစည်းများ လုံလောက်မှုမရှိခြင်းနှင့် SMEလုပ်ငန်းများ၏ဦးဆောင်သူများသည် ဖွဲ့စည်းအုပ်ချုပ်ပုံကို အခြေခံသည့် အစိုးရစနစ်ကိုလည်း ပြည့်ပြည့်စုံစုံ နားလည်ခြင်းမရှိသေးပါ။ ထိရောက်သော စာရင်းကိုင်စနစ်ကို ဖန်တီးရန် မန်နေဂျာများ လုံလောက်မှုမရှိခြင်းနှင့် အခွန်ဆောင်ရန်လိုအပ်သည်ကို သိရှိမှုနည်းနေသေးပြီး အခွန်ရှောင်ခြင်းများလည်း အများအပြား ရှိနေပါသေးသည်။

(၅) **ဈေးကွက်စီးပွားရေးစနစ်သည်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘဲ သယ်ယူပို့ဆောင်ရေး စရိတ်များ မြင့်မားခြင်း** - ပို့ကုန်သွင်းကုန်လုပ်ငန်းများမှလွဲ၍ ဖြန့်ချိမှုလမ်းကြောင်းများမရှိခြင်း၊ အခြေခံအဆောက်အအုံအားနည်းခြင်း၊ ကုန်ပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက် ကွန်ရက်မရှိခြင်းနှင့် ကုန်တင်ကားများ၏တရားမဝင်ပေးဆောင်ရသော အခွန်များကြောင့် ကုန်ပစ္စည်း အနည်းငယ်ကိုသာ ဒေသတွင်းကုန်သွယ်မှု ပြုလုပ်နိုင်ပါသည်။

## SMEလုပ်ငန်းများဖွံ့ဖြိုးရေး

အသေးစားလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးကြီးသော မဟာဗျူဟာကျ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကို တိုးချဲ့ပေးမည့်အပြင် စီးပွားရေးတိုးတက်မှု၊ ဝင်ငွေ အညီအမျှခွဲဝေမှုနှင့် နိုင်ငံတော်လုံခြုံမှုတို့ကိုလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။

အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောအခြေအနေများမှာ အရင်းအနှီးအာမခံချက်၊ ယှဉ်ပြိုင်နိုင်မှု အားကောင်းစေခြင်း၊ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းမှု၊ သတင်းအချက်အလက်များရရှိမှု၊ အလတ်စားနှင့်အကြီးစားလုပ်ငန်းများနှင့် ပူးပေါင်း စပ်တူလုပ်ကိုင်မှုနှင့် ထောက်ခံချက်၊ လိုင်စင်နှင့် ချေးငွေအာမခံစနစ်များစသည်တို့ဖြစ်ပါသည်။

**အရင်းအနှီးရရှိစေရန်အတွက်** (၁) အရင်းအနှီးရရှိနိုင်သည့်နေရာများ တိုးချဲ့ရေး၊ (၂) အရင်းအနှီးရရှိနိုင်မည့်နေရာများကို အသေးစားလုပ်ငန်းများ ဝင်ရောက်နိုင်ရေးနှင့် (၃)အရင်းအနှီးရယူရာတွင် လုပ်ဆောင်ရသောလုပ်ငန်းစဉ်များ ရိုးရှင်းလွယ်ကူမှုရှိရေးတို့အတွက် လိုအပ်ချက်ကိုပြုစုရပါသည်။

**အသေးစားလုပ်ငန်းများ၏ ယှဉ်ပြိုင်စွမ်းအားတိုးလာစေရန်အတွက်** (၁) သမဝါယမ အသင်းအဖွဲ့များ၊ လုပ်ငန်းအဖွဲ့ကြီးများနှင့် အသင်းအဖွဲ့ကြီးများ၏ စေ့စပ်ဆွေးနွေးသည့် စွမ်းရည်များ တိုးတက်စေရန်၊ (၂) အသေးစားလုပ်ငန်းများ၏ အမြတ်ရရှိမှုကို ကန့်သတ်ထားသည့် တစ်ဦးချုပ်စနစ်မရှိသည့် မျှတသောဈေးကွက် ဖြစ်ပေါ်လာစေရေး၊ (၃) အသေးစားလုပ်ငန်းများအတွက် အတားအဆီးဖြစ်စေနိုင်သော တစ်ဦးချုပ်ဈေးကွက် ထူထောင်မှုကို တားဆီးရေးနှင့် (၄) အသေးစားလုပ်ငန်းများအပေါ် အလတ်စားနှင့်အကြီးစားလုပ်ငန်းများမှ ဖိအားပေးမှုများကို ကာကွယ်တားဆီးရေးတို့ ပါရှိသည်။ အသေးစားလုပ်ငန်းများအတွက် အထူးလိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်၊ ရေကြောင်းသွားလာရေး၊ အထူးစီးပွားရေးဇုန်များ၊ ဈေးကွက်အစရှိသည်တို့ကို ထိန်းသိမ်းခြင်းနှင့် ဆက်စပ်နေသော စရိတ်များကိုလည်း လျှော့ချသင့်ပါသည်။

**သတင်းအချက်အလက်များရရှိမှု**နှင့်ပတ်သက်၍ ဘဏ်နှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် စီးပွားရေးသတင်းများကို ဖြန့်ဝေပေးရပါသည်။

**လိုင်စင်ထုတ်ပေးရာတွင်** (၁) one-stop စနစ်ဖြင့် ထောက်ခံချက်ပြုလုပ်သည့် လုပ်ငန်းစဉ်အား ရိုးရှင်းလွယ်ကူစေခြင်းနှင့် လိုင်စင်အရေအတွက်များကို လျှော့ချခြင်းနှင့်

(၂) လိုင်စင်ရယူရာတွင် အခြေအနေများ ကောင်းမွန်လာခြင်း (ကုန်ကျစရိတ်လျှော့ချပေးခြင်း)တို့ပါဝင်သည်။

**စီးပွားရေးလုပ်ကိုင်နိုင်မည့် အနေအထားများအား ကောင်းစေရန်အတွက်** (၁) ဈေးများ၊ ဈေးဝယ်စင်တာကြီးများ၊ စက်မှုလုပ်ငန်းစုကြီးများ၊ လယ်ယာစိုက်ပျိုးနိုင်သည့် မြေများ၊ သတ္တုတွင်းများနှင့် အခြားသောနေရာများကို သတ်မှတ်ပေးခြင်း၊ အများပြည်သူပိုင်နေရာများတွင် ဆိုင်ခန်းငယ်များ ထူထောင်ခြင်း၊ (၂) ယဉ်ကျေးမှုဆိုင်ရာအမြင်အနေဖြင့် အရေးကြီးသောလုပ်ငန်းများကို ကာကွယ်ပေးခြင်း၊ (၃) အသေးစားလုပ်ငန်းများမှ ကုန်ပစ္စည်းများကို ဦးစားပေးအသုံးပြုခြင်း၊ (၄) အများပြည်သူနှင့် ဆိုင်သောလုပ်ငန်းများတွင် အသေးစားလုပ်ငန်းများမှ ကုန်စည်နှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းနှင့် (၅) ဥပဒေရေးရာများနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးနိုင်မှုများကို ထားရှိပေးခြင်းတို့ပါရှိသည်။

ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်၊ ဈေးကွက်ပျိုးထောင်မှု၊ ဝန်ထမ်းများကို လေ့ကျင့်ပေးမှု၊ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော နည်းပညာ အစရှိသည်တို့တွင် တိုးတက်လာခြင်းမှ ဖွံ့ဖြိုးမှုရရှိနိုင်သည်။

**ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ် တိုးတက်စေရန်အတွက်** (၁) စီမံခန့်ခွဲမှုများတိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို မြှင့်တင်ရန်လိုအပ်သည်။ (၂) စီးပွားရေးလုပ်ငန်း တစ်ခုဆောင်ရွက်နိုင်သည့် စွမ်းရည်နှင့် စီမံကိန်းရှိရမည် ဖြစ်သည်။ (၃) အခြေခံအဆောက်အအုံများကို ထိန်းသိမ်းရမည်ဖြစ်သည်။

**ဈေးကွက်ပျိုးထောင်မှုအတွက်** (၁) ဈေးကွက်လေ့လာမှုစစ်တမ်းကောက်ယူခြင်း၊ (၂) ဈေးကွက်ကို ပျိုးထောင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ခြင်း၊ (၃) ဈေးကွက်ကို ပျိုးထောင်မှုအတွက် လိုအပ်သောနမူနာပစ္စည်းများကို ခင်းကျင်းပြသနိုင်မည့် နေရာများ သတ်မှတ်ပေးခြင်း၊ (၄) ဈေးကွက်ပျိုးထောင်မှု၊ ဖြန့်ချိမှုနှင့်ပတ်သက်သည့် စစ်ဆေးသည့်နေရာများကိုဆောက်လုပ်ပေးခြင်းနှင့် (၅) အသေးစားလုပ်ငန်းများမှ ကုန်ပစ္စည်းများရောင်းချမှုကို အားပေးခြင်းတို့ပါဝင်ပါသည်။

**ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက်** (၁) စီးပွားရေးစွမ်းဆောင်ရှင်စိတ်ဓာတ်မျိုးကို မွေးမြူပေးခြင်း၊ (၂) နည်းပညာနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်စေခြင်း၊ (၃) လေ့ကျင့်သင်ယူမှုများပြုလုပ်နိုင်ရန်အတွက် အဖွဲ့အစည်းများ ထူထောင်ခြင်းနှင့် (၄) အသေးစားလုပ်ငန်းများအတွက် ခေါင်းဆောင်မှုနှင့်တိုင်ပင်ပေးနိုင်မှု အရည်အသွေးများကို ပျိုးထောင်ပေးခြင်းတို့ပါဝင်ပါသည်။

**နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက်** (၁) နည်းပညာတိုးတက်စေခြင်း၊ (၂) ဒီဇိုင်းရေးဆွဲနိုင်မှုနှင့် နည်းပညာအသစ်များ တီထွင်နိုင်မှု အရည်အသွေးများကို ဖော်ထုတ်ခြင်း၊ (၃) နည်းပညာ အသစ်များဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် မက်လုံးများပေးထားခြင်း၊ (၄) နည်းပညာ လွှဲပြောင်းပေးခြင်းနှင့် (၅) နည်းပညာသစ်များနှင့် ဒီဇိုင်းများကို လေ့လာနိုင်ရန်အတွက် စင်တာများ ထူထောင်ခြင်းတို့ ပါဝင်ပါသည်။

**ချေးငွေနှင့် အရင်းအနှီးအာမခံများ ရယူမှုတို့အတွက်** ဘဏ်ချေးငွေ၊ ဘဏ်မှမဟုတ်သော ချေးငွေ၊ လုပ်ငန်းအရင်းအနှီး၊ ပြည်နယ်ရန်ပုံငွေ၊ ထောက်ပံ့ကြေးများနှင့် အခြားသော ရန်ပုံငွေများ ပါဝင်ပါသည်။

**အသေးစားလုပ်ငန်းများ၏ အရင်းအနှီးအခွင့်အလမ်းများ တိုးတက်ရရှိစေမှုအတွက်** (၁) မိမိကိုယ်ပိုင်ငွေဖြင့် ထူထောင်နိုင်မှုအားကောင်းစေခြင်း၊ (၂) မိမိကိုယ်ကို ချင့်ချိန်ဆုံးဖြတ်နိုင်သော စွမ်းရည်တိုးတက်စေရေး၊ (၃) စာရင်းကိုင်စွမ်းရည် အားကောင်းစေရေးနှင့် (၄) ချေးငွေအာမခံ အဖွဲ့အစည်းများ ထူထောင်နိုင်ရေးတို့ ပါဝင်ပါသည်။

**အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်** အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို တာဝန်ယူဆောင်ရွက်ခြင်း၊ မူဝါဒများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့သည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း တင်ပြလိုက်ပါသည်။

# ပန်းပွဲတော်မှသည် ဈေးကွက်ဆီသို့

|ဒေါက်တာညီ|



**နိဒါန်း**

တကယ်တော့ ဒီဆောင်းပါးကို ရေးချင်နေခဲ့တာ ၂ နှစ်လောက်ကြာပါပြီ။ ကမ္ဘာမှာ သဘာဝအရင်းအမြစ်မရှိဘဲ ချမ်းသာကြွယ်ဝအောင် ပုံဖော်တည်ဆောက်နိုင်ခဲ့ကြတဲ့ နိုင်ငံတွေ အများအပြားပေါ်ပေါက်လာခဲ့တာ စာရေးသူတို့နှင့် အနီးဆုံးနိုင်ငံတွေလည်းအပါအဝင်ပါ။ ဒါ့အပြင် လူဦးရေကမ္ဘာ့အများဆုံးဖြစ်ပေမဲ့ လုံလောက်အောင်ကျွေးမွေးထားနိုင်ရုံမက နိုင်ငံတွင်း ပြည်နယ်တွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်တဲ့ နိုင်ငံတွေကလည်း စာရေးသူတို့နိုင်ငံနှင့် ကပ်ရပ်တည်ရှိနေပါတယ်။ ပထဝီဝင်အနေအထားအရ အချက်အချာကျတဲ့ စာရေးသူတို့ နိုင်ငံအနေနှင့် မဟာဗျူဟာမြောက်အနေအထားတစ်ခုတည်းနှင့် ကျေနပ်နေဖို့ထက် ကိုယ့်နိုင်ငံ သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းပြီး နိုင်ငံအကျိုးစီးပွားကို တိုးတက်အောင် ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတာကို ချပြဆွေးနွေးလိုတာပါ။ အခြားနိုင်ငံတွေ လှမ်းနေတဲ့ ခြေလှမ်းတွေကို အတုယူ၊ စုတုပြုလုပ်သင့်တဲ့အခါမှာလည်း လုပ်ကိုင် ဆောင်ရွက်ကြရမှာပါ။ တကယ်တော့ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲမှာ ပါနေပေမဲ့လည်း ရှက်စရာတော့မဟုတ်ပါဘူး။ အခြားနိုင်ငံတွေကမရနိုင်တဲ့ ဖွံ့ဖြိုးပြီး နိုင်ငံတွေကပေးနေတဲ့ ပို့ကုန်အခွန်လွတ် တင်သွင်းခွင့်တွေက နိုင်ငံ့စီးပွားရေးကို အများကြီး အထောက်အကူပြုနေနိုင်တာပါပဲ။ စာရေးသူအနေဖြင့် ဒီဆောင်းပါးကို ရေးသားရတဲ့ရည်ရွယ်ချက်ကတော့ အတုယူစရာကောင်းတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ လုပ်ကိုင်ပုံအချို့ကို အားကျအတုယူပြီး မြန်မာ့စီးပွားရေးကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုပေးစေလိုတဲ့အတွက် ချပြဆွေးနွေးရခြင်းဖြစ်ပါတယ်။

**လူတိုင်းကြိုက်တဲ့ သဘာဝအလှတရား**

အလှအပတရားတွေကို ခံစားတတ်ဆုံးက စာရေးသူတို့ လူသားတွေပဲမို့လား။ အိမ်အတွင်း/အပြင် အလှဆင်မယ်၊ လူနေထိုင်လို့ကောင်းအောင် အလှဆင်ကြတယ်။ သဘာဝအလှအပတရားတွေကို ခံစားကြမယ်။ နည်းပညာသုံးတီထွင်ဆန်းသစ်မှုတွေကို ကောင်းကောင်းအသုံးချပြီး လှပတဲ့ ဝန်းကျင်ကို ဖန်တီးတည်ဆောက်ကြပါတယ်။ အိမ်အတွင်း/အပြင် အလှဆင်ကြတာ၊ မင်္ဂလာအခမ်းအနားများအပါအဝင် အခမ်းအနားတိုင်းမှာ အလှဆင်ကြတာလည်း

ခလေ့တစ်ခုအဖြစ် တည်ရှိနေပါပြီ။ အာရှသူတွေတင်မက ဥရောပနှင့် ကမ္ဘာတစ်လွှားက အမျိုးသမီးများအနေဖြင့် ပန်းကို မြတ်နိုးတန်ဖိုး ထားကြတာက ရှေးယခင်ကနေ ယခုကာလတွေအထိပါ။ လူသားတိုင်း ပန်းရောင်စုံ ပွင့်ဖူးနေတဲ့ အလှအပတရားတွေကို ကြည့်ရှုခံစားတတ်ကြတာ ချည်းပါ။ အထူးပြုဖန်တီးထားတဲ့ ပန်းတွေက ဈေးကွက်မှာ တန်ဖိုးကြီးကြီးနေရာယူထားကြပါပြီ။ သဘာဝအလှရဲ့ တာရှည်ခံနိုင်မှုကို နည်းပညာသုံးမပြုပြင်နိုင်ရင်တော့ ပန်းအတုတွေရဲ့ဈေးကွက်က ပိုမို ခိုင်မာနေအုံးမှာပါပဲ။ ဒါပေမဲ့ လူသားတွေက ပန်းအစစ် သဘာဝရဲ့ လှပမှုနှင့် ရနံ့ကိုတော့ ခုချိန်မှာ ပိုမိုတန်ဖိုးထားလာကြပါပြီ။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းမှာ ပန်းအလှဆင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေနှင့် ပန်းဈေးကွက်က ကျယ်ကျယ်ပြန့်ပြန့်ကို တည်ရှိနေတာပါ။ ဈေးကွက်မှာ ပန်းအလှဆင်သူတွေ အခမ်းအနားတွေမှာ ပန်းအစစ်နှင့် အလှဆင်တဲ့အခါ ရက်သတ္တပတ်လောက် ပန်းတွေအလှမပြတ် အထိုးခံအောင်၊ အမြဲရေဓာတ်ရအောင် ဓာတုနည်းနှင့် တီထွင်ထုတ်လုပ်ပြီး ရေဓာတ်ကို စဉ်ဆက်မပြတ်ရအောင် ထိန်းထားပေးတဲ့ပစ္စည်းတွေလည်း အမျိုးစုံထွက်ရှိနေပါပြီ။ စာရေးသူရဲ့ သူငယ်ချင်းတစ်ယောက်ကတော့ အပူပိုင်းဒေသတွေမှာ ခရမ်းချဉ်သီးပင်တွေကို ရေမလောင်းဘဲ အသီးအပွင့်တွေထွက်ရှိဖို့ ရေရှည်ခံဓာတုနည်းနှင့် ထုတ်လုပ်တဲ့ ဂျယ်တစ်မျိုးကို ထုတ်လုပ်ခဲ့ပြီး ပါရဂူဘွဲ့စာတမ်းရေးတင်ခဲ့တာပါ။ ဆိုလိုချင်တာကတော့ ပန်းအစစ်တွေတာရှည်ခံမည့် နည်းလမ်းတွေကိုလည်း သုတေသနပြုဆောင်ရွက်ကြရမှာပါ။ ထိုင်းနိုင်ငံဆိုရင် သစ်ခွတို့လို ပန်းမျိုးတွေနှင့် သစ်သီးတွေ အထားခံနိုင်ဖို့အတွက် ချူကလီးယားနည်းပညာသုံးပြီး လချီထိအောင် ပန်းတွေမညှိုးအောင် ဖန်တီးပေးနိုင်နေကြပါပြီ။

ဈေးကွက်ကို လေ့လာကြည့်လျှင်လည်း မြန်မာနိုင်ငံအတွင်း ဈေးကွက်မှာ ဝယ်လိုအားကိုကြည့်ရင် တာရှည်ခံတဲ့ ဂန္ဓမာပန်းတို့လို ပန်းမျိုးတွေက အများစု အကြိုက်များတာကို တွေ့ရမှာပါ။ တာရှည်ခံတဲ့ ပန်းအစစ်တွေကို လူအများစုက ပိုမိုနှစ်သက်ကြတာကို တွေ့ရမှာပါ။ ပန်းရောင်စုံကို တာရှည်လည်း ခံ၊ ရနံ့လည်းမပြယ်အောင် ထိန်းသိမ်းထားနိုင်ပြီး ရိုးတံအရှည်ကို လိုသလောက် ရယူနိုင်မည့်စိုက်ပျိုးနည်းပညာ၊ တာရှည်ထိန်းသိမ်းသည့် နည်းပညာ၊ စနစ်တကျထုပ်ပိုးမှုနည်းပညာနှင့် ဈေးကွက်ကျန်ပန်းတွေကို လူသားတွေ နှစ်သက်မည့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ပေးနိုင်မည်ဆိုပါလျှင် ဒေသတွင်း ပန်းဈေးကွက်တင်မက ပြည်ပဈေးကွက်ထိအောင် မြန်မာ့ပန်းမျိုးစိတ်တွေက နေရာယူလာကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒေသတွင်း ပန်းဈေးကွက် တစ်ခုနှင့်ပဲ လည်ပတ်နေတာမျိုးဖြစ်ပြီး တာရှည်ခံအောင်နှင့် နိုင်ငံတကာ ပို့နိုင်အောင် ပန်းလေလံပွဲမျိုး ပန်းအရောင်းပွဲမျိုးတွေ ကျင်းပတာမရှိသလောက် ဖြစ်နေတာကို တွေ့နေရပါတယ်။ မင်္ဂလာဆောင် ရာသီတွေမှာပဲ မင်္ဂလာခန်းမတွေမှာ ပန်းအစစ်တွေ အလှဆင်နေရာယူနေတာမျိုးနှင့် ဘွဲ့နှင်းသဘင်များ/အခမ်းအနားအချို့မှာသာ ပြင်ဆင်ချယ်သပြီး ပန်းအစစ်တွေ နေရာယူနိုင်ကြတာကို တွေ့ရပါတယ်။ မြန်မာ့အလှဆင်ပန်းတွေ ကမ္ဘာ့ဈေးကွက်ထဲကို အရောက်ပို့ဖို့နှင့် မြန်မာ့သဘာဝအလှအပတွေကို နိုင်ငံတကာက ပြည်သူတွေဆီအရောက်ပို့နိုင်အောင် ကြံ့စည်အားထုတ်သင့်တဲ့အချိန်အခါ ရောက်လာပြီ ဖြစ်ပါတယ်။

**ပန်းလေလံနှင့် ဈေးကွက်ရှာသည့် ယူနန်ပြည်နယ်၏ စီးပွားရေး**



ပုံ - ပန်းလေလံတင်ပွဲမြင်ကွင်း

ဖွံ့ဖြိုးပြီးနိုင်ငံတွေကို ပြန်ကြည့်တဲ့အခါ မြို့တော်တစ်ခုတည်း ဖွံ့ဖြိုးနေတာမျိုးမဟုတ်ဘဲ နိုင်ငံရဲ့ဒေသအစုံတစ်ပြေးညီနီးပါး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး

ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြို့နှင့် ကျေးလက်ကွာဟမှု အတော်လေးနည်းပါးကြပြီး လူ့အခွင့်အရေးလည်း တန်းတူရရှိကြတာကို တွေ့ကြရမှာပါ။ မြို့ပြလူဦးရေထက် ကျေးလက်ဒေသမှာ နေထိုင်တဲ့ လူဦးရေက ပိုမိုများပြားတာကိုတွေ့ရမှာပါ။ မြန်မာနိုင်ငံမှာတော့ စက်မှုဖွံ့ဖြိုးတဲ့ ရန်ကုန်နှင့် မန္တလေးလိုနေရာတွေမှာ အလုပ်အကိုင်ရှာဖွေဖို့ လာရောက်ကြတဲ့အတွက် လူဦးရေက မြို့တော်က လက်ခံနိုင်တယ်ဆိုတဲ့ အကြမ်းဖျင်းသတ်မှတ်ချက် လူဦးရေထက် သန်းနှင့်ချီ ကွာခြားနေတာကို တွေ့ရမှာပါ။ အဓိကဆိုလိုချင်တာက မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက် ကြီးမားလေလေ လူဦးရေ ထူထပ်မှုက မြို့ပြတွေမှာ ပိုမိုသိပ်သည်းလာမှာ ဖြစ်ပါတယ်။

စာရေးသူအနေဖြင့် ခေါင်းစဉ်မှာ ယူနန်ပြည်နယ်လို့ တပ်လိုက်တာနှင့် စာဖတ်သူတို့အဖို့ ရခိုင်ပြည်နယ် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်း/မိုင် ၁၂၀၀ ကျော်ထိစပ်နေတဲ့ တရုတ်ပြည်ဘက်က ယူနန်ပြည်နယ်ကို တစ်ခါတည်း ပြေးမြင်မိကြမှာပါ။ တရုတ်နိုင်ငံရဲ့ ကုန်းတွင်းပိတ်ပြည်နယ်တွေထဲက တစ်ခုဖြစ်ပြီး ပင်လယ်ထွက်ပေါက်မရှိတာကြောင့် တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲ့ ပထဝီဝင်အချက်အချာကျမှုကို အသုံးချဖို့ အသေအချာပြင်ဆင်ထားပြီး ခေတ်သစ်ပိုးလမ်းမစီမံကိန်းကို အကောင်အထည်ဖော်နိုင်အောင်လည်း အထူးတလည်ကြိုးပမ်းနေတဲ့ ကာလလည်းဖြစ်နေပါတယ်။ လက်ရှိအနေအထားအရ တရုတ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုက ကမ္ဘာ့နံပါတ် ၁ နေရာကို ရွေ့လာခဲ့ပြီလည်းဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ထိပ်ဆုံးက နိုင်ငံအဆင့်သာ ရှိနေသေးတာကို သတိပြုကြရမှာပါ။ တရုတ်နိုင်ငံအစိုးရက တစ်နိုင်ငံလုံး တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်ဖို့ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ပထမဆုံး နိုင်ငံသားတွေ စားဝတ်နေရေးဖူလုံအောင် စိုက်ပျိုးမွေးမြူရေးစနစ်ကောင်းတွေကို ထူထောင်ပြီး အခြားနိုင်ငံကို မှီခိုအားထားရတဲ့ အလေ့အကျင့်တွေကို လျှော့ချတဲ့ မူဝါဒကို အကောင်အထည်ဖော်ကာ လက်တွေ့လည်း အမှန်တကယ်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သဘာဝသယံဇာတတွေကိုနိုင်ငံတွင်းက အနည်းဆုံးထုတ်သုံးခဲ့ပြီး နည်းပညာနှင့် ချို့ကလီးယားတွေကို နိုင်ငံတကာ ရှေ့ရောက်အောင် လုပ်ဆောင်နိုင်ခဲ့တာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံရဲ့ ပန်းစိုက်တောင်သူတွေရော၊ အခြားသီးနှံစိုက်တောင်သူများအတွက်ပါ ခေတ်မီတဲ့ စက်ကိရိယာများအပြင် အဆင့်မြင့်မျိုးစေ့များကိုပါ တစ်ပါတည်း ဖြန့်ဝေပေးခဲ့ပြီး စဉ်ဆက်မပြတ် သုတေသန လုပ်ငန်းများကို ဘက်စုံထောင့်စုံကနေကြိုးပမ်းနေခဲ့လို့သာ ယနေ့ အချိန်မှာ ထိပ်ဆုံးကို ချီတက်လာခဲ့ကြတာပါ။ သန်းထောင်ချီနေတဲ့ လူဦးရေအတွက် စားဝတ်နေရေးဖူလုံဖို့၊ စီမံကိန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ စီမံချက်တွေကလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စွမ်းလည်း ရှိပါတယ်။ ယူနန်ပြည်နယ်လို ပြည်နယ်တိုင်းမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်များကို အာဏာအပြည့်အဝပေး အုပ်ချုပ်စေပြီး ပြည်နယ်ဖွံ့ဖြိုးမှုအတွက် စနစ်တကျကွပ်ကဲအုပ်ချုပ်ကြပါ တယ်။ စာရေးသူလေ့လာရေးသွားခဲ့စဉ်က ထူးထူးခြားခြား ရောက်ရှိခဲ့ပြီး တမေ့တမော အံ့သြခဲ့တာကတော့ အထက်ပုံမှာ ဖော်ပြထားတဲ့ ပန်းလေလံပွဲပါပဲ။ နိုင်ငံတကာအထိ တရုတ်ပန်းစိုက်တောင်သူတွေက လွှမ်းမိုးနေနိုင်ပြီဆိုတာ မြင်ကြရမှာပါ။ အသက် ၂၀ ဝန်းကျင် လူငယ်လေးတွေက လေလံကုမ္ပဏီကို လာရောက် လေလံဆွဲကြပြီး ကနေဒါ၊ သြစတေးလျ၊ အမေရိကန်နိုင်ငံများနှင့် ပေကျင်းစသည့် မြို့ပြတွေကို ဝန်ဆောင်မှုလုပ်ငန်း တွေမှာအသုံးပြုဖို့ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားတဲ့ တာရှည်ခံပြီး လှပမွှေးကြိုင်တဲ့ပန်းမျိုးစုံကို တင်ပို့ရောင်းချကြတာပါ။ လေ့လာမိသမျှ ဖောက်သည်ချရရင်တော့ ဂန္ဓမာ ပန်းဆိုပါစို့။ ရိုးတံအရှည်ဘယ်လောက် ပွင့်ဖတ်အရွယ်ဘယ် လောက်စသည့် ဟိုတယ်သုံးအတွက်နှင့် အခြားဝန်ဆောင်မှုတွေမှာ အသုံးပြုနိုင်မည့်အမျိုးစုံ ပန်းရောင်စုံတွေကို ပုံမှာ မြင်ရတဲ့အတိုင်း ကနဦးထုပ်ပိုးပြင်ဆင်ကြပါတယ်။ လေလံပွဲအတွက် လေလံကုမ္ပဏီက လာရောက် လေလံဆွဲသူတွေအတွက် အလွယ်တကူ အသုံးပြုနိုင်ဖို့ ဂဏန်းတွက်စက်များ အပါအဝင် အဆင်သင့် ဂဏန်းဖော်ပြဖို့ ဆက်သွယ်ရေး စက်ကိရိယာများ အဆင်သင့်ထားရှိထားပါတယ်။ ပန်းတွေကို ပန်းစိုက်တောင်သူတွေက လာရောက် တင်သွင်းလာတဲ့အခါမှာ ပုံပါအတိုင်း လေလံပွဲစတင်တာနဲ့ ဆိုက်တွဲ ယာဉ်တွေနှင့်အသေအချာ

လှပအောင်ထုပ်ပိုးထားပြီးသား ပန်းအစည်းတွေကို မြင်သာအောင် အတွဲလိုက်ယူဆောင်ပြီး လေလံကွင်းထဲ ပတ်ပြမောင်းနှင်လာပါတယ်။ အကြမ်းဖျင်း ဈေးကို ဖော်ပြထုတ်ပြန်ထားခြင်းမရှိဘဲ တောင်သူများရဲ့ ခေါ်ဈေးကိုလျှို့ဝှက်ထားပြီး လေလံကုမ္ပဏီ၏ဝန်ဆောင်ခ ထပ်ပေါင်းထားတဲ့ အကြမ်းဖျင်းဈေးကို သတ်မှတ်ထား တယ်လို့ဆိုပါတယ်။ လေလံဆွဲသူတွေက ပန်းအရည်အသွေးတွေရဲ့ ကြေညာချက်တွေ နားထောင်ပြီး အမြင်နှင့် ဆုံးဖြတ်ပြီး ပေးဈေးကို အပြိုင်အဆိုင် တင်ကြပါတယ်။ ထူးခြားတာကတော့ ပေးတဲ့လေလံတင်ဈေးတွေထဲက အကြမ်းဖျင်း သတ်မှတ်ဈေးအောက်လည်း မရောက်တဲ့ လေလံတင်ငွေပမာဏတွေထဲက အနည်းဆုံးကို လေလံ အောင်သူအဖြစ် ကြေညာပြီး ပန်းကားတွေကို တစ်ခုပြီးတစ်ခု ဆက်တိုက် ဆောင်ရွက်ကြတာမျိုးပါ။

ဒါဆို သတ်မှတ်စံနှုန်းနှင့်မကိုက်ညီတဲ့ပန်းတွေကိုပန်းစိုက်တောင်သူတွေ အလေအလွင့်မဖြစ်အောင် လုပ်ဆောင်ပုံကို စိတ်ဝင်တစား မေးကြည့်မိတဲ့အခါ ဒေသတွင်းဈေးကွက်နှင့် ပန်းလက်ဖက်ခြောက်လုပ်တဲ့စက်ရုံတွေ၊ ဒေသ လက်ဖက်ခြောက်လုပ်သူတွေထံ ပေးပို့ကြရတာမို့ ပြည်တွင်းငွေနှင့် နိုင်ငံခြား ငွေတွေကိုပါ ရရှိကြပါတယ်။ စာရေးသူအနေဖြင့် လက်ဖက်ခြောက် ရောင်းချ တဲ့ဈေးကို ရောက်ရှိလေ့လာတဲ့အခါ မြန်မာပြည်အထိ ခေတ်စားနေတဲ့ စံပယ်ပန်းလက်ဖက်ခြောက်၊ နှင်းဆီလက်ဖက်ခြောက်၊ ဂန္ဓမာလက်ဖက်ခြောက် စသည့် မျိုးစုံကို အလွတ်ရောင်းချပြီး ထုပ်ပိုးမှုအတွက် သာမန်နှင့် ရိုးရိုးအပြင် နိုင်ငံတကာပို့သည့် လှပသောဘူးတွေကို ကိုယ်တိုင်ဝယ်ယူထုပ်ပိုးကြရတာကိုလည်း တွေ့ရပါတယ်။ ကြီးမားတဲ့ ပြည်တွင်း/ပြည်ပ ပန်းလက်ဖက်ခြောက် ဈေးကွက်ကြီးကို ဖန်တီးပေးထားတာကိုလည်းတွေ့ရှိရပါတယ်။ ပန်းစိုက်တောင်သူတွေကိုလည်း နိုင်ငံတကာပို့မည့် ပန်းမျိုးစေ့ဖြန့်ဝေခြင်း၊ စက်ကိရိယာများကူညီခြင်းနှင့် နည်းပညာများ ဖြန့်ဝေခြင်း/ အသိပညာပေးခြင်းများ ပြုလုပ်ထားပြီးဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ အစိုးရအနေဖြင့် လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေကို ပန်းလေလံကုမ္ပဏီတွေနဲ့ ပူးပေါင်းလုပ်ဆောင် ပေးတဲ့အတွက် အောင်မြင်တဲ့ ပန်းဈေးကွက်နှင့် လက်ဖက်ခြောက်ဈေးကွက်ကို နိုင်ငံတကာအထိ ထိုးဖောက်နိုင်တာကို တွေ့ရပါတယ်။ စာရေးသူတို့နိုင်ငံ မှာရော ပန်းထွက်တဲ့ဒေသများ၊ လက်ဖက်ခြောက်ကောင်းကောင်းထွက်တဲ့ ဒေသတွေ အများအပြားရှိနေပါတယ်။ ဒါ့အပြင် သဘာဝတရားရဲ့ ကောင်းချီးပေးတဲ့ နေရာဒေသအသီးသီးကို ပိုင်ဆိုင်ထားကြတယ် မဟုတ်လား။

## အကြံပြုချက်နှင့်နိဂုံး

အထက်မှာ စာရေးသူတင်ပြခဲ့တဲ့အတိုင်း ဖွံ့ဖြိုးဖို့ မဖြစ်နိုင်တဲ့ ယူနန်ပြည်နယ်လို နေရာမှာကျယ်ပြန့်တဲ့အခြေခံ စီးပွားရေးစနစ် ထူထောင်နိုင်ဖို့အတွက် တရုတ်အစိုးရရဲ့ ကြိုးပမ်းချက်တွေက ယခုအချိန်မှာ နိုင်ငံတိုင်းက အတုယူရလောက်အောင် စံအဖြစ် သတ်မှတ်ခံနေရပြီလည်းဖြစ်ပါတယ်။ စာရေးသူတို့ နိုင်ငံမှာရော နိုင်ငံတကာထိုးဖောက်နိုင်တဲ့ပန်းနှင့် ပန်းလက်ဖက်ခြောက်၊ ဒေသထွက်ကုန်လက်ဖက်ခြောက်နှင့် လက်ဖက်ရည်/ခေါင်းလျှော်ရည်တွေကို စနစ်တကျထုတ်လုပ်ထုပ်ပိုးပြီး ပြည်တွင်း/ပြည်ပဝင်ငွေ တိုးအောင် မလုပ်ကြတော့ဘူးလား။ ပန်းအလှပြရုံ၊ ခါတ်ပုံအလှရိုက်ရုံ၊ ပန်းအလှဆင်ရုံလောက်ဖြင့် ကျေနပ်နှစ်သိမ့်နေမှာလား။ ပန်းစိုက်နည်းပညာ၊ ပန်းဈေးကွက်၊ ပန်းသုတေသန၊ ပန်းစိုက်ကိရိယာ၊ ဖြတ်တောက်ကိရိယာ စသည် ဒေသကြိုက်ပန်း၊ နိုင်ငံတကာ ဈေးကွက်ဝင်ပန်း၊ အလှဆင်ပန်းတွေကို ဘယ်လိုအဆင့်မြင့်စိုက်ပျိုးကြမလဲ။ တာရှည်ခံအောင်၊ လှပအောင် ဘယ်လိုထုပ်ပိုးပြင်ဆင်ကြမလဲ။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်လို စနစ်တကျ ပန်းလေလံပွဲကို ကျင်းပကြမလား။ ကုမ္ပဏီတွေကို အကျိုးတူတွန်းအားပေးဖို့ နိုင်ငံတော်အစိုးရနှင့် ပန်းစိုက်တောင်သူတွေကို အပြုသဘောဆောင်ပြီး ဒီဆောင်းပါးလေးဖြင့် အသိပညာပေးဝေရင်း မြန်မာ့စီးပွားရေးဈေးကွက်မှာ ပန်းတစ်ခေတ်ဆန်းစေဖို့အတွက် ရည်ရွယ်ရေးသားလိုက်ရပါတယ်။ စာရေးသူအထူးတိုက်တွန်းလိုတာကတော့ ပန်းပွဲတော်လုပ်ဖို့ အလှစိုက်ရုံသတ်သတ်ဖြင့် ရောင့်ရဲမနေသင့်ကြတော့ဘဲ မြန်မာ့သဘာဝအလှတရားတွေကို ကမ္ဘာ့ဈေးကွက် အရောက်ပို့နိုင်ကြစေဖို့မျှော်လင့်ရင်း အဆုံးသတ်လိုက်ပါရစေ။

× × ×



# 2018 Myanmar Statistical Yearbook မှ ကိန်းဂဏန်းများကို ဖတ်ရှုခြင်း အပိုင်း (၂)

ဦးကျော် B.Econ (MS) DMA

၁။ ပညာရေး။ ။ငါးနှစ်ဆို ကျောင်းစထားတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ ကလေး ၅.၀၄ သန်းသည် မူလတန်းအဆင့်မှာ ပညာသင်ကြားနေကြသည်။ ကျောင်းသား/ ကျောင်းသူ ၂.၉၄ သန်းကတော့ အလယ်တန်းအဆင့်၊ ကျောင်းသား/ကျောင်းသူ ၁.၀၁ သန်းကတော့ အထက်တန်းအဆင့်မှာ ပညာသင်ကြားနေတာ တွေ့ရပါတယ်။ ဆရာ/ ကျောင်းသားအချိုးကို ကြည့်ပါက မူလတန်းဆရာတစ်ဦးသည် ကျောင်းသား/ကျောင်းသူ (၂၀) ဦး၊ အလယ်တန်းဆရာတစ်ဦးသည် ကျောင်းသား/ ကျောင်းသူ (၃၆) ဦးနှင့် အထက်တန်းဆရာတစ်ဦးသည် ကျောင်းသား/ကျောင်းသူ (၂၇) ဦးကို တာဝန်ယူနေရတယ်။

၂။ မိဘများက ကလေးမူကြိုပြီးတာနဲ့ ငါးနှစ်မှာ ကျောင်းပို့တယ်ဆိုတာ အစဉ်အလာ တာဝန်ဝတ္တရားလို့ ပြောနိုင်ပါတယ်။ မူလတန်းကနေ အလယ်တန်းရောက်တော့ ကျောင်းသား/ ကျောင်းသူ (၃) သန်းလောက် လျော့သွားတယ်။ အလယ်တန်းကနေ အထက်တန်းရောက်သွားတော့ ကျောင်းသား/ကျောင်းသူ (၂) သန်းလောက် ထပ်လျော့သွားပြန်တယ်။ ဘာကြောင့်လဲဆိုတော့ မိဘစီးပွားရေးအခြေအနေအရ မူလတန်းပြီးတာနဲ့ အလယ်တန်းကို ဆက်မထားနိုင်တော့ပါ။ မိသားစုဝင်ငွေရအောင် အလုပ်လုပ်ကြရတော့တယ်။ မိဘအဆင်ပြေလို့ အလယ်တန်း ဆက်ထားနိုင်ပြန်တော့လည်း အထက်တန်းအဆင့် ဆက်တက်နိုင်ဖို့က မိဘ

စီးပွားရေးနဲ့ ကလေးတွေရဲ့ ပညာအခြေခံ ရှိ၊ မရှိနဲ့ ဆိုင်သွားတယ်။ အလယ်တန်းအဆင့်မှာ မိဘများက စနစ်တကျ အာရုံစိုက်သင်ပေးမှသာ ကလေး များပညာရေး အခြေခံကောင်းမှာဖြစ်တယ်။ မိဘကလည်း သားသမီးပညာရေးလှည့်မကြည့်နိုင်တော့ ကလေးတွေ စာမတတ်ဘဲ အလယ်တန်းအဆင့်မှာပဲ ကျောင်းထွက်လိုက် ရတယ်။ ဂရုစိုက်နိုင်တဲ့ မိဘများကတော့ ကျူရှင်ကို ပုံစံ အမျိုးမျိုးနဲ့ ယူစေတော့ အလယ်တန်း အဆင့်တော့ ကျော်သွားပြန်တယ်။ အထက်တန်းအဆင့်ရောက်တော့ ကျူရှင်ကောင်းကောင်း ထားနိုင်သူနဲ့ အခြေခံကောင်းပြီး ပင်ကိုယ် တော်သူများကတော့ (၁၀) တန်းအထိ ရောက်လာကြတယ်။ (၁၀) တန်းအောင်ဖို့ကတော့ ကျောင်းသား/ ကျောင်းသူ ကိုယ်တိုင်ကြိုးစားမှု၊ မိဘအားပေးမှု၊ ကျူရှင်ကောင်းကောင်းထားနိုင်မှုပေါ် မူတည်ပြီး (၁၀) တန်းအောင် သွားကြတယ်။

၃။ ဆရာ/ကျောင်းသားအချိုးကတော့ မူလတန်း ဆရာ (၁) ဦးမှာ ကလေး (၂၀) ထိန်းတယ်ဆိုတယ်။ လက်တွေ့မှာ ကျေးရွာသို့ဆရာတွေ ရောက်မလာတာတွေရှိတော့ ဆရာတစ်ဦးက လက်တွေ့မှာ ကျောင်းသား (၂၀) မက ထိန်းနေရတယ်။ အလယ်တန်းဆရာ/ ကျောင်းသား အချိုးမှာ ဆရာတစ်ဦး ကျောင်းသား (၃၆) ဦးဆိုသော်လည်း လက်တွေ့မှာ ဆရာမလုံလောက်လို့ နေ့စားလရှင်းဆရာတွေတောင်ခန့်နေရတယ်။ အထက်တန်းမှာတော့ ဆရာတစ်ဦး၊ ကျောင်းသား (၂၇) ဦးဆိုရာမှာ ဆရာ့ရဲ့ကျွမ်းကျင်တဲ့ဘာသာနဲ့ သင်ကြားရတဲ့တာဝန်တွေမှာ မမျှမတနဲ့ မကိုက်ညီတာတွေ တွေ့ရတယ်။ ဒါကြောင့်လည်း ကိုယ်ပိုင်ကျူရှင်တွေ၊ ဝိုင်းတွေ၊ အထက်တန်းကျောင်းတွေ အများအပြားပေါ်လာတော့တာပါ။

၄။ ၂၀၁၇-၂၀၁၈ စာသင်နှစ်၊ ချင်းပြည်နယ်ရဲ့ ကျောင်း၊ ကျောင်းဆရာ/ကျောင်းသား အရေအတွက်ကို လေ့လာကြည့်ပါတယ်။

**ချင်းပြည်နယ်**

**(T5.01) ၂၀၁၇-၂၀၁၈ စာသင်နှစ်**

| စဉ် | အဆင့် | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|---|
| ၁။ | မူလတန်း | ၁၀၇၅ | ၆၄၂၉ | ၈၀၈၄၁ |
| ၂။ | အလယ်တန်း | ၁၅၅ | ၁၈၃၆ | ၄၀၂၅၆ |
| ၃။ | အထက်တန်း | ၅၇ | ၇၀၇ | ၁၁၆၅၉ |

ကျောင်းဆရာ/ကျောင်းသားအချိုးကိုကြည့်တော့ -

မူလတန်း - ၁၃

အလယ်တန်း - ၂၂

အထက်တန်း - ၁၇

ချင်းပြည်နယ်ရဲ့ ကျောင်းဆရာ/ကျောင်းသား အချိုးကို တစ်နိုင်ငံလုံး ကျောင်းဆရာ/ကျောင်းသား အချိုး ဖြစ်တဲ့ - မူလတန်း (၂၀) ဦး၊ အလယ်တန်း (၃၆) ဦးနှင့် အထက်တန်း (၂၇) ဦးတို့နှင့်ယှဉ်ကြည့်တော့ ချင်းပြည်နယ်မှာနည်းနေတာတွေ့ပါတယ်။ (၁၀) တန်းအောင်ချက်မှာ နည်းနေတာတွေ့ရမှာပါ။ ဆရာအရည်အသွေးကြောင့် ဖြစ်မယ်။

၅။ ၂၀၁၇-၂၀၁၈ စာသင်နှစ် ရန်ကုန်တိုင်း ရဲ့ ကျောင်း၊ ကျောင်းဆရာ/ကျောင်းသားအရေအတွက်ကို လေ့လာကြည့်ပါတယ်။

**ရန်ကုန်တိုင်း**

**(T5.01) ၂၀၁၇ -၂၀၁၈ စာသင်နှစ်**

| စဉ် | အဆင့် | ကျောင်း | ဆရာ | ကျောင်းသား |
|---|---|---|---|---|
| ၁။ | မူလတန်း | ၂၁၉၆ | ၁၈၆၃၇ | ၅၂၁၀၅၃ |
| ၂။ | အလယ်တန်း | ၃၀၉ | ၁၀၃၀၅ | ၃၆၄၉၇၈ |
| ၃။ | အထက်တန်း | ၂၄၄ | ၅၁၃၄ | ၁၄၄၂၈၄ |

ကျောင်းဆရာ/ကျောင်းသားအချိုးကိုကြည့်တော့ -

မူလတန်း - ၂၈
အလယ်တန်း - ၃၅
အထက်တန်း - ၂၈

တစ်နိုင်ငံလုံးကျောင်းဆရာ/ကျောင်းသားအချိုးနဲ့ရန်ကုန်တိုင်းရဲ့ ကျောင်းဆရာ/ကျောင်းသားအချိုးကို ယှဉ်ကြည့်တော့ ရန်ကုန်တိုင်းမှာ များနေတာတွေ့ပါတယ်။ ရန်ကုန်မှာ လူနေများတော့ ကျောင်းသားများတာပေါ့။ ဒါပေမဲ့ အောင်ချက်ကောင်းတယ်။ ဝိုင်းတွေ၊ ကျူရှင်တွေ၊ ကိုယ်ပိုင်ကျောင်းများနဲ့ အရည်အချင်းရှိ ဆရာများရှိနေလို့ ဖြစ်ပါတယ်။ ရန်ကုန်မှာရှိတဲ့ ဝိုင်းအရေအတွက်ကတော့ မသိနိုင်ဘူး။ မြို့နယ်အလိုက် မှတ်ပုံတင်ထားတဲ့ ကျူရှင်အရေအတွက်ကို သိနိုင်တယ်။ ၄င်းအပြင် ဆယ်တန်းအထက် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ၊ International School ကဲ့သို့ ကျောင်းတွေ၊ နိုင်ငံခြားတက္ကသိုလ်တွေကနေ Joint လုပ်ပြီး ဘွဲ့ပေးနေတဲ့ကျောင်းတွေ စသည်တို့ရဲ့ အချက်အလက်တွေသိနိုင်ရင် ပုဂ္ဂလိကပညာရေးကဏ္ဍ အောင်မြင်မှုနဲ့ ရှေ့အလားအလာကို ခန့်မှန်းနိုင်ပါတယ်။ သို့မှသာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကိစ္စတွေမှာ ပညာရေးရဲ့ အရေးပါမှုနဲ့ စီမံကိန်းများချမှတ်သွားနိုင်မှာ ဖြစ်ပါတယ်။

၆။ ပုဂ္ဂလိကကဏ္ဍရဲ့ ကျောင်း၊ ကျောင်းဆရာ၊ ကျောင်းသားအရေအတွက်ကို လေ့လာကြည့်တဲ့အခါမှာ-

**၂၀၁၇ - ၂၀၁၈**
**(ပုဂ္ဂလိက ကဏ္ဍ)**

**(T5.02)**

| စဉ် | ဒေသ | ကျောင်း | | | ဆရာ | | | ကျောင်းသား | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မူ | လယ် | ထက် | မူ | လယ် | ထက် | မူ | လယ် | ထက် |
| ၁။ | တစ်နိုင်ငံလုံး | ၇၉ | ၆၇ | ၅၈၄ | ၂၁၄၅ | ၂၉၄၄ | ၅၃၀၉ | ၄၄၄၇၂ | ၃၆၉၇၀ | ၉၇၇၄၁ |
| ၂။ | မန္တလေးတိုင်း | ၁၆ | ၁၉ | ၁၁၄ | ၇၅၃ | ၉၁၂ | ၁၂၇၄ | ၁၃၀၄၅ | ၁၁၆၁၃ | ၂၇၂၁၂ |
| ၃။ | ရန်ကုန်တိုင်း | ၃၂ | ၁၅ | ၁၄၁ | ၅၈၂ | ၇၇၅ | ၁၁၉၁ | ၁၆၈၅၄ | ၁၂၀၆၆ | ၁၉၃၅၀ |

အထက်တန်းအဆင့် ကျောင်းအရေအတွက်တွင် ရန်ကုန်တိုင်းကများသော်လည်း မန္တလေးတိုင်းနှင့် ကွာခြားမှုမများပေ။

**ကျောင်းဆရာ/ကျောင်းသားအချိုး (ပုဂ္ဂလိက)**

| စဉ် | ဒေသ | ကျောင်းသား/ဆရာ | | |
|---|---|---|---|---|
| | | မူ | လယ် | ထက် |
| ၁။ | တစ်နိုင်ငံလုံး | ၂၁ | ၁၃ | ၁၈ |
| ၂။ | မန္တလေးတိုင်း | ၁၇ | ၁၃ | ၂၁ |
| ၃။ | ရန်ကုန်တိုင်း | ၂၉ | ၁၆ | ၁၆ |

**တစ်နိုင်ငံလုံးကျောင်းသား/ဆရာအချိုး**

| ကဏ္ဍ | မူ | လယ် | ထက် |
|---|---|---|---|
| ပုဂ္ဂလိက (P) | ၂၁ | ၁၃ | ၁၈ |
| အစိုးရ (G) | ၂၀ | ၃၆ | ၂၇ |

အစိုးရကျောင်းများတွင် ဆရာ (၁) ဦး ကိုင်တွယ် ရသော ကျောင်းသားမှာ ပုဂ္ဂလိကကျောင်းများထက်များသည့်အတွက် အထက်ပါဇယားအရ ပုဂ္ဂလိကကျောင်းများ မှာ ဆရာအရေအတွက်များကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကကျောင်းများတွင် သင်ကြားရေးဆရာ၊ GUIDE ဆရာ စသည်တို့ကို ခန့်ထားဆောင်ရွက်သောကြောင့် ဖြစ်ပါသည်။ မူလတန်းအဆင့်တွင် ကွာခြားမှု များများမရှိပါ။ ပုဂ္ဂလိက ပညာရေးကဏ္ဍ၌ ကျောင်းဆရာအရေအတွက် များနေရခြင်းသည် နာမည်ကြီး ကျူရှင်ဆရာများသည် နာမည်ကြီးကျောင်းများတွင် လှည့်လည်သင်ကြားသောကြောင့် ဆရာအရေအတွက်တွင် ဖောင်းပွနိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍသင်ကြားရေးဝန်ထမ်းများတွင် ဆရာအရေအတွက်များပြီး ဆရာမအရေအတွက် နည်းနေပါသည်။ စာသင်ကောင်းသော နာမည်ကြီးသူများသည် ဆရာများဖြစ်ကြပါသည်။ နာမည်ကြီးကျူရှင်ဆရာမ အလွန်ရှားပါသည်။

၇။ အစိုးရကျောင်းများတွင် ဆရာမအရေ အတွက် အလွန်များနေပါသည်။ စာသင်ခြင်းအလုပ်သည် ဝါသနာပါမှအောင်မြင်သည်၊ စေတနာ၊ ဝါသနာပါတာခြင်း တူပြန်လျှင်လည်း ပါရမီအကျိုးပေးသူကပို၍ အောင်မြင်ပါသည်။ မြန်မာစာ ကျူရှင်လောကတွင် ဂုဏ်ထူးသိန်းနိုင်၊ မြန်မာစာဆရာဒိုးတို့သည် သင်ကြားရေးတွင် ပါရမီရှိသူများဖြစ်၍ နာမည်ကျော်ကြားလုပါသည်။ အစိုးရကျောင်းဆရာလစာ

သည် ရုံးဝန်ထမ်းလစာနှင့်တူနေပါသည်။ ပုဂ္ဂလိကကျောင်းဆရာလစာသည် ကုမ္ပဏီဝန်ထမ်းလစာနှင့်တူပါသည်။ ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းများ အောင်မြင်ကြပါသည်။

၈။ ပညာရေးလောကဆရာမ

**၂၀၁၇ - ၂၀၁၈**

**ပညာရေးလောကဆရာမများ အရေးပါမှု အချိုး (%)**

| ဆရာမ | မူလတန်း | အလယ်တန်း | အထက်တန်း |
|---|---|---|---|
| ကျောင်းအုပ်ဆရာမကြီး | ၆၃ | ၇၀ | ၆၄ |
| လက်ထောက်ဆရာမ | ၈၃ | ၉၀ | ၈၃ |

ကျောင်းအုပ်ဆရာမကြီးအချိုးမှာ အလယ်တန်းမှာ (၇၀%) ရှိပါတယ်။ မူလတန်း/ အထက်တန်းများ (၆၃.၅၀%) ခန့်ရှိပါတယ်။

လက်ထောက်ဆရာမအချိုးမှာ အလယ်တန်းမှာ (၉၀%) ရှိပါတယ်၊ မူလတန်းနှင့် အထက်တန်း မှာ (၈၃%) ရှိတာတွေ့ရပါတယ်။ မူလတန်းကျောင်းအုပ်အဆင့် ကျေးရွာများသို့ သွားရောက် နေထိုင်နိုင်သူ ၁၀၀ မှာ ဆရာမကြီး (၆၃) ယောက်ရှိပါတယ်လို့ ပြောနိုင်ပါတယ်။ အလယ်တန်းကျောင်းအုပ်အဆင့် ၁၀၀ တွင် ဆရာမကြီး (၇၀) ယောက်ရှိတော့ များပြားတာတွေ့ရပါတယ်။ ယေဘုယျအားဖြင့် ပညာရေးဝန်ထမ်း ကျောင်းအုပ်ဆရာမကြီးနဲ့ လက်ထောက်ဆရာမအချိုးအစားသည် (၇၅.၅၀%) ဖြစ်နေတာတွေ့ရပါတယ်။ ၁၀၀ မှာ ဆရာ (၂၅) နဲ့ ဆရာမ (၇၅) လို့ ပြောနိုင်ပါတယ်။ ဘာကြောင့် အမျိုးသားများ အစိုးရပညာရေးလောကသို့ မဝင်ပါသလဲ။

၉။ ကျောင်းဆရာ/ ဆရာမများ တာဝန်ထမ်းမှုအခြေအနေ

**၂၀၁၇ - ၂၀၁၈**

**လက်ထောက်ဆရာ/ ဆရာမများ**

**(T5.08)**

| | **မူလ** | **အလယ်** | **အထက်** |
|---|---|---|---|
| မြို့ပြ | ၂၃၅၁၇ | ၄၅၇၈၁ | ၁၇၁၇၀ |
| | (၁၄%) | (၃၂%) | (၄၃%) |
| ကျေးလက် | ၁၄၉၄၄၄ | ၉၉၄၄၈ | ၂၂၉၆၄ |
| | (၈၆%) | (၆၈%) | (၅၇%) |
| | ၁၇၂၉၆၁ | ၁၄၅၂၂၉ | ၄၀၁၃၄ |

- မူလတန်းကျောင်းအများစုက ကျေးလက်များတွင်ရှိ၍ ကျေးလက်တွင် တာဝန်ထမ်း ရသော ဆရာ/ဆရာမ ၈၆%ရှိနေခြင်းဖြစ်ပါတယ်။
- အထက်တန်းကျောင်းက မြို့နယ်/ နယ်ခွဲများအထိရှိတော့ မြို့ပြနဲ့ ကျေးလက်ကွာခြားမှု သိပ်မများတာတွေ့ရပါတယ်။



# အခွန် လွတ်ငြိမ်းသက်သာခွင့်

|စောနိုင် (အသုံးချဘောဂဗေဒ)|

## အာသာလပ်ဖ်ဖာအိုင်ဒီယာ

အာသာလပ်ဖ်ဖာ (Arthur Laffer)သည် ၁၉၈၀ ခုနှစ်ကာလများက အမေရိကန်စီးပွားရေး ပညာရှင်တစ်ယောက်ဖြစ်ပြီး အခွန်နှုန်းနှင့် အစိုးရ၏အခွန်ရငွေပမာဏ ဆက်စပ်မှုအယူအဆကို ဖော်ထုတ်ခဲ့သူဖြစ်သည်။ ၎င်း၏အယူအဆတွင် အခွန်အကောက်ပမာဏသည် အခွန်နှုန်းထား အပြောင်း အလဲကို တုံ့ပြန်သည်ဟု ဆိုထားသည်။

အခွန်နှုန်းထား လျှော့ချကောက်ခံခြင်းဖြင့် အစိုးရ၏အခွန်ပမာဏ တိုးမြင့်ရရှိစေသည်ဟူသော အချက်ကို အာသာလပ်ဖာက အခြေအနေသုံးရပ်ဖြင့် ရှင်းပြခဲ့ပေသည်။ ပထမအခြေအနေတွင် အခွန်နှုန်းသည် သင့်လျော်သည့် အခြေအနေထက် တဖြည်းဖြည်းပို၍မြင့်မားလာလေလေ အစိုးရ၏ အခွန်ရငွေပမာဏ လျော့နည်းလာလေလေ အခြေအနေမျိုးကို တွေ့ရှိမည်ဖြစ်ပြီး၊ ဒုတိယအခြေအနေသည် သင့်လျော်သည့်အခွန်နှုန်းထားအခြေအနေတွင် အခွန်ထမ်းဆောင်ရမည့်သူ အားလုံးနီးပါး အခွန်အပြည့်အဝ ပေးဆောင်နိုင်သည့်အနေအထားနှင့်အတူ အစိုးရ၏ အခွန်ရငွေပမာဏ အများဆုံး အခြေအနေကိုပြသနေသည်။ တတိယအခြေအနေမှာမူ အခွန်နှုန်းထားနိမ့်နေသည့် အနေအထားများတွင် အစိုးရ၏ အခွန်ရရှိငွေပမာဏ မြင့်မားလာနိုင်သည်ကို ဖော်ပြနေပေသည်။

**လပ်ဖ်ဖာမျဉ်းကွေး (Laffer Curve)**




ဆိုလိုသည်မှာ အစိုးရက အခွန်နှုန်းများ မြင့်မားစွာ သတ်မှတ်စည်းကြပ်ပါက အခွန်လုံးဝရှောင်သူများ၊ လျှော့၍ပေးဆောင်သူများကြောင့် အခွန်ရငွေပမာဏ ကျဆင်းသွားနိုင်ပြီး၊ နိုင်ငံသူနိုင်ငံသားများ သက်တောင့်သက်သာဖြင့် ပေးနိုင်စွမ်းရှိသည့် နှုန်းထားများဖြင့် ကောက်ခံပါက အခွန်ရငွေပမာဏ တိုးမြင့်စေမည့်အဓိပ္ပါယ်ဖြစ်သည်။

အခွန်နှုန်းထားနိမ့်ခြင်း၏ အကျိုးဆက်အားဖြင့် အခွန်ရငွေပမာဏ မြင့်မားလာပြီး၊ အခြားသော ကောင်းမွန်သည့် စီးပွားရေးအကျိုးဆက်များ ဖြစ်ထွန်းလာမည်ဟု ဆိုထားသည်။

အာသာလပ်ဖ်ဖာ၏ အယူအဆသည် ၁၉၇၀-၁၉၈၀ ခုနှစ် ကာလများအတွင်း အမေရိကန်တွင် လူကြိုက်များခဲ့သော အိုင်ဒီယာအယူအဆဖြစ်ပြီး သမ္မတရော်နယ်ရေဂင်ကိုယ်တိုင် ကျင့်သုံးခဲ့ဖူးသည်။ ထိုအချိန်က အမေရိကန်နိုင်ငံတွင်ကြုံတွေ့နေရသည့် နိုင်ငံစီးပွားရေးအကျပ်အတည်းမှလည်း ကျော်လွှားနိုင်ခဲ့သည်ဟု ဆိုခဲ့ကြသည်။ သို့သော် သမ္မတရေဂင် လက်ထက်အလွန်တွင် အမေရိကန်နိုင်ငံ၏ အမျိုးသားကြွေးမြီ ဝန်ထုပ်ဝန်ပိုး ကြီးမားသွားခဲ့သည်ဟုသုံးသပ်ချက်များလည်းရှိခဲ့သည်။ ထို့အတူ လပ်ဖ်ဖာ၏ အိုင်ဒီယာအယူအဆပေါ်တွင် အချေအတင် ပြောဆိုဆွေးနွေးမှုများဖြစ်ပေါ်ခဲ့ပြီး ထိုအယူအဆ မှန်ကန်ကြောင်းကို ယတိပြတ်ပြောရန်ခက်ခဲသော အခြေနေများ ဖြစ်ပေါ်ခဲ့သည်။ သုတေသီအချို့၏ လေ့လာတွေ့ရှိချက်များအရ အခွန်နှုန်းလျှော့ချတိုင်း အခွန်ပမာဏ တိုးမြင့်ရရှိမည်ဆိုသည့် အယူအဆမှာ ရှုထောင့်ပေါင်းစုံကို ထည့်သွင်းမစဉ်းစားထားပါက အမြဲတမ်းမှန်ကန်ရန်မှာ မဖြစ်နိုင်ဟု ကောက်ချက်ချနိုင်သည်။

## Tax Amnesty

Tax Amnesty ဟုခေါ်သည့် အခွန်လွတ်ငြိမ်းသက်သာခွင့်ဆိုသည်မှာ ယခင်ကာလများက အခွန်ထမ်းဆောင်မှုလုံးဝပျက်ကွက်ခဲ့သူများ၊ ထမ်းဆောင်ရမည့် အခွန်ပမာဏကိုလျှော့၍ ပေးဆောင်ခဲ့သူများကို ၄င်းတို့သင့်မည့်ပြစ်ဒဏ်များကို ရှောင်လွှဲစေပြီး ကာလတိုအချိန်ကာလ

---

အစိုးရက အခွန်နှုန်းများ မြင့်မားစွာ သတ်မှတ်စည်းကြပ်ပါက အခွန်လုံးဝရှောင်သူများ၊ လျှော့၍ပေးဆောင်သူများကြောင့် အခွန်ရငွေပမာဏ ကျဆင်းသွားနိုင်ပြီး၊ နိုင်ငံသူနိုင်ငံသားများ သက်တောင့်သက်သာဖြင့် ပေးနိုင်စွမ်းရှိသည့် နှုန်းထားများဖြင့် ကောက်ခံပါက . . .

---

တစ်ခုအတွင်း အထူးအခွန်နှုန်းထားသတ်မှတ်၍ အခွန်ပြန်လည်ပေးဆောင်စေခြင်း ဖြစ်သည်။ ရည်ရွယ်ချက်အားဖြင့် အခွန်ရှောင်ခဲ့သူများ၊ ပမာဏလျှော့ချပေးဆောင်ခဲ့သူများကို ပြန်လည်ပေးဆောင်နိုင်ရေး အားပေးရန်နှင့် အခွန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို လိုက်နာမှုအခြေအနေ မြင့်မားလာစေရန်ဖြစ်သည်။ အခွန်လွတ်ငြိမ်းချမ်းသာခွင့် နည်းလမ်းကို အစိုးရတစ်ရပ်၏ ဘဏ္ဍာရေးပေါ် လစီ အစိတ်အပိုင်းတစ်ရပ် အဖြစ်လည်းကောင်း၊ အစိုးရ၏ ရငွေမြင့်မားစေခြင်း၊ အခွန်လိုက်နာမှုအခြေအနေ တိုးတက်မှုရှိစေသည်ဟု ယုံကြည်မှုရှိသောကြောင့် လည်းကောင်း နိုင်ငံအချို့၏ အကောင်အထည်ဖော်ခဲ့မှုများ ရှိခဲ့သည်ကို တွေ့ရသော်လည်း ငွေကြေးခဝါချမှု ရှုထောင့်မှနေ၍ ငြင်းခုံဆွေးနွေးစရာများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။

အကောင်အထည်ဖော်ခဲ့သည့် အာရှနိုင်ငံအချို့မှာ အောင်မြင်မှုများမရရှိခဲ့ပေ။ သို့သော် ၎င်းတို့၏ အတွေ့အကြုံများမှဆင်ခြင်စရာ၊ သင်ခန်းစာယူစရာများ တွေ့ရသည်။ အချိန်ကာလရှည်ကြာသော အခွန်လွတ်ငြိမ်းချမ်းသာခွင့် (A long-term tax amnesty programme)သည် အခွန်ထမ်းပြည်သူများ၏ အစိုးရအပေါ် လေးစားမှုကို ထိခိုက်ပျက်စီးစေသည်၊မကြာခဏ အကောင်အထည်ဖော်သည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ် (Too frequent tax amnesty programme)သည်လည်း နိုင်ငံစီးပွားရေးကို ထိခိုက်မှုဖြစ်စေပြီး၊ နိုင်ငံသားတို့၏ အခွန်ထမ်းဆောင်မှု အကျင့်စရိုက်နှင့် ကျင့်ဝတ်များ ကိုယိုယွင်းပျက်စီးစေသည်။ အထူးသဖြင့် အခွန်စည်းမျဉ်းစည်းကမ်းများ လိုက်နာ၍




အခွန်အကောက်များကို ပုံမှန်ပေးဆောင်နေသည့် အခွန်ထမ်းပြည်သူများ၏ စိတ်ဓာတ်ကို ပျက်ပြားစေကာ တည်ရှိနေသော အခွန်စနစ်ကိုပါ ယိုယွင်းလာစေတတ်သည်၊ အခွန်လွတ်ငြိမ်းချမ်းသာခွင့်ကို မကြာခဏကျင့်သုံးရန်လိုအပ်လာပါက အခွန်ရှောင်သူများအတွက် အတတ်နိုင်ဆုံး ဖန်တီးပေးထားသည့် မက်လုံးများနှင့် အတူ နှုန်းတိုးခွန်နှုန်းထား (Progressive rate of tax) သတ်မှတ် ကျင့်သုံးရန် လို အပ်သည်ဟူသော သင်ခန်းစာများ ရယူနိုင်ပေသည်။

**အင်ဒိုနီးရှား အခွန်လွတ်ငြိမ်းသက်သာခွင့်**

အင်ဒိုနီးရှားနိုင်ငံသည် အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်ကို ၁၉၆၄ ခုနှစ်၊ ၁၉၈၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင်ပြုလုပ်ခဲ့ပြီး အားနည်းသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ ယခု ပြီးခဲ့သည့် အနီးဆုံးကာလ ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှား အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ(၂၀၁၆) အရ ထပ်မံအကောင်အထည်ဖော်သည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၇ ခုနှစ်၊ မတ်လအထိ အစီအစဉ်မှာ ၉ လ ကြာမြင့်ပြီး ထိုကာလကို သုံးလစီအပိုင်းသုံးပိုင်းသတ်မှတ်၍ အကောင်အထည်ဖော်ခဲ့သည်။ ရည်ရွယ်ချက်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အခွန်ရငွေတိုးမြှင့်ရန်၊ အနာဂတ်ကာလများ၌ အခွန်ဥပဒေများလိုက်နာမှု ပိုမိုမြင့်မားလာစေရန်၊ ငွေကြေးအရင်းအနှီး နိုင်ငံတွင်းသို့ ပြန်လည်ပို့ဆောင်နိုင်စေရန်၊ အနာဂတ် ကာလများတွင် အခွန်စနစ်သစ်ကို ပြောင်းလဲ ကျင့်သုံးနိုင်စေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဖြစ်သည်။ အင် ဒိုနီးရှားနိုင်ငံသည် ထို အစီအစဉ်နှင့်အတူ ပင်လယ်ရပ်ခြားရှိ ပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို အခွန်အာဏာပိုင်များ အလွယ်တကူသိရှိစေနိုင်သည့် Automatically Exchanging Tax Information အစီအစဉ်ကိုလည်း အခြားနိုင်ငံများနှင့် ဆောင်ရွက်ရန် စီမံထားပြီးဖြစ်သည်။

အစီအစဉ်၏ ပထမ (၃) လတာ၌ နိုင်ငံရပ်ခြားတွင် ပိုင်ဆိုင်မှုများရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ အများစု ပါဝင်ခဲ့ပြီး ဒုတိယအဆင့် ကာလတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင် ၇၀ ရာခိုင်နှုန်းပါဝင်လာခဲ့သည့်

အခြေအနေများရရှိခဲ့သည်။ အစီအစဉ်ကို အကောင်အထည်ဖော်သည့်ကာလအလွန်တွင် အိုအီးစီဒီအဖွဲ့ကြီးအပါအဝင်နိုင်ငံတကာက အင်ဒိုနီးရှား၏ အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်တွင် ပါဝင်သည့် အခွန်ထမ်းအရေအတွက် (Number of tax payer)အားဖြင့်လည်းကောင်း၊ ပိုင်ဆိုင်မှုကို ကြေညာသည့်အခြေအနေ (Asset Declaration)အားဖြင့်လည်းကောင်း အောင်မြင်မှုရခဲ့သည်ဟု သုံးသပ်ခဲ့သည်။ သို့သော် ယခင်ကာလ အခွန်ရှောင်ခဲ့သူများနှင့် ဘဏ္ဍာရေးပြစ်မှုကျူးလွန်ခဲ့သူများကို မမျှတသော ချီးမြှောက်မှုများ ပြုလုပ်သည်၊ ဥပဒေကို လိုက်နာလျက် အခွန်ပေးဆောင်သည့် ပြည်သူများအပေါ် မညီမမျှ ဆက်ဆံခဲ့သည်ဟူသော ဝေဖန်မှုများလည်း ပေါ်ထွက်လာခဲ့သည်။ လူဦးရေသန်း (၂၆၀) ဝန်းကျင်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံတွင် တရားဝင်မှတ်ပုံတင် အခွန်ထမ်း အရေအတွက်မှာ ၂၆ သန်းသာရှိသဖြင့် နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာ အခွန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများ အခွန်ဥပဒေ ပိုမိုလိုက်နာနိုင်ရေးနှင့် အခွန်ထမ်းဦးရေ ပိုမိုတိုးတက်လာစေရေးအတွက် အင်ဒိုနီးရှား လူ့အဖွဲ့အစည်းအတွင်း အခွန်အသိပညာပေးရေး အစီအစဉ်များစွာလုပ်ဆောင်ရန် လိုသေးသည်ဟု သုံးသပ်ကြသည်။ ကျင့်ဝတ်၊ ဘာသာရေးဆိုင်ရာနည်းလမ်းများ အသုံးပြု၍ အခွန်အကောက်များ ပိုမိုထမ်းဆောင်လာစေရန်လည်း အားထုတ်ရန် နည်းလမ်းရှာလျက်ရှိသည်။

## အာဘာလပ်ဖ်ဖာ၏ အိုင်ဒီယာလော၊ အခွန်လွတ်ငြိမ်းသက်သာခွင့်လော

မည်သို့ပင်အမည်တပ်သည်ဖြစ်စေ၊ မည်သည့်နည်းလမ်းကို အကောင်အထည်ဖော်သည်ဖြစ်စေ အခြေခံအယူအဆမှာ အခွန်နှုန်းလျှော့ချခြင်းဖြင့် အခွန်ပေးချင်စိတ်ပိုမိုဖြစ်လာစေရန် အားထုတ်ခြင်းဟု ယေဘုယျဆိုနိုင်သည်။ မည်သည့်နည်းကို ကျင့်သုံးသည်ဖြစ်စေ အောင်မြင်မှုရရှိစေရန်မှာ အစိုးရ၏ ဆင်ခြင်တုံတရားအားကောင်းမှုနှင့် နိုင်ငံသူနိုင်ငံသားတို့၏ ကိုယ့်ကျင့်တရား၊ ကျင့်ဝတ်နှင့်စာရိတ္တ အခြေအနေများပေါ်တွင် များစွာမူတည်နေသည်။ အစိုးရတစ်ရပ်အနေဖြင့် အစီအစဉ်ကို အကောင်ထည်မဖော်ခင် နိုင်ငံသားများ၏ အခွန်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု ပကတိအခြေအနေ၊ လိုက်နာမှုပိုမို အားကောင်းစေမည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအခြေအနေ၊ ဆွဲဆောင်နိုင်စွမ်းရှိမည့် မက်လုံး၊ ရည်ရွယ်ထားသည့် အခွန်ထမ်းအုပ်စုကို လွှမ်းခြုံနိုင်စွမ်းအခြေအနေ၊ အကောင်အထည်ဖော်မည့် အချိန်ကာလစီမံမှုတို့နှင့် မမျှော်မှန်းနိုင်သော သက်ရောက်မှုများကို ကြိုတင်လေ့လာ၍ ပြင်ဆင်လုပ်ဆောင်ထားနိုင်ပါရန် လိုအပ်ပေသည်။

## ပွဲမဝင်ခင် ကြိုပြင်နိုင်မှ

အထူးသဖြင့် ရည်ရွယ်ချက်ကို အထူးသတိပြုရမည်။ အခွန်နှုန်းလျှော့ချခြင်းသည် အခွန်ပမာဏ ပိုမိုရရှိစေရေးလော၊ တရားမဝင်အခွန်ရှောင်နေသူများထံမှ နိုင်ငံတော်မှအခွန်ငွေရရှိလာပြီး တရားဝင်ငွေများအဖြစ် စီးပွားရေးအဆောက်အအုံထဲ၌ လည်ပတ်စီးဆင်းစေချင်သောကြောင့်လော မည်သည့်ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်စေ ယခုနည်းလမ်းများသည် စီးပွားရေးအဆောက်အအုံထဲသို့ ငွေကြေးပမာဏများ ပိုမိုစီးဝင်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ဘဏ္ဍာရေး၊ စီးပွားရေးအခြေအနေများနှင့် တစ်နွယ်ငင် တစ်စင်ပါ အခြားအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားပြင်ဆင်ထားရန်လိုပါသည်။ တည်ဆဲဥပဒေဖြစ်သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် မကာကွယ်နိုင်သေးသည့် အမျိုးမျိုးသော ဥပဒေမဲ့ နည်းလမ်းဖြင့် ရရှိထားသော ငွေမဲများလည်း စီးပွားရေးအဆောက်အအုံထဲသို့ အခွန်နှုန်းလျှော့ဈေးချပေးချိန်တွင် ဝင်ရောက်လာနိုင်ပေသည်။ မြန်မာ့စီးပွားရေး လေးလံနေးကွေးနေသည်မှာလည်း အခွန်ဝန်ထုပ်ပိနေခြင်းဟူသည့် အကြောင်းရင်း တစ်ခုတည်းကြောင့် မဟုတ်၊ ကုန်ပစ္စည်းမျိုးစုံ၏ ပြည်တွင်းဈေးကွက်အများစု ထိုးဖောက်ခံနေရခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကြောင့်လည်းဖြစ်သည်ကို သတိပြုသင့်သည်။ ထို့ကြောင့် ယခုအချိန်တွင် အခွန်ပြန်လည်ထမ်းဆောင်ပြီး ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများသို့ ငွေကြေးအရင်းအနှီးများ အမှန်တကယ် စီးဝင်လာစေရေးအတွက်လည်း ယန္တရားတစ်ရပ် ပြင်ဆင်ထားပြီး ဖြစ်ခဲ့လျှင်။ ။

# သုတေသနဆိုင်ရာ
# သိမှတ်ဖွယ်အပိုင်းအစလေးများ

ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)

**Ad Hoc Survey နှင့် Syndicated Survey**

Ad Hoc Survey (Project)ဆိုသည်မှာ Research Agencyအနေဖြင့် Client (အလုပ်ရှင်) က မိမိအား တာဝန်ပေးသည့် Project ကိုသာ လက်ခံဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါ Project နှင့်သက်ဆိုင်သည့် အချက်အလက်များသည် Client ပိုင်ဖြစ်ခြင်းကြောင့် Research Agency အနေဖြင့် အဆိုပါ အချက်အလက်များကို Client ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူများကို မျှဝေ၍မရပါ။

Syndicated Survey (Project)ဆိုသည်မှာ Research Agency အနေဖြင့် မိမိကိုယ်ပိုင်ငွေကြေးစိုက်ထုတ်ပြီး ကိုယ်ပိုင် Project အဖြစ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါ Project နှင့်သက်ဆိုင်သည့် အချက်အလက်များသည် Research Agency ပိုင်ဖြစ်သဖြင့် Project ၏ ကုန်ကျစရိတ်ကာမိစေရန် (သို့) အကျိုးအမြတ်ရရှိစေရန် မိမိစိတ်တိုင်းကျ အခြားသူများကို မျှဝေနိုင်သည်။



သို့ပါ၍ Client များအနေဖြင့် Research Agency များမှမျှဝေသည့် အချက်အလက်များကိုသာ ဝယ်ယူမည်ဆိုပါက Project တစ်ခု အပ်နှံသည့်စရိတ်ထက် များစွာ သက်သာသည်သာမက အဆိုပါ အချက်အလက်များကို အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်ပါသည်။

## သို့သော် Client များအနေဖြင့် အဘယ့်ကြောင့် ငွေကြေးအကုန်အကျခံပြီး Project များအပ်နေကြပါသနည်း

အကြောင်းမှာ Research Agency များမှ ရောင်းချသည့် Project Report များတွင် Client လိုအပ်သည့် အချက်အလက်များ ပြည့်စုံစွာပါဝင်နိုင်မှု နည်းပါးခြင်းကြောင့် ယေဘုယျခြုံငုံ လေ့လာနိုင်ရန်အတွက်သာ Client များ အနေဖြင့် ဝယ်ယူကြခြင်းဖြစ်ပြီး၊ အဓိကအကြောင်း အရင်းတစ်ခုမှာ Research Agency များမှ မျှဝေသည့် Project Report များသည် မိမိပြိုင်ဘက်များလက်တွင်လည်း ရှိနေမည်မှာ မုချဧကန်ပင်ဖြစ်သည်။

ထို့ကြောင့် အဆိုပါယေဘုယျ အချက်အလက်များအပြင် Client များအနေဖြင့် မိမိသိလိုသည့် အသေးစိတ်အချက်အလက်များကို မိမိတစ်ဦးတည်းပိုင်ရန် (တစ်ဦးတည်းသိနိုင်ရန်) အတွက် ငွေကြေးအကုန်အကျခံပြီး Research Agency များထံ Project များ အပ်နေကြခြင်း ဖြစ်ပါသည်။

## Primary Data နှင့် Secondary Data

စီမံကိန်းအစီရင်ခံစာများ (Project Reports)၊ သုတေသနဆိုင်ရာကျမ်းစာများ (Thesis)၊ သုတေသနစာတမ်းများ (Research Papers)ရေးသားရန်အတွက် လိုအပ်သောအချက်အလက်များကို ဝဘ်ဆိုဒ်များ (Websites)၊ နှစ်ပတ်လည်စာရင်းအင်းစာစောင်များ (Statistical Year Books)၊ သတင်းစာဂျာနယ်များ၊ ပညာရေးဆိုင်ရာစာတမ်းများ (Academic papers)နှင့် အခြားသော ထုတ်ဝေထားသည့် အချက်အလက်များအပေါ် အခြေခံ၍ ရေးသားဆောင်ရွက်မည်ဆိုပါက အဆိုပါ Paper (သို့) Report သည် Secondary Data အပေါ်အခြေခံ၍ ရေးသားခြင်းဖြစ်သည်။ Secondary Data အပေါ်အခြေခံ၍ရေးသားမည်ဆိုပါက Source ဖော်ပြပေးရန် လိုအပ်မည်ဖြစ်ပါသည်။

သို့သော် Published ပြုလုပ်ထားသည့် အချက်အလက်များကို မှီငြမ်းခြင်းမပြုဘဲ စစ်တမ်း (Survey)တစ်ခုအဖြစ် ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပြီး ရရှိလာသည့်အချက်အလက်အပေါ် အခြေခံ၍ရေးသားဆောင်ရွက်မည်ဆိုပါက အဆိုပါ Paper (သို့) Report သည် Primary Data အပေါ်အခြေခံ၍ရေးသားခြင်းဖြစ်သည်။

Secondary Data များသည် များသောအားဖြင့် Seriesအလိုက် (နှစ်ကာလရှည်) ဖော်ပြထားခြင်း၊ အလွယ်တကူရရှိနိုင်ခြင်း၊ ကုန်ကျစရိတ်မရှိသလောက် နည်းပါးခြင်း စသည့်အကျိုးကျေးဇူးများရှိသည်ဖြစ်သော်လည်း Primary Dataကို ကောက်ယူနေကြခြင်းမှာ – ယေဘုယျအားဖြင့်

(၁) Published Data များသည် Update ဖြစ်မှုနည်းပါးခြင်း

(၂) မိမိဆန်းစစ်လေ့လာရန်လိုအပ်သည့် အချက်အလက်ပုံစံ (Data Format) အတိုင်းပြည့်စုံစွာ ရရှိနိုင်ရန်ခက်ခဲခြင်းများကြောင့် ဖြစ်သည်။

သို့သော် မည်သို့ပင်ဆိုစေကာမူ Primary Data ကို ကောက်ယူကြသော်လည်း လက်တွေ့တွင် Secondary Data ကိုလည်း လက်လွတ်၍မရသည့် အခြေအနေများလည်းရှိပါသည်။

Secondary Dataကို အသုံးပြုမည်ဆိုပါက Sampling Method မလိုအပ်သော်လည်း Primary Data ကို အသုံးပြုမည်ဆိုပါက Sample နှင့် Sampling Method တို့၏ သဘောသဘာဝကို သိရှိရန်လိုအပ်မည်ဖြစ်သည်။

## Close Type မေးခွန်းပုံစံနှင့် Open Type မေးခွန်းပုံစံ

Closed Type ဆိုသည်မှာ သက်ဆိုင်ရာမေးခွန်းအတွက် အဖြေများကိုသတ်မှတ်ပြီးဖြစ်သည့် မေးခွန်းပုံစံဖြစ်ပြီး၊ Open Type ဆိုသည်မှာ သက်ဆိုင်ရာမေးခွန်းအတွက် အဖြေများသတ်မှတ်ထားခြင်းမရှိသည့် မေးခွန်းပုံစံမျိုးဖြစ်သည်။

Closed Type တွင် သတ်မှတ်ပြီးဖြစ်သည့် Option (အဖြေ)များထဲမှ ဖြေဆိုသူဖြေကြားသည့် အချက်နှင့်ကိုက် ညီသည့် Option ကို မေးမြန်းသူမှ ရွေးချယ်

မှတ်သားရ ခြင်းဖြစ်ပြီး၊ Open Type တွင် သက်ဆိုင်ရာ မေးခွန်းအ တွက် ဖြေဆိုသူဖြေကြားသည့် စကားအတိုင်း မေးမြန်းသူမှ ရေးမှတ်ခြင်းဖြစ်သည်။ ဥပမာတင်ပြရမည် ဆိုပါက -

**Closed Type**

သင် ဘာ့ကြောင့်ကျောင်းဆက်မတက်ဖြစ်တာလဲ?

(၁) ပညာရေးစိတ်မဝင်စားသောကြောင့်

(၂) ကျန်းမာရေးမကောင်းသောကြောင့်

(၃) မိသားစုစီးပွားရေး အဆင်မပြေသောကြောင့်

(၄) ကျောင်းအလွန်ဝေးသောကြောင့် (သွားလာရခက်ခဲ)

(၅) အခြား

**Open Type**

**သင်ဘာ့ကြောင့် ကျောင်းဆက်မတက်ဖြစ်တာလဲ ?**

-----------------------------------

-----------------------------------

Closed Type၏ အားသာချက်သည် မေးခွန်းနှင့် သက်ဆိုင်သည့်အဖြေများကို ကြိုတင်သိရှိထားခြင်းဖြစ်သဖြင့် မေးခွန်းနှင့်မကိုက်ညီသည့် အဖြေများပါလာမှု အလွန်နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် မေးမြန်းသူအနေဖြင့် ဖြေဆိုသူ၏ဖြေဆိုချက်သည် ဖော်ပြထားသည့် Option(အဖြေ) နှင့်မကိုက်ညီသေးပါက သူ့အနေဖြင့် ဖြေဆိုသူအားဆက်လက်မေးမြန်းနေမည်ဖြစ်ပြီး ကိုက်ညီသည့် အခါ ရေးမှတ်လာမည်သာဖြစ်သည်။

သို့သော် Closed Type ၏ အားနည်းချက်တစ်ခုမှာ Option(အဖြေ) များကို ဘောင်ခတ်ထားသကဲ့သို့ ဖြစ်နေခြင်းကြောင့် မေးမြန်းသူအနေဖြင့် အဆိုပါသတ်မှတ်ထားသည့် Option (အဖြေ) များကိုသာ အဓိကမှတ်သားလာမည်ဖြစ်သဖြင့် Option(အဖြေ) အသစ်ထပ်ထွက်လာရန် အခွင့်အရေးအလွန်နည်းပါးမည်ဖြစ်ပြီး ဖြေဆိုသူ၏ နှုတ်ထွက်စကား အတိအကျကို မသိရှိနိုင်ခြင်းဖြစ်သည်။

ဥပမာ - ဖြေဆိုသူမှ "ရွာထဲမှာကျောင်းမရှိဘူး၊ မြို့ပေါ်သွားတက်ရတယ်၊ မိနစ် (၂၀) လောက် လိုင်းကားစီးရတယ် ဒါကြောင့် ကျောင်းဆက်မတက်ဖြစ်တာ" ဟု ဖြေဆိုပါက မေးမြန်းသူမှ Option(4)ကို ရွေးချယ်မည်ဖြစ်သကဲ့သို့ ဖြေဆိုသူမှ "ကျောင်းက ၁၅ မိုင်လောက် လမ်းလျှောက်ရတယ် ဆိုင်ကယ်လမ်းလည်း မပေါက်သေးလို့ ကျောင်းဆက်မတက်ဖြစ်တာ" ဟု ဖြေဆိုပါကလည်း မေးမြန်းသူမှ Option (4)ကိုသာ ရွေးချယ်မည်ဖြစ်ပါသည်။ အဆိုပါဖြစ်ရပ်များအတွက် မေးမြန်းသူသည် Option ရွေးချယ်မှုမှန်ကန်သော်လည်း ဖြေဆိုသူ၏ တိုက်ရိုက်စကားများကို သိရှိခွင့်မရတော့ပါ။ (ပထမဖြေဆိုချက်သည် ကျောင်းဝေးသည်မှန်သော်လည်း လိုင်းကားဖြင့်သွားလို့ရသော ခရီးဖြစ်သည်။ ဒုတိယဖြေဆိုချက်အရ ခြေလျင်တစ်မျိုးတည်းသာသွားလို့ရသည့် အခြေအနေဖြစ်သည်ကို Quantitative Studyတွင် မတွေ့ရှိနိုင်ပါ)

Open Type ၏အားသာချက်သည် ဖြေဆိုသူ၏ နှုတ်ထွက်စကားအတိအကျကို ရေးမှတ်ထားခြင်းဖြစ်သဖြင့် ဖြေဆိုသူ၏စိတ်ခံစားချက်ကိုပါ ထည့်သွင်းလေ့လာနိုင်မည် ဖြစ်သော်လည်း Open Type ၏ အားနည်းချက်တစ်ခုမှာ မေးမြန်းသူအနေဖြင့် ဖြေဆိုသူ၏အဖြေသည် သက်ဆိုင်ရာ မေးခွန်းအတွက် ကိုက်ညီသည့်အဖြေ ဖြစ်/ မဖြစ်ကို မခွဲခြားနိုင်သည့်အခါ မကိုက်ညီသည့်အဖြေများလည်းပါလာတတ်သည်ကို တွေ့ရသည်။




# အာဆီယံ၏ အနာဂတ်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

|သိန်းမြင့်ဝေ|

၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆီယံ ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဤကာလအတွင်း အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများကိုလည်း ဖြတ်သန်းခဲ့ရသည်။ ဤဆောင်းပါးတွင် အာဆီယံ၏အနာဂတ်တွင် ရရှိခံစားရမည့် အခွင့်အလမ်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။

အာဆီယံသည် နှစ်ပေါင်း ၅၀ ကာလအတွင်း အောင်မြင်သောဒေသဆိုင်ရာ အဖွဲ့အစည်း (Regional organization) အဖြစ် ဖန်တီးနိုင်ခဲ့သည်။ အာဆီယံသည် ဥရောပသမဂ္ဂ (European Union) ပြီးလျှင် ဒုတိယမြောက် အအောင်မြင်ဆုံးသော ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါသည်။ အာဆီယံသည် အဖွဲ့ဝင် ၅ နိုင်ငံဖြင့် စတင်တည်ထောင်ခဲ့သော စီးပွားရေးအဖွဲ့အစည်း (Economic bloc) ဖြစ်သည်။ အာဆီယံခေါင်းဆောင်များသည် အရှေ့တောင်အာရှဒေသကို ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အား (Growth driver) အဖြစ် ဖန်တီးရန် ကတိကဝတ်ပြုခဲ့ကြသည်။ ထို့ပြင် အရှေ့တောင်အာရှဒေသရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် ပညာရေးအဆင့်အတန်းကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ထို့မျှသာမက အရှေ့တောင်အာရှဒေသကို ကုန်သွယ်မှုတိုးတက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဓိကစီးဝင်သည့် ဒေသအဖြစ် ထူထောင်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော အာဆီယံ၏ GDP သည် အမေရိကန် ဒေါ်လာ ၃ ထရီလီယံကျော်သို့ ရောက်ရှိတိုးတက်နေပါသည်။ အာဆီယံကို နိုင်ငံတစ်နိုင်ငံအဖြစ်မှတ်ယူပါက အာဆီယံသည် ကမ္ဘာ့သတ္တမမြောက် စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည်။ လက်ရှိစီးပွားရေးအတိုင်း ဆက်လက်တိုးတက်သွားမည်ဆိုပါလျှင် လာမည့်၁၀နှစ်အတွင်း အာဆီယံသည် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအင်အားကြီးမားသော ဒေသဖြစ်လာပါမည်။ တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဂျာမနီပြီးပါက အာဆီယံဖြစ်လာပါမည်။ အာဆီယံ၏စီးပွားရေးပေါင်းစည်းမှုအဆင့်မြင့်မားပြီး ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Intra-regional trade and investment) သိသိသာသာ တိုးတက်လျက်ရှိပါသည်။

**အခွင့်အလမ်းများ**

အာဆီယံ၏ နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ASEAN Economic Community (AEC)ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် အကောင်အထည်ဖော်ခဲ့သည်။ AECသည် ဒေသတွင်းနှင့်ဒေသပြင်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (Intra-regional and extra-regional trade and investment) အခွင့်အလမ်းများစွာကိုဖြစ်စေပါသည်။ အခွင့်အလမ်းများအဖြစ် ဝန်ဆောင်မှုလုပ်ငန်းများ အလားအလာကောင်းခြင်း၊ ခရီးသွားလုပ်ငန်းဗဟိုချက်ဖြစ်ခြင်း၊ စားသုံးသူဝယ်လိုအားတိုးတက်နေခြင်းနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိခြင်းတို့ကို တွေ့ရသည်။

**ဝန်ဆောင်မှုလုပ်ငန်းများ အလားအလာကောင်းခြင်း**

အာဆီယံနိုင်ငံများသည် မိမိတို့နိုင်ငံ၏စီးပွားရေးကို ဝန်ဆောင်မှုဦးဆောင်သော စီးပွားရေးစနစ် (Services-driven economies) သို့ ပြောင်းလဲနေကြသည်။ ထိုသို့ပြောင်းလဲရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလွတ်လပ်ခွင့်ပြုခြင်းနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာသွားလာခြင်းကို ခွင့်ပြုရန်လိုအပ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ လုပ်ထုံးလုပ်နည်းများ ထင်သာမြင်သာရှိစေခြင်း၊ ခွဲခြားဆက်ဆံသည့် ကန့်သတ်ချက်များ ဖယ်ရှားခြင်း၊ ပြည်ပလုပ်ငန်းရှင်များထက် ပြည်တွင်းလုပ်ငန်းရှင်များကို ဦးစားပေးခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုပိုမိုလွယ်ကူစေခြင်းတို့ကို အလေးထားဆောင်ရွက်သင့်သည်။

**ခရီးသွားလုပ်ငန်းဗဟိုချက်ဖြစ်ခြင်း**

အာဆီယံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသောနေရာတွင် တည်ရှိသည်။ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသောလုပ်ငန်းစုဖြစ်သည်။ အရှေ့မြောက်အာရှခရီးသွားဈေးကွက်နှင့် ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အမေရိကန်ပြည်ထောင်စုတို့ကို ချိတ်ဆက်ပေးရာနေရာလည်းဖြစ်သည်။ အာဆီယံသည် လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်သင့်သည်။ အာဆီယံသည် တရုတ်နှင့်အိန္ဒိယပြီးနောက် ကမ္ဘာ့တတိယမြောက်လုပ်သားအင်အား အများဆုံးနေရာဖြစ်သည်။ ဤအချက်သည် ဝန်ဆောင်မှုကဏ္ဍဖြစ်သော ခရီးသွားလုပ်ငန်းအတွက် အရေးကြီးပါသည်။

**စားသုံးသူဝယ်လိုအားတိုးတက်လျက်ရှိခြင်း**

အာဆီယံ၏ စားသုံးသူလူတန်းစား (Consumer class) သည် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း သိသိသာသာတိုးတက်ခဲ့သည်။ အဆိုပါ ဝယ်ယူစားသုံးမှုမြင့်မားသော Consumer class သည် ၂၀၂၅ ခုနှစ်တွင် လက်ရှိအရေအတွက်ထက် ၂ ဆဖြစ်လာနိုင်သည်။ အရှေ့တောင်အာရှဒေသရှိစားသုံးသူများ၏ အပန်းဖြေမှု၊ လက်လီဝယ်ယူမှုနှင့် Social media facebook အပါအဝင် ICT သုံးစွဲမှုကို လေ့လာရာတွင် ယင်းတို့၏ ဝယ်လိုအားမှာ ဆက်လက်မြင့်တက်ပြီး ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများအတွက် စီးပွားရေးအခွင့်ကောင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိခြင်း**

ဒေသ၏ အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် လူလတ်တန်းစား (Middle class)တိုးပွားလျက်ရှိခြင်းတို့က ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)အတွက် အလွန်ဆွဲဆောင်မှုရှိစေပါသည်။ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့ပင် အာဆီယံသည် FDIဆွဲဆောင်မှု အဆင့်မြင့်မားသော ဒေသတစ်ခုဖြစ်သည်။ အာဆီယံသည် စီးပွားရေးပေါင်းစည်းမှုဖြစ်သော AEC ကို အကောင်အထည်ဖော်ခြင်းအားဖြင့် FDI ကို ပိုမိုဆွဲဆောင်လျက်ရှိသည်။

**စိန်ခေါ်မှုများ**

အာဆီယံသည် လက်ရှိအလားအလာကောင်းများကို ရရှိခံစားနိုင်ရန်အတွက် ရင်ဆိုင်ဖြေရှင်းရမည့် ဆိုးရွားနိုင်ခြေနှင့် စိန်ခေါ်မှုများ (Risks and challenges)ရှိ

ပါသည်။ စိန်ခေါ်မှုများအဖြစ် ပထဝီဝင်နိုင်ငံရေး (Geopolitical)၊ အခြေခံအဆောက်အအုံအတွက် ငွေကြေး လိုအပ်ချက် (Infrastructure deficit)၊ ကူးစက်ရောဂါနှင့် သဘာဝ ဘေးဒဏ်များ၊ တရုတ်နိုင်ငံ၏တိုးတက်မှု (Growth in China)၊ ဘာသာရေးနှင့် နိုင်ငံရေးအစွန်းရောက်ဝါဒ (Religious and political extremism)တို့ဖြစ်သည်။

## ပထဝီဝင်နိုင်ငံရေး

အရှေ့တောင်အာရှဒေသကို လွှမ်းမိုးလိုသော တရုတ်နှင့်အမေရိကန်နိုင်ငံတို့၏ အားပြိုင်မှုသည် ဒေသ၏ စီးပွားရေးတိုးတက်မှုအလားအလာကို ထိခိုက်စေသည်။ မဟာစီးပွားရေး အင်အားကြီး ၂ နိုင်ငံကြားတင်းမာမှု ပို၍ပြင်းထန်လာသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ အချုပ်အခြာအာဏာကို မထိပါးရန်အငြင်းပွားလျက်ရှိသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံကြား ထိပ်တိုက်ရင်ဆိုင်ခြင်းက အမေရိကန် - ဆိုဗီယက်စစ်အေးတိုက်ပွဲ (U.S-Soviet Cold War)အရိပ်မြင့်တက်နေစေသည်။ အဆိုပါတင်းမာမှုကို ကန့်သတ် ထိန်းချုပ်နိုင်မှသာ အာဆီယံဒေသ၏ စီးပွားရေးပိုမိုကောင်းမွန်ပါမည်။

## အခြေခံအဆောက်အအုံအတွက် ငွေကြေးလိုအပ်ချက်

အရှေ့တောင်အာရှဒေသတွင် အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံခန့်လိုအပ်နေသည်။ ဒေသသည် အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် ငွေကြေးအမြောက်အမြား သုံးစွဲခဲ့ပြီး ဆက်လက်သုံးစွဲရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂ နိုင်ငံ သဘောတူညီချက်များ၊ ဒေသဆိုင်ရာနှင့် နိုင်ငံစုံသဘောတူညီချက်များ (Bilateral, regional and multilateral initiatives) အရ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော်လည်း တိုးတက်မှုနှေးကွေးနေပါသည်။ အဘယ်ကြောင့်ဆိုသော် ဗျူရိုကရက်တစ်ဆန်ပြီး လုပ်ငန်းဖင့်နှေးခြင်းနှင့် လေလွင့်ဆုံးရှုံးမှုများခြင်းတို့ကြောင့် တိုးတက်မှုနှေးကွေးနေခြင်းဖြစ်ပါသည်။ အခြေခံအဆောက်အအုံကဏ္ဍကို သိသိသာသာ မြှင့်တင်ခြင်းမရှိဘဲ ဒေသ၏ စီးပွားရေးတိုးတက်မှု အလားအလာကောင်းများကို အသုံးချနိုင်မည်မဟုတ်ပေ။

## ကူးစက်ရောဂါနှင့် သဘာဝဘေးဒဏ်များ

လေမုန်တိုင်း၊ ဆူနာမီ၊ ဆား(စ်)ရောဂါ (SARS)၊ တုပ်ကွေးနှင့် ဇီကာရောဂါ စသည့် သဘာဝဘေးနှင့် ကူးစက်ရောဂါများကလည်း ဒေသ၏တိုးတက်မှုကို ထိခိုက်စေသည်။ ဒေသဆိုင်ရာပေါင်းစည်းခြင်း၊ ဆက်သွယ်ရေးနှင့် ပညာရေးတို့ တိုးတက်ပါက အဆိုပါဘေးအန္တရာယ်များကို လျော့ကျစေနိုင်သည်။

## တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှေးကွေးနေခြင်းသည် အာဆီယံ၏ စီးပွားရေးကို အတိုင်းအတာတစ်ခုထိ ရိုက်ခတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်သည် အာဆီယံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသောနိုင်ငံဖြစ်သောကြောင့်ဖြစ်သည်။ တရုတ်၏ စီးပွားရေးဦးမော့လာပါက အာဆီယံဒေသ၏ စီးပွားရေးအလားအလာကို ပိုမိုကောင်းမွန်စေနိုင်သည်။

## ဘာသာရေးနှင့် နိုင်ငံရေးအစွန်းရောက်ဝါဒ

အာဆီယံနိုင်ငံများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများသည် ဒေသရှိပြည်သူလူထုအတွက်စိုးရိမ်စရာဖြစ်သည်။ အာဆီယံသည် ဤခြိမ်းခြောက်မှုများကို ပူးပေါင်းတုံ့ပြန်ရန်လိုအပ်သည်။ သို့မှသာ ဒေသကို တည်ငြိမ်သော ဒေသအဖြစ်ရှုမြင်ကြပါမည်။ ထိုသို့တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်သည်။

အာဆီယံသည် တရုတ်နှင့် အိန္ဒိယတို့ပြီးနောက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို တတိယမြောက် အမောင်းနှင်နိုင်ဆုံးဒေသ (Third great emerging driver of global growth) ဖြစ်လာနိုင်သည်။ ထိုသို့ဖြစ်လာစေရန်မှာ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်နိုင်စွမ်းအပေါ် မူတည်နေကြောင်း သုံးသပ်တွေ့ရှိရသည်။

**Source: asean.org**

# မိုဘိုင်းဖုန်းဝန်ဆောင်မှုမှသည် ဒစ်ဂျစ်တယ်စီးပွားရေး ခေတ်ဆီဦးတည်

|ညိုမောင်|

**မိတ်ဆက်**

တစ်ချိန်က မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်း ကိုင်ဆောင်နိုင်ဖို့ဆိုတာ လူတန်းစားအလွှာခွဲ ခြားထားသလို ဖြစ်နေခဲ့တာပါ။ သာမန်ဆင်းကဒ် တစ်ခုတန်ဖိုးကတင် တရားဝင်ဈေး ၁၅ သိန်းက စတင်ခဲ့ပြီး လက်ရှိအနေအထားကို ရောက်ရှိလာခဲ့ပါတယ်။ ရိုးရိုး Analogue အခြေခံဖုန်းတွေကနေ And-riod သုံးဟန်းဖုန်းတွေအထိ နိုင်ငံတကာက ထုတ်တဲ့ အမှတ်တံဆိပ်မျိုးစုံကို သင့်တင့်မျှတစွာ နိုင်ငံသားတိုင်း ဆင်းရဲချမ်းသာမရွေး အသုံးပြုနိုင်ပြီ လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မိုဘိုင်းဖုန်း အသုံးပြုမှု အနေအထားဟာ အရှေ့တောင် အာရှမှာပါ အများဆုံး စာရင်းဝင်ပါတယ်။ လက်ရှိအချိန်မှာ တယ်လီပေါ့



တွေဖြစ်တဲ့ အမ်ပီတီ၊ အူရီဒူး၊ တယ်လီနော၊ မိုင်တဲနှင့် ရတနာပုံအမ်အီးစီ စသည် ကျယ်ပြန့် တဲ့ မိုဘိုင်းကွန်ရက်တွေက မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ကျက်ထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်လုပ် ဆောင်နေတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၇ ချက်အတွက် ကမ္ဘာ့နိုင်ငံတိုင်းက စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ဖို့ အတူရုန်းကန်ကြိုးစားနေတဲ့ကာလလည်း ဖြစ်ပါတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်းမှာ ဝင်ဆံ့ရမည့် မြန်မာနိုင်ငံအတွက်လည်း ဒစ်ဂျစ်တယ် စီးပွားရေး စနစ်ကို အခြေခံတည်ဆောက်ဖို့ လိုအပ်လာပါတယ်။ နိုင်ငံ တိုင်းက ကိုယ့်နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ခြေ လှမ်းတိုင်းကို အသေအချာရွေးချယ်ဖော်ဆောင်ကြရမှာ လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Andriod ဟန်းဆက်များ တွင်တွင်ကျယ်ကျယ်သုံးနိုင်လာတာနှင့်အမျှ၊ ဆင်းကဒ်ဈေးသက်တောင့်သက်သာ ရလာနိုင်တာနှင့်အမျှ၊ အင်တာနက်မိုဘိုင်းကွန်ရက်ကို အသုံးပြုလာနိုင်တာနှင့်အမျှ၊ မြန်မာတစ်နိုင်ငံလုံး မိုဘိုင်းဖုန်းဝန်ဆောင်မှုကို အသေအချာအသုံးချကြရမှာပါ။ ဒါကြောင့် ဒီဆောင်းပါးလေးနှင့်အတူ နိုင်ငံတော်က သွားနေတဲ့ ဦးတည်ချက်တွေကို ဘယ်လို အကောင်အထည်ဖော်ချိတ်ဆက်နေတယ်ဆိုတာ ကိုအသိလေးပေးနိူးဆော်ချင်တာကြောင့် ရေးသားလိုက်ရတာပါ။

## နိဒါန်း

မိုဘိုင်းဖုန်းကွန်ရက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ချိတ်ဆက်လာနိုင်တာနှင့်အမျှ နိုင်ငံအတွက် အကျိုးရှိတဲ့အရာတွေရော၊ အကျိုးမဲ့စေမည့် အရာတွေပါ အချိန်နှင့် တစ်ပြေးညီ ဖြန့်ကျက်ပြီး ဖြစ်နေမှာပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်လို့ ညွှန်းဆိုချက်တွေနှင့်အညီ ကောင်းသတင်း၊ ဆိုးသတင်းများကလည်း အချိန်နှင့်တစ်ပြေးညီ သက်ရောက်မှုများစွာရှိနေတာလည်း ဖြစ်ပါတယ်။ မိုးဘိုင်းကွန်ရက် ဖွံ့ဖြိုးမှုကလည်း 1Gစနစ်ကနေ ခုချိန် မှာ 4G ကွန်ရက်အထိ ခြေဆန့်နေပါပြီ။ မိုဘိုင်းကွန်ရက် အဆင့်မြင့်လာတာနှင့်အမျှ မိုဘိုင်းဟန်းဆက်တွေကလည်း အဆင့်မီတိုးတက်လာပြီး မြန်မာနိုင်ငံရဲ့ မိုဘိုင်းဈေး ကွက်ကလည်း ကြီးမားကျယ်ပြန့်တဲ့ ဈေးကွက်ကြီးဖြစ်လာခဲ့ပါတယ်။

အများပြည်သူတွေ မသိမသာ သတိမထား မိကြတာကတော့ မိုဘိုင်းအပလီကေးရှင်းတွေကို အင်တာနက်လိုင်း အသုံးပြုချိတ်ဆက်ပြီး ရေပန်းစားလာနေတာကို ပါ။ သတိထားကြည့်မိရင် ဘဏ်ရှိတဲ့နေရာဒေသရော၊ ဘဏ်မရှိတဲ့နေရာဒေသများမှာပါ မိုဘိုင်းဖုန်း အသုံးပြုပြီး ငွေကြေးစီးဆင်းမှုသွက်လက်မြန်ဆန်အောင် နိုင်ငံတော်က ရည်မှန်းချက်ထားလုပ်ဆောင်လာတဲ့ရလဒ်တွေဆိုတာ ပါပဲ။ ဥပမာပေးရလျှင် ယခင်ကာလတွေက ဘဏ်လုပ်ငန်း အများစုက ကိုယ့်ဆီလာအပ်မည့်သူတွေကိုသာ စောင့်မျှော် နေခဲ့ကြပြီး ငွေလွှဲ၊ ငွေစု၊ ငွေချေးစသည်ကနေ ဝန်ဆောင် ခရယူသည့် စနစ်ကနေ ပြည်သူတွေဆီ ဘဏ်တွေက ဘယ် လိုသွားမလဲဆိုတဲ့ ခြေလှမ်းတွေကို လှမ်းကြဖို့ အပြိုင်အဆိုင် ချဉ်းကပ်လာကြပါတယ်။ ချဉ်းကပ်မှုတိုင်းမှာ မိုဘိုင်းဖုန်း နှင့် မိုဘိုင်းအင်တာနက်ကို ကောင်းကောင်းအသုံးချ လုပ် ဆောင်ခြင်းပါပဲ။ မိုဘိုင်းဖုန်းအသုံးပြုကာ နိုင်ငံတော်ရဲ့ ငွေ ကြေးစီးဆင်းမှုကို အချိန်နှင့်တစ်ပြေးညီ လည်ပတ်စီးဆင်း နိုင်အောင် လုပ်ဆောင်နေတာမို့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ ပြည်ပခရီးတွေမှာ စီးပွားရေးဆိုင်ရာ မိန့်ခွန်းတွေ မိန့်ကြားတိုင်း မိုဘိုင်းဖုန်းအသုံးပြုမှုကို အသေအချာထည့်သွင်း မိန့်ဆိုလေ့ရှိတာကို တွေ့ကြရမှာပါ။ စာရေးသူ အနေဖြင့် ပြည်သူပြည်သားတို့ သတိထားပြီး မြင်သွားအောင် နိုင်ငံတော် ရဲ့ ခြေလှမ်းတွေကို တင်ပြလိုခြင်း ရည်ရွယ်ချက်နှင့် ဒီဆောင်းပါးလေးကို ရေးသားလိုက်ရပါတယ်။

## မိုဘိုင်းဖုန်းဝန်ဆောင်မှု ဆန်းသစ်လာမှုနှင့် ဒစ်ဂျစ်တယ် စီးပွားရေးဆီသို့ ခြေလှမ်းအစ

မြန်မာပြည်သူဆယ်ယောက်မှာ ငါးယောက်က Andriod ဟန်းဆက်ကို အသုံးပြုပြီး မိုဘိုင်းအင်တာနက်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြတာကို ဒစ်ဂျစ်တယ်မားကတ်တင်းသမားများက အသေအချာနားလည်သဘောပေါက်ကြပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်မှာလည်း မြန်မာနိုင်ငံရဲ့ ငွေကြေးစီးဆင်းမှုကို မိုဘိုင်းဖုန်းအင်တာနက်ကွန်ရက်ကို အသုံးပြုဖော်ဆောင်ဖို့ ရည်မှန်းချက်ထားလုပ်ဆောင်မည်ဆိုတာ လေ့လာဖူးသူတိုင်း သိရှိထားပါလိမ့်မယ်။ အိုင်တီကျွမ်း



ကျင်သူများကလည်း အချိန်တိုအတွင်း ပိုမိုလွယ်ကူအဆင်ပြေမည့် အပလီကေးရှင်းတွေကို Andriod ဗားရှင်းနှင့် ကိုက်ညီအောင် မြန်မာအင်တာနက်ကွန်ရက်ကို ချိတ်ဆက်အသုံးပြုပြီး အဆုံးသတ်သုံးစွဲသူများ အိမ်မှာထိုင်နေရင်း အဆင်ပြေနိုင်မည့် အပလီကေးရှင်းတွေကို တီထွင်ဆန်းသစ်လာကြပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ် စီးပွားရေးအသွင်အဖြစ် ပြောင်းလဲကျင့်သုံးလာနေပါပြီ။ ငွေကြေးဝန်ဆောင်မှုလည်း တိုးတက်မြန်ဆန်လာနေပါတယ်။ အထင်ရှားဆုံးဥပမာပေးရလျှင် ယခင်ကငွေကြေးလွှဲပြောင်းတဲ့ ဝန်ဆောင်မှုကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်တွေကိုသာ အားကိုးခဲ့ကြရပြီး ဘဏ်မရှိတဲ့ အရောက်အပေါက်နည်းတဲ့ဒေသတွေက ပြည်သူတွေအတွက် အတော်ခက်ခဲခဲ့ကြပါတယ်။ ယခုဆိုလျှင် လူအသုံးများနေတဲ့ Wave Money/True Money/Ok$ စသည့်မိုဘိုင်းဖုန်းဝန်ဆောင်မှုများက အောင်မြင်တွင်ကျယ်နေပါပြီ။ မိုဘိုင်းကွန်ရက်လွှမ်းခြုံမှုကို ကောင်းကောင်းအသုံးချပြီး လျင်မြန်တဲ့ ငွေကြေးစီးဆင်းမှုကို အချိန်အကန့်အသတ်မရှိဘဲ ခံစားနေရပြီဖြစ်ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း မိုဘိုင်းဖုန်းသုံး အပလီကေးရှင်းများနှင့် ဘဏ်စနစ်ကို မြှင့်တင်ဖို့ အစွမ်းကုန်ကြိုးစားနေကြပါတယ်။ ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ တိုးတက်သထက်တိုးတက်အောင် အပြိုင်အဆိုင်အကောင်အထည်ဖော်ဆောင်နေကြတာကိုလည်း အများပြည်သူများ တွေ့မြင်ကြရမှာပါ။ ဥပမာအားဖြင့် Mobile Banking စနစ်များ၊ CB Pay/KBZ Pay စသည်များ တွင် တွင်ကျယ်ကျယ်အသုံးပြုလာကြပါတယ်။ နိုင်ငံအတွက် ထိရောက်အကျိုးရှိနေတာကိုလည်း တွေ့မြင်ရပါတယ်။ ပိုမိုဆွဲဆောင်မှုရှိနေတာကတော့ ကားဝန်ဆောင်မှုများ၊ ခရီး သွားဝန်ဆောင်မှုများ၊ ဗေဒင်နှင့် ဈေးရောင်း/ ဝယ် ဝန် ဆောင်မှုများကိုပါ မိုဘိုင်းဖုန်း အင်တာနက်သုံး အပလီကေး ရှင်းများအသုံးပြုပြီး အောင်မြင်စွာအသုံးချနိုင်နေတာကို လည်း တွေ့ကြရမှာပါ။ မန္တလေး/ ရန်ကုန်/ နေပြည်တော် စသည်မြို့ကြီးများမှာလည်း အခွန်ဝန်ဆောင်မှုစနစ်များကို ဘဏ်စနစ်နှင့် မိုဘိုင်းဖုန်းအင်တာနက် ချိတ်ဆက်အပလီကေးရှင်းများနှင့် တီထွင်ဆန်းသစ်လာပြီ ဖြစ်ပါတယ်။

အချို့သောဌာနဆိုင်ရာများမှာလည်း ဌာနနှင့် သက်ဆိုင်တဲ့ ဥပဒေ/ နည်းဥပဒေနှင့် အသိပေးထုတ်ပြန်ချက်များကို မိုဘိုင်းဖုန်းအပလီကေးရှင်းများ ဖန်တီးပြီး ဝန်ထမ်းများအတွက် အချိန်မရွေး ဖတ်ရှုကိုးကားနိုင်အောင် ဆောင်ရွက်ပေးနေကြပါပြီ။ နိုင်ငံတကာခြေလှမ်းများအတိုင်း Smart City များအဖြစ် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နေပြီလည်းဖြစ်ပါတယ်။ မန္တလေးမြို့တော်ဆိုရင် အရှေ့တောင်အာရှရဲ့ Smart City အဆင့်မှာ အဆင့် ၅ ထိရောက်ရှိထားပြီး ဆက်လက်တက်လှမ်းဖို့လည်း မြို့တော်သူ/သားတို့နှင့် တိုင်းဒေသကြီးအစိုးရက ဆက်လက်ကြိုးပမ်းလျက်ရှိနေတာကို တွေ့ကြရမှာပါ။ ယခုလိုမိုဘိုင်းဖုန်းနှင့် မိုးဘိုင်းဖုန်းအင်တာနက်တွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းသည် နိုင်ငံတော်က ရှေ့ဆက်ချီတက်တော့မယ့် ဒစ်ဂျစ်တယ်စီးပွားရေး၏ ခြေလှမ်း အစလည်းဖြစ်ပါတယ်။ အာဆီယံအဖွဲ့ကြီးအပါအဝင် ကုလသမဂ္ဂ စသည်အဖွဲ့အစည်းများ ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ခြင်း၏ တစ်စိတ်တစ်ဒေသလို့လည်းဆိုရမှာပါ။ နောက်ထပ်ပြောင်းလဲမှု ခြေလှမ်းတစ်ခုအဖြစ် ယခင်က Website နှင့် လူမှုကွန်ရက်များမှာ အသုံးပြုခဲ့တဲ့ စာရိုက်နည်းစနစ်များကို ယူနီကုဒ်စနစ်အဖြစ် ကမ္ဘာသိအောင် ပြောင်းလဲခဲ့ခြင်းပါ။ ပြည်သူတွေအနေနှင့်

အသုံးပြုနေကျရာကနေ အပြောင်းအလဲသေးသေးလေး တစ်ခုကို လိုက်ပါစီးမြောရုံဖြင့် နိုင်ငံတကာမှ မိမိတို့ပြုလုပ်လိုက်သည့် စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ၄င်းတို့ လွှင့်တင်လိုက်သည့် ဒေတာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မြန်မာမှ နိုင်ငံတကာဘာသာသို့လည်းကောင်း၊ နိုင်ငံတကာသုံး ဘာသာစကားမှ မြန်မာဘာသာသို့လည်းကောင်း သိရှိလာနိုင်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးကို စတင်လှမ်းမည့် ခြေလှမ်းတစ်လှမ်းကို မြန်မာနိုင်ငံက စတင်လိုက်ပြီဆိုတာ ကမ္ဘာကို တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။ အစိုးရနှင့်ပြည်သူ အတူပူးပေါင်းပြီး မြန်မာ့စီးပွားရေး အရှိန်အဟုန်တိုးတက်လာဖို့ ခြေလှမ်းတိုင်းကို လက်ချင်းယှက်ကာ လျှောက်လှမ်းကြရမှာပါ။

## သုံးသပ်ချက်နှင့် နိဂုံး

Andriod အခြေခံမိုဘိုင်းဖုန်းများကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာတာနှင့် အမျှ မြန်မာပြည်သူအများစုအနေဖြင့် Andriod အခြေခံ အပလီကေးရှင်းများကို ပိုမိုသုံးစွဲ လာကြပါတယ်။ လူမှုကွန်ရက် အသုံးပြုမှုများနှင့် ကားဝန်ဆောင်မှု/ ဈေးဝယ်/ ရောင်း အပလီကေးရှင်းများကို ပိုမိုနှစ်ခြိုက်သုံးစွဲလာခဲ့ကြပါတယ်။ နိုင်ငံတော်က မူဝါဒတစ်ခုအဖြစ် ချမှတ်လုပ်ဆောင်နေတဲ့ ငွေကြေးစီးဆင်းမှု လျင်မြန်စေဖို့နှင့် ဒစ်ဂျစ်တယ် စီးပွားရေးစနစ် အကောင်အထည်ဖော်ဆောင်ရာမှာ ထိရောက်အကျိုးရှိလာတာကိုလည်း တွေ့ရှိကြရပါတယ်။ ပြည်သူများအနေဖြင့်လည်း ငွေကြေးလွှဲပြောင်းမှု ပိုမိုမြန်ဆန်လာသည့်အတွက် အချိန်ကုန်/ ငွေကုန်မှုများ လျော့ပါးလာပြီး လုပ်ငန်းခွင်မပျက် ပိုမိုထိရောက်စွာ အသုံးချလာနိုင်ပါတယ်။ နိုင်ငံတစ်ခု တိုးတက်ဖို့ခြေလှမ်းစတဲ့အခါ ကိုယ့်နိုင်ငံနှင့် လိုက်လျောညီထွေတဲ့ မူဝါဒများ ချမှတ်အကောင်အထည်ဖော်မှသာ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပိုမိုလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံအနေဖြင့် ငွေကြေးစီးဆင်းမှု မြန်ဆန်ခြင်းနှင့်အတူ သတင်းစီးဆင်းမှု အပိုင်းများမှာလည်း ထိရောက်မြန်ဆန်လာပြီး နိုင်ငံ့တာဝန်ရှိသူများအနေဖြင့် ဖြစ်ပေါ်လာနိုင်သော အကောင်း/ အဆိုး အကျိုးဆက်များကိုတော့ ကြိုတင်သုံးသပ်ထားကြရန် လိုအပ်နေပြီလည်း ဖြစ်ပါတယ်။ အချိန်နှင့်တစ်ပြေးညီ မြန်ဆန်ထိရောက်စွာ မိုဘိုင်းဖုန်းဝန်ဆောင်မှုက မြန်မာနိုင်ငံသားများအတွက် ပေးစွမ်းနိုင်သကဲ့သို့ နိုင်ငံတော် အကျိုးမဲ့ဖြစ်ရပ်များကိုလည်း အချိန်နှင့်ဒေသမရွေး ဖြစ်ပေါ်လာနိုင်တာကိုလည်း သတိပြုဆင်ခြင်သွားကြရမှာလည်း ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိုဘိုင်းဖုန်းယဉ်ကျေးမှုတစ်ခုကိုလည်း အသေအချာပြင်ဆင်ကြရတော့မှာပါ။ မည်သို့ပင်ဆိုစေကာမူ လက်ရှိစာရေးသူတို့ မြန်မာနိုင်ငံအနေဖြင့် မိုဘိုင်းဖုန်းတစ်ခေတ်ဆန်းချိန်ရောက်နေပြီလို့ ဆိုချင်ပါတယ်။ ဒါ့အပြင် မိုဘိုင်းဖုန်းနှင့် မိုဘိုင်းအင်တာနက်ကို ကောင်းကောင်းအသုံးချပြီး Smart City များစွာ မြန်မာနိုင်ငံမှာဆက်လက်ပေါ်ထွက်လာဖို့လည်း ရှိလာမှာပါ။ တဖြည်းဖြည်းနှင့် မြန်မာတစ်ပြည်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးမှုဆီသို့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ဖြင့် ခေါ်ဆောင်ရောက်ရှိလာစေမှာလည်းဖြစ်ပါတယ်။ စာရေးသူအနေဖြင့် စာဖတ်သူတို့ကို ထူးခြားတဲ့ Message လေးပေးချင်တာကတော့ စာဖတ်သူတို့ကိုယ်တိုင် သုံးသပ်ကြရမှာက အမှန်ကိုမြင်ဖို့ လိုသလို အမြင်မှန်ဖို့လည်းလိုအပ်ပါကြောင်းနှင့် ပြည်သူတို့နှင့်အတူ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး အကောင်းမြင်ဝါဒဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုက်ရပါတယ်။



# အမျိုးသမီး ခေါင်းဆောင်မှု
## စွမ်းရည်မြှင့်တင်ရေး အစီအစဉ်မှ
## အချက်အလက်တချို့

|ဒေါက်တာပင်လုံအေး|

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ပံ့ပိုးမှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ Ewha Womans University တွင် ကျင်းပပြုလုပ်သည့် အမျိုးသမီးခေါင်းဆောင်မ စွမ်းရည် မြှင့်တင်ရေးဆွေးနွေးပွဲအစီအစဉ်ကို မိမိအနေဖြင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနဲ့အတူ မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။

ဒီအစီအစဉ်ဟာ အမျိုးသမီးများရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ပြီး ကျား/ မ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ ကျား/ မ တန်းတူညီမျှရေး မူဝါဒများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်များ (Action Plans)ရေးဆွဲရာမှာ အထောက်အကူပြုစေရန်နှင့် ကိုရီးယားသမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကျွမ်းကျင်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအကြား ကွန်ရက်ချိတ်ဆက် တည်ထောင်ရန်နဲ့ ကိုရီးယားသမ္မတနိုင်ငံရှိ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အတွေ့အကြုံများကို မျှဝေပေးရန် ရည်ရွယ်ပြုလုပ်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အစီအစဉ်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံ (၁၀) နိုင်ငံမှ ကိုယ်စားလှယ် (၁၉) ဦး တက်ရောက်ခဲ့ပါတယ်။

ဒီအစီအစဉ်မှာ ကိုရီးယားသမ္မတနိုင်ငံရှိ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ အခြားနိုင်ငံ (၉) နိုင်ငံမှ ကိုယ်စားလှယ်များရဲ့ အတွေ့အကြုံများအပေါ် အခြေခံပြီး မြန်မာအမျိုးသမီးများ၏ လူနေမှုအဆင့်အတန်းနှင့်ဘေးအန္တရာယ် လုံခြုံရေးအတွက် အထောက်အကူပြုနိုင်မည့် Action Plans ရေးဆွဲရမယ့် အစီအစဉ်ပါဝင်ပါတယ်။ မိမိအတွက် အတွေ့အကြုံသစ် နယ်ပယ်သစ်ဖြစ်ပေမယ့် အစီအစဉ်ကာလအတွင်း လေ့လာသိရှိခဲ့မှုတွေ၊ နိုင်ငံတကာမှာ လက်ရှိကျား/ မ ရေးရာနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုတွေ၊ မြန်မာနိုင်ငံရဲ့ မူဝါဒ၊ လမ်းညွှန်မှု ပန်းတိုင်တွေပေါ် အခြေခံပြီး မြန်မာအမျိုးသမီးထု အထူးသဖြင့် အ

ခက်အခဲများနဲ့ ရင်ဆိုင်နေရတဲ့ အမျိုးသမီးများရဲ့ လူနေမှုဘဝကို တစ်နည်းတစ်ဖုံ အထောက်အကူဖြစ်စေမယ့် Action Plan တစ်ခုရေးဆွဲရမှာဖြစ်တဲ့အတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ အစီအစဉ် ဖြစ်ပါတယ်။

အစီအစဉ်မှာ Ewha Womans University မှ SDGsနှင့် ကျား/မတန်းတူညီမျှမှု၊ ကိုရီးယား သမ္မတနိုင်ငံရဲ့ အမျိုးသမီးအခွင့်အရေးဆိုင်ရာလုပ်ရှားမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ ကျား/မ တန်းတူညီမျှရေးအတွက် ဘတ်ဂျက်၊ အမျိုးသမီးများရဲ့ ခေါင်းဆောင်မှုစွမ်းရည်၊ ကျား/မဆိုင်ရာ စာရင်းအင်း အချက်အလက်များ၊ လိင်အကြမ်းဖက်မှုဆိုင်ရာ လူမှုဘဝကာကွယ်ပေးမှုအစီအစဉ်များ၊ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများနဲ့ အမျိုးသမီးများအတွက် လုပ်ငန်းခွင်နဲ့ မိသားစုဘဝလိုက်လျောညီထွေနေထိုင်နိုင်ရေးများကို သင်ခန်းစာပို့ချချက်များကတစ်ဆင့် အချက်အလက်တစ်ချို့ကို သိရှိခွင့်ရခဲ့ပါတယ်။

## ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေး ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များ

နိုင်ငံအသီးသီးအနေနဲ့ အမျိုးသမီးများရဲ့ အခွင့်အရေးရရှိဖို့အတွက် သွေးနည်းသွေးဟန်နဲ့ ကြိုးပမ်း ချက်တွေရှိကြပါတယ်။ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုရယူထားတဲ့ လှုပ်ရှားမှုတွေအနေနဲ့ကတော့ 1979 ခုနှစ်မှာ Convention on the Elimination of All Forms of Discrimination Against Women CEDAW, 1993 ခုနှစ်မှာ Declaration on the Elimination of Violence Against Women SGBV, 1994ခုနှစ်မှာ International Convention on Population and Development SRHR, 1995 ခုနှစ်မှာ Bejing Declaration and Platform for Action BPFA သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာ UNSCR 1325 on Women, Peace and Security WPS နဲ့ Millennium Development Goals MDGs, 2015 ခုနှစ်မှာ 2030 Agenda for Sustainable Developments SDGs ,2020ခုနှစ်မှာ ယခင်ချမှတ်ခဲ့တဲ့ အစီအစဉ်များဖြစ်တဲ့ Bejing + 25, UNSCR 1325 + 20 နဲ့ SDGs + 5 ကို အကောင်အထည်ဖော်ရန်ရည်ရွယ်ထားပြီး 2030 ပြည့်နှစ်အထိ 2030 Agenda for SDGs ရည်မှန်းချက်ပန်းတိုင်ရရှိဖို့ ဆောင်ရွက်ဖို့ သဘောတူထားကြပါတယ်။

## ဘေဂျင်းလုပ်ငန်းစီမံချက် BPFA

Vienna Conference on Human Rights အပေါ်အခြေခံပြီး 1995 ခုနှစ်၊ တရုတ်နိုင်ငံ၊ ဘေဂျင်းတွင် ကျင်းပပြုလုပ်တဲ့ Bejing Fourth World Conference on Women မှာ အမျိုးသမီးများရဲ့ အခွင့်အရေးပိုမိုရရှိဖို့အတွက် နယ်ပယ် (၁၂) ခုဖြစ်တဲ့ Women and Poverty, Women and Eduction & Training, Women and Health, Women and Violence Against Women , Women and Armed Conflict, Women and Economy, Women and Power & Decision- making , Women and Institutional Mechanisms, Women and Human Rights, Women and Media, Women and Environmentနဲ့ Girl Child တို့ကို အလေးထားဆောင်ရွက်ဖို့ သဘောတူညီခဲ့ကြပါတယ်။

## SDGsနှင့် အမျိုးသမီးများကဏ္ဍ

၂၀၁၅ ခုနှစ်မှာ ချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals-SDGs)၁၇ ခုအနက် ၁၀ ခုဟာ ကျား/မ တန်းတူညီမျှရေးနဲ့သက်ဆိုင်နေပါတယ်။ အဓိကသက်ဆိုင်နေတာကတော့ ပန်းတိုင် (၅) ဖြစ်တဲ့ Gender Equality ပါ။ ဒီပန်းတိုင် (၅) မှာ End Discrimination against All Women and Girl၊ Elimination Violence against All Women and Girl၊ Eliminate All Harmful Practices such as Child Marriage , Recongnize and Value Unpaid Care and Domestic Work၊ Ensure Women's Participation and Leadership in Decision- making နဲ့ Ensure Universal Access to Sexual and Reproductive Health and Rights ဆိုပြီး Target (၆) ခု ပါဝင်ပါတယ်။ ဒီ SDG Goalတွေကို ကမ္ဘာ့နိုင်ငံအသီးသီးကလည်း တတ်စွမ်းသလောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ နိုင်ငံအားလုံးကို မပြောတော့ဘဲ အစီအစဉ် ဖိတ်ကြားခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံနဲ့ မိမိတို့မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် သက်ဆိုင်ရာ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိတဲ့ နိုင်ငံတကာ သတ်မှတ်ထားတဲ့ညွှန်ကိန်းများ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာအခွင့်အရေးလှုပ်ရှားနေတဲ့ အဖွဲ့အစည်းများ၊ အမျိုးသမီးများရဲ့ လူမှုဘဝမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အနည်းငယ် လေ့လာကြည့်ကြရအောင်ပါ။

## ကိုရီးယားသမ္မတနိုင်ငံ၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများ

ကိုရီးယားအမျိုးသမီးများရဲ့ဘဝဟာ ကွန်ဖြူးရှပ်ဝါဒကို အခြေခံဖွဲ့စည်းထားတဲ့ လူနေမှုဘဝဖြစ်တဲ့အတွက် အမျိုးသားများနဲ့ တန်းတူအခွင့်အရေးမရရှိဘဲ များစွာခွဲခြားဆက်ဆံခံရပါတယ်။ ဒါ့အပြင် ဂျပန်ဘုရင့်တပ်မတော်ရဲ့ နယ်ချဲ့စိုးမိုးမှုခံရတဲ့ နှစ်ကြိမ်မှာလည်း လိင်ဖျော်ဖြေရေးအမျိုးသမီးများအဖြစ် အတင်းအကြပ်စေခိုင်းခံရတဲ့အတွက် ဒီနေ့ထိ လူမျိုးအလိုက် နာကျင်ခံစားမှုတွေ ရှိနေပါသေးတယ်။ ဒီလိုနာကျင်မှုတွေနဲ့ မျက်မှောက်ကာလမှာ အမျိုးသမီးများ ဘဝလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ကိုရီးယားသမ္မတနိုင်ငံမှာ အမျိုးသမီးအခွင့်အရေးအတွက် ဦးစီးဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနကတော့ Ministry of Gender Equality and Family ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဝန်ကြီးဌာနရဲ့လက်အောက်နဲ့ Semi Governmentalအဖွဲ့အစည်းများ၊ လွတ်လပ်တဲ့အဖွဲ့အစည်းများကလည်း အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထင်ရှားတဲ့ အဖွဲ့အစည်းတွေကတော့ Korea Women's Associations United , Korea Women Development Instituteနဲ့ Korean Institute for Gender Equality Promotion and Educationတို့ ဖြစ်ပါတယ်။

စီးပွားရေးနဲ့နည်းပညာအရ ဖွံ့ဖြိုးပြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေတဲ့ ကိုရီးယားသမ္မတနိုင်ငံဟာ အမျိုးသမီးဆိုင်ရာ စာရင်းအင်းနဲ့ ကိန်းဂဏန်းတွေမှာ အားရစရာတော့ မကောင်းလှပါဘူး။ နိုင်ငံတကာ စံနှုန်းအရ ကျား/ မ တန်းတူညီမျှမှုကို Gender Gap Indexလို့ခေါ်တဲ့ GGI နဲ့တိုင်းပါတယ်။ အဲ့ဒီ GGIကို GDP, GDP per Capita Population , Population Growth Rate , Population Sex Ratio နဲ့ Human Capital Inde x Score တို့အပေါ် မှီငြမ်းတွက်ချက်ထားတာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံရဲ့ Economic Participation and Opportunity အနေနဲ့ ကမ္ဘာ့အဆင့် 124၊ Educational Attainment u 100၊ Health and Survivalက 87နဲ့ Political Empowerment ကတော့ ၉၂ ဖြစ်တာကြောင့် ၂၀၁၈ ခုနှစ်အတွက် Gender Gap Indexလို့ခေါ်တဲ့ GGI ဟာ ကမ္ဘာ့နိုင်ငံ ၁၄၉ နိုင်ငံမှာ အဆင့် ၁၁၅ အဖြစ်ရပ်တည်ပါတယ်။ လက်ရှိအခြေအနေအရ အခြေခံအဆောက်အအုံနဲ့ လူနေမှုအဆင့်အတန်းတိုးတက်ပြီးတဲ့နောက် အစိုးရဟာ ပြည်သူပြည်သားတွေရဲ့ ဘဝနေထိုင်မှုပျော်ရွှင်စေဖို့နဲ့ ဘေးကင်းလုံခြုံဖို့ကို ဒီနှစ်ပိုင်းတွေမှာ အလေးထားဆောင်ရွက်နေတာတွေကို အထင်အရှားတွေ့မြင်နေရပါတယ်။ မကြာခင်ကာလမှာ အရှိန်ရအားကောင်းလာမယ့် အလားအလာတွေလည်း ရှိနေပါပြီ။

## မြန်မာနိုင်ငံ၏ အမျိုးသမီးဆိုင်ရာလှုပ်ရှားမှုများ

မိမိတို့ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများအတွက် လှုပ်ရှားမှု အခန်းကဏ္ဍကို အနည်းငယ်ပြောကြားပါ့မယ်။ နိုင်ငံရဲ့အတိတ်သမိုင်းကြောင်းနဲ့ နိုင်ငံရေးအခြေအနေများကြောင့် မြန်မာအမျိုးသမီးများရဲ့ ကျား/ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်မှု မြှင့်တင်ရေးတွေမှာ အထူးသဖြင့် နားလည်မှုနဲ့ သတိပြုရန်အချက်တွေ၊ မညီမျှမှုကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေ၊ အမျိုးသားအဆင့် လုပ်ငန်းယန္တရားတွေ၊ စွမ်းဆောင်ရည်တွေ၊ အထောက်အကူပြုကိရိယာတွေနဲ့ နည်းလမ်းတွေကို ချမှတ်ရန် နှောင့်နှေးခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းမငြိမ်းချမ်းမှုတွေ၊ စစ်ဘေးရှောင်စခန်းတွေနဲ့ မိဘမဲ့အမျိုးသမီးတွေအပြင် လက်ရှိအမျိုးသမီးများရဲ့ဘဝ ဘေးကင်းလုံခြုံမှုဟာ စိန်ခေါ်မှုတွေနဲ့များစွာ ရင်ဆိုင်ရလျက်ရှိပါတယ်။

ဒီစိန်ခေါ်မှုတွေနဲ့ အမျိုးသမီးများအတွက် အခွင့်အလမ်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ National Strategic Action Plan for the Advancement of Women-NSPAWလို့ခေါ်တဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို ဦးစားပေးကဏ္ဍ (၁၂) ခုနဲ့ ဖွဲ့စည်းထားပြီး Beijing Platform for Action – BPFAနဲ့ ချိန်ညှိ လုပ်ဆောင်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ကျား/မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ Gender Equality and Women's Empowerment – Sectoral Working Groupကို ၂၀၁၇ ခုနှစ်မှာ ထူထောင်ခဲ့ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက သဘာပတိအဖြစ် NSPAW ညှိနှိုင်းရေး၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ အခြားသက်ဆိုင်ရာ Stakeholderများနဲ့ပူးပေါင်းပြီး မြန်မာအမျိုးသမီးများအတွက် အခွင့်အလမ်းနဲ့ ဘေးကင်းလုံခြုံမှုအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ပေးနေပါတယ်။

ဒါ့အပြင် လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း နိုင်ငံတစ်ဝှမ်းရှိ ဘက်ပေါင်းစုံမှ သက်ဆိုင်သူများ ပါဝင်တဲ့ ကျား/မဆိုင်ရာ လုပ်ငန်းယန္တရားများကို ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်သော ရာထူးနေရာတွင် အမျိုးသမီးဦးရေအရေအတွက် တိုးမြှင့်လာခြင်းနဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan– MSDP)တွင် ကျား/မရေးရာ အခန်းကဏ္ဍ ညွှန်ကိန်းဟာ ညွှန်ကိန်းအားလုံးရဲ့ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး၊ ညွှန်ကိန်း (၄၆) ခုမှာ ကျား/မဆိုင်ရာညွှန်ကိန်းများဖြစ်ကာ SDGs ညွှန်ကိန်း (၃၀) နဲ့ ကိုက်ညီအောင် ထည့်သွင်းထားတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ကျား/မကဏ္ဍမှာ ယခင်ထက်ပိုပြီး အလေးထားဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။

နိုင်ငံတကာစံနှုန်း အချက်အလက်အလက်များကို ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ Economic Participation and Opportunityအနေနဲ့ ကမ္ဘာ့အဆင့် ၃၅၊ Educational Attainment က ၉၈ , Health and Survival က ၆၁နဲ့ Political Empowerment ကတော့ ၁၃၃ ဖြစ်တာကြောင့် ၂၀၁၈ ခုနှစ်အတွက် GGI ဟာ ကမ္ဘာ့နိုင်ငံ ၁၄၉ နိုင်ငံမှာ အဆင့် ၈၈ အဖြစ် ရပ်တည်ပါတယ်။

**နိဂုံး**

နိုင်ငံအသီးသီးမှာ အမျိုးသမီးများနဲ့ အမျိုးသားများရဲ့ လူဦးရေ အချိုးအစားဟာ ထက်ဝက်နီးပါး ရှိပါတယ်။ ဒီအချိုးအစားအရ မည်သည့်နိုင်ငံမဆို စီးပွားရေး၊ လူမှုရေး၊ ပညာရေးစတဲ့ ကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အရေးပါတယ်ဆိုတာ ငြင်းဆိုဖွယ်မရှိပါဘူး။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများရဲ့ အခန်းကဏ္ဍတွေကို ပိုမိုမြှင့်တင်ရန် အရေးတကြီး လိုအပ်နေကြောင်းကို KOICA ပံ့ပိုးမှုနဲ့ တက်ရောက်ခဲ့တဲ့ Capacity Development for Women Leadership အစီအစဉ်က လေ့လာသိရှိခဲ့တဲ့ အချက်အလက်များအပေါ် အခြေခံပြီး ကိုရီးယားသမ္မတနိုင်ငံနဲ့ မိမိတို့ မြန်မာနိုင်ငံမှာ လတ်တလော ဆောင်ရွက်နေတဲ့ အခြေအနေနဲ့ ညွှန်ကိန်းများကို မိတ်ဆက်သဘောအနေနဲ့ စုစည်းတင်ပြလိုက်ပါတယ်။

**မှီငြမ်း**

**၁။ ဘေဂျင်းလုပ်ငန်းစီမံချက် (၁၉၉၅) အကောင်အထည်ဖော်ခြင်းနှင့် ၂၀၀၀ ခုနှစ် အထွေထွေညီလာခံ၏ ၂၃ ကြိမ်မြောက် ဆွေးနွေးပွဲရလဒ်များအပေါ် အမျိုးသားအဆင့်လေ့လာသုံးသပ်ခြင်းအစီရင်ခံစာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။**

**၂။ Myanmar Sustainable Development Plan – MSDP**

**၃။ Women's Movement & Gender Equality Policy in Korea, Dr. CHO Young- Sook, Korea Women's Associations United**

**၄။ Leave No One Behind: SDGs and Gender, Dr. CHANG Eun Ha, Korean Women's Development Institute**



# အမှန်မြင်မှ အမြင်မှန်မှာလား
# အမြင်မှန်မှ အမှန်မြင်မှာလား

|ဒေါက်တာညီညီမောင်|

**နိဒါန်း**

လူတစ်ယောက်ပဲဖြစ်ဖြစ်၊ မိသားစုတစ်စုပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ရပ်ပဲဖြစ်ဖြစ်၊ အာဏာရအစိုးရ တစ်ရပ်ပဲဖြစ်ပါစေ အမြဲတမ်းပြစ်တင်ရှုံ့ချခံကြရတာမျိုး၊ အပြုသဘောပဲဖြစ်ဖြစ်၊ တမင်အကွက်ဆင် ထိုးချကြတာပဲဖြစ်ဖြစ် အပြစ်မြင်ကြတာ၊ ချီးကျူးကြတာက လူ့မနော၊ လူ့သဘောတွေသာ ဖြစ်ပါတယ်။ တကယ်တော့ စာရေးသူ အပါအဝင် လူအတော်များများက အန္ဓပုထုဇဉ် အဆင့်မျှသာ။ ဒါကြောင့် စာရေးသူအနေဖြင့် မိမိကိုယ်တိုင်ရော၊ စာဖတ်သူများကိုပါ အသိစိတ်လေးတွေ ထိန်းချုပ်ပြီး သတိတရား လက်ကိုင်ထားကာ အမြင်မှန်အောင် လေ့ကျင့်ဖို့နှင့် အမှန်မြင်တတ်အောင် အသေအချာ လေ့လာကြစေဖို့ သတိပေးလိုရင်းဖြင့် ဒီဆောင်းပါးလေးကို ရေးသားလိုက်ရတာပါ။

တကယ်တော့ လောကကြီးမှာ ဘယ်ဘာသာတရားကမဆို မနာလိုဝန်တို မစ္ဆရိယစိတ်နည်းနိုင်သမျှ နည်းပါးပြီး မုဒိတာတရားလက်ကိုင်ထားကာ ကောင်းတဲ့ဘက်က အပြုသဘောဆောင်နေထိုင်ခြင်းကို တွန်းအားပေးကြတာချည်းဖြစ်ပါတယ်။ အဆိုးမြင်ဝါဒသမားတွေပဲဖြစ်ဖြစ်၊ အဆိုးတွေကို လုပ်ဆောင်ရင်ပဲဖြစ်ဖြစ် လူသားဆန်တဲ့လူသားတိုင်းက အမှန်ကိုမြင်အောင်နှင့် အမြင်မှန်အောင် မလုပ်ဆောင်ကြရင်တော့ လူ့ဘောင်လောကအပြင်ဘက်ကို ရောက်မှန်းမသိ ရောက်သွားကြတာချည်းပါ။ အကောင်းမြင်ဝါဒဆိုတာ ငြိမ်းချမ်းမှုဆီကို တွန်းအားပေးတဲ့ အရာတစ်ခုဆိုလည်းမမှားပါဘူး။ ဒီဆောင်းပါးလေးကို ဖတ်ကြည့်ရင်း အမုန်းအာဃာတတွေကို လျှော့ချကြပြီး ချစ်သောမျက်စိဖြင့် အပြုသဘောဆောင်အကောင်းမြင်ကြပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောစေဖို့ ငြိမ်းချမ်းရေးတေးတွေ ပြိုင်တူဆိုနိုင်ကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ တကယ်တော့ အမုန်လည်း မြင်အောင်ကြည့်နိုင်မှ အမြင်လည်းမှန်ပါမှ နိုင်ငံတော်တည်ဆောက်သည့်နေရာမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်နိုင်မှာလည်း ဖြစ်ပါတယ်။

## အကောင်းမြင်ဝါဒရှိမှသာ

ကိစ္စတစ်ရပ်ရပ်ကို အဖြေရှာကြတာပဲဖြစ်ဖြစ်၊ ချဉ်းကပ်တာပဲဖြစ်ဖြစ်၊ အကောင်းမြင်ဝါဒသမားကတော့ အပြုသဘောဆောင်တဲ့ဘက်က တွေးပေးတတ်၊ မြင်ပေးတတ်ကြပြီး၊ အဆိုးမြင်သမားကတော့ အခြားလူတွေမတွေးတဲ့ဘက်က တွေးတတ်မြင်တတ်ပြီး အဖျက်ဘက်ကို ဦးတည်တတ်ကြပြန်ပါတယ်။ အမြင်မတူတာက ရန်သူမဟုတ်ပါ။ တိုးတက်ဖို့ ပြဿနာအဖြေရှာနိုင်ဖို့ အခြားအမြင်တစ်ဖက်ကနေထောက်ပြ ဆွေးနွေးဖလှယ်တာကလည်းအမှန်မြင်ဝါဒ၊ အကောင်းမြင်ဝါဒလို့ပဲ ဆိုရပါလိမ့်မယ်။ အမှန်သိအောင် အမြင်မှန်အောင်လေ့ကျင့်ထားဖို့၊ အမြင်မှန်အောင် အမှန်မြင်တတ်အောင် လေ့လာထားဖို့ကငယ်စဉ်ကတည်းက အကောင်းမြင်ဝါဒကို လက်ခံထားတတ်ဖို့ ပြုစုပျိုးထောင်ကြရတာပဲမဟုတ်လား။ ပြဿနာတစ်ခုကိုချဉ်းကပ်တဲ့အခါ ဖြစ်ပေါ်လာနိုင်တဲ့ အဆိုးအကောင်းတွေကို စနစ်တကျ ကြိုတင်တွက်ဆထားကြရတာကလည်းသဘာဝပါ။ ငါ ဒီလိုလုပ်လိုက်ရင် သူတို့အလုပ်မဖြစ်တော့ဘူး၊ ငါပြောလိုက်ရင် သူတို့ရည်မှန်းချက်ပျက်စေရမည် စသည်စသည် အဆိုးမြင်အတွေးတွေကတကယ်တမ်းမှာ လောကအတွက်ရော၊ ပြဿနာရင်ဆိုင်နေရသူတွေအဖို့ပါ အတော်လေးစိတ်ပျက်စရာပါ။ အပြောလွယ်သလောက် အလုပ်ခက်တယ်ဆိုတာ စာရေးသူအပါအဝင် စာဖတ်သူတို့လည်း လက်ခံကြမှာပါ။ တကယ်တော့ အကောင်းမြင်ဝါဒ အမြဲရှိနိုင်ဖို့ဆိုတာ သာမန်လူသားတွေအဖို့လုပ်နိုင်ခဲလှပါတယ်။ နောက်ထပ်တင်ပြရရင် တာဝန်ဝတ္တရားနှင့် လူမှုရေးမရောထွေးရပေမဲ့ သီးသန့်ခွဲခြားလုပ်ကိုင်နိုင်သူက လက်ချိုးရေရမလောက်ပါပဲ။ လူသားတိုင်းက အသားဖြူတာ၊ မဲတာ၊ ဆုကျုံးနိမ့်မြင့် ပညာတတ်ခြင်း၊ မတတ်ခြင်းနှင့်လည်း မဆိုင်ဘဲ ကျင်လည်ခဲ့ရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၊ ဆုံးမသွန်သင်မှု၊ ပညာတို့၏သဘောတို့ကို အခြေခံပြီး လူ့ကျင့်ဝတ်ကိုလိုက်နာတတ်ကာ အကောင်းမြင်စိတ်ကို မွေးမြူနိုင်ခဲ့မှသာ အကောင်းမြင်ဝါဒရှိသူတစ်ယောက် ဖြစ်လာနိုင်တာပါ။ ဘယ်နေရာမှာမဆို အပြုသဘောဆောင် အကောင်းမြင်ပြီး ဆွေးနွေးအဖြေရှာကြမည်ဆိုလျှင် နိုင်ငံတိုင်းတည်ဆောက်နေသည့် ငြိမ်းချမ်းသာယာဝပြောတဲ့နိုင်ငံကို အသေအချာပဲ ရောက်ရှိလာမှာပါ။ မေတ္တာတရားကို အရင်းခံတဲ့ နိုင်ငံတော်တစ်ခုအဖြစ်လည်း ရပ်တည်လာနိုင်မှာပါ။

## အမှန်မြင်မှ အမြင်မှန်မယ်/အမြင်မှန်မှ အမှန်မြင်မယ်

စာရေးသူအနေဖြင့် ဒီခေါင်းစဉ်ကို လူမှုကွန်ရက်မှာတင်ပြီး ရွေးချယ်စေခဲ့တဲ့အခါ အတော်များများကတော့ ကိုယ်နှစ်သက်ရာကိုပဲ ရွေးချယ်ပေးခဲ့ကြတာကို တွေ့ရပါတယ်။ ကိုယ့်အတွေ့အကြုံနှင့် ခံစားချက်ပေါ် မူတည်ပြီး အမှန်မြင်မှ/ အမြင်မှန်မှ စသည်စသည် အငြင်းပွားကြပြန်ပါတယ်။ တချို့သော မိတ်ဆွေတွေကတော့ နှစ်ခုလုံးပြည့်စုံဖို့လိုတယ်ဆိုသောအဖြေကို ပေးကြပါတယ်။ ခု စာဖတ်သူတို့ရော ဘယ်လိုမြင်ကြပါသလဲ။ အကြောင်းအရာတစ်ခုကို အသေအချာနားထောင် ဖတ်ရှုပြီး အမှန်ကိုမြင်အောင်ကြည့်တတ်ဖို့လည်း လိုအပ်သလို၊ စတင်က

တည်းက အမြင်မကြည်မလင်နှင့် ဖတ်လိုစိတ်၊ နားထောင်လိုစိတ်၊ တက်ကြွပူးပေါင်းလိုစိတ်မရှိတဲ့ အမြင်မှန်ဖို့ တွန်းအားမပေးတဲ့ စိတ်ထားပိုင်ရှင်တစ်ယောက်အဖို့တော့ ကောင်းသည့်အလုပ်ဖြစ်စေ / မကောင်းသည့်အလုပ်ဖြစ်စေ ဆန့်ကျင်ဘက်ကိုသာ လုပ်ဆောင်ဖို့ အမြဲလိုလိုတွေးခေါ်ကြံဆ လုပ်ကိုင်မှုတွေဆီကို ရောက်သွားကြတာပါပဲ။

စာရေးသူတို့ နိုင်ငံက ဘာသာတရားတိုင်းကို အလေးအမြတ်ထားတဲ့နိုင်ငံတစ်ခုပါ။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်အများစုရှိတဲ့၊ ဗုဒ္ဓဝါဒလွှမ်းမိုးမှု အများဆုံးရှိတဲ့နိုင်ငံလို့လည်း ဆိုရမှာပါ။ ဗုဒ္ဓရဲ့ ဆုံးမလမ်းညွှန်မှုတွေကို မိရိုးဖလာ လိုက်နာကျင့်သုံးကြသူတွေကများပြီး ဘာသာတရားကို ထဲထဲဝင်ဝင်လေ့လာပြီး လိုက်နာကျင့်ကြံကြသူတွေက နည်းပါးလာတာလည်းအမှန်ပါ။ ကမ္ဘာမှာ အစွန်းရောက်ဝါဒသမားတွေ တဖြည်းဖြည်း လွှမ်းမိုးလာပြီး ကမ္ဘာ့နိုင်ငံတွေကို ခြိမ်းခြောက်နေကြပြီဖြစ်လို့ နိုင်ငံတိုင်းက အစွန်းရောက်ဝါဒသမားတွေကို အကြမ်းဖက်များအဖြစ် ဆန့်ကျင်ပြီး အမြစ်ပြတ်ချေမှုန်းကြဖို့လည်း တွန်းအားပေးလုပ်ဆောင်လာကြပါတယ်။ အကောင်းမမြင်ခြင်းက အမြင်မမှန်တာကစသလို၊ အမှန်မမြင်တတ်တာကလည်း စပါတယ်။ နိုင်ငံတော်က ချမှတ်သည့် ဘယ်ပေါ်လစီ ဘယ်မူဝါဒကိုမှ အကောင်းမမြင်တတ်ခြင်းက အဆိုးမြင်သည့်ဘက်ကို အလိုလို ကူးပြောင်းရောက်ရှိသွားတာမို့ အများပြည်သူကို အကျိုးမပြုစေဘဲ အကျိုးမဲ့ လုပ်ရပ်တွေဘက်ကို ဦးတည်သွားစေတာပါ။

လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလတွေမှာ အတွေးအခေါ်အယူအဆတွေ ကွဲလွဲခဲ့ပြီး ရောင်စုံသူပုန်ခေတ်ကနေ ယနေ့အချိန်ထိအောင် ငြိမ်းချမ်းရေးအတွက် အစိုးရအဆက်ဆက် ဆွေးနွေးပွဲတွေလုပ်ပြီး အကြေအလည် ညှိနှိုင်းနေရဆဲအခြေအနေကို သုံးသပ်ကြည့်လျှင် အရှင်းသား မြင်နိုင်မှာပါ။ တစ်ဦးပေါ်တစ်ဦး အကောင်းမြင်တတ်ကြဖို့နှင့် နိုင်ငံရေးဆက်သာယာဝပြောအောင် လုပ်ကြမည်ဟူသော ဘုံသဘောတူညီချက်တစ်ခုတည်းပေါ်မှာ လျှောက်ကြမည်ဆိုလျှင် မဝေးတော့သည့် အနာဂတ်မှာ မြန်မာနိုင်ငံအနေဖြင့် ပန်းများလုပစ္စာပွင့်သည့်ကာလကို ရောက်ရှိလာမှာပါ။ တစ်ဦးပေါ်တစ်ဦး ယုံယုံကြည်ကြည်



နှင့် အကောင်းမြင်ဝါဒကိုလက်ခံပြီး အမှန်မြင်အောင် ကြည့်ဖို့နှင့် အမြင်မှန်မှန်ဖြင့် ဆုံးဖြတ်လုပ်ကိုင်နိုင်ကြဖို့က အရေးပါလှပါတယ်။ အိမ်ထောင်စုတစ်ခု၊ တိုင်းပြည်တစ်ပြည် အစွန့်ရှည်တည်တံ့ခိုင်မာဖို့က အမြင်မှန်မှန်နှင့် အမှန်မြင်တတ်အောင်ကြည့်ပြီး အတူလက်တွဲ ပူးပေါင်းကြမှသာ ဖြစ်မှာပါ။

**ဘုံသဘောထားတူကြပါမှ**

နိုင်ငံတည်ဆောက်သည့်အခါ မတူကွဲပြားသည့် အတွေးအခေါ်၊ အယူအဆ၊ အလုပ်အကိုင်မျိုးစုံ၊ လူမျိုးစုံ ကွဲပြားခြားနားနေကြပေမဲ့ နိုင်ငံအတွက်ဆိုသည့် ဘုံသဘောတူညီချက်တစ်ခုကို ပန်းတိုင်အဖြစ်ထားရှိပြီး လက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် မရောက်သည့်ပန်းတိုင်ဆိုတာ ရှိမှာမဟုတ်ပါဘူး။ ဘေးတိုက်လိုက်သည်ဖြစ်စေ၊ ဦးဆောင်သူတွေချည်းဖြစ်နေသည်ဖြစ်စေ၊ နောက်လိုက်တွေချည်းဖြစ်နေသည်ဖြစ်စေ မည်သည့် စီမံကိန်း၊ စီမံချက်တွေ၊ မူဝါဒနှင့် ပေါ်လစီတွေချမှတ်ပါစေ လက်တွေ့အကောင်အထည်ဖော်မှုဘက်ကို မရောက်တော့ဘဲ စာရွက်ပေါ်မှာပဲ ပျောက်ကွယ်သွားကြမှာပါ။ အောင်မြင်တဲ့ပေါ်လစီဖြစ်ဖြစ်၊ စီမံချက်တွေဖြစ်ဖြစ် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စွမ်းက အဓိကကျပြီး ပြဿနာများကို နည်းမျိုးစုံဖြင့် အဖြေရှာနိုင်ခဲ့ကြလို့သာ ဘုံလမ်းကြောင်း တစ်ခုအပေါ်

ရောက်ရှိလာခြင်းသာဖြစ်ပါတယ်။ ဘုံသဘောတူ လမ်းကြောင်းတစ်ခုအပေါ်ရောက်ရှိဖို့ အမြင်မတူသူတွေရဲ့ အမြင်တွေကိုစုစည်းပြီး အမှန်မြင်တတ်အောင် အသေအချာ လေ့လာသုံးသပ်အဖြေရှာပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်အောင် ပံ့ပိုးပေးနိုင်မှသာ အခက်အခဲတွေကို ရှုထောင့်မျိုးစုံက သုံးသပ်အဖြေရှာနိုင်ကြမှာပဲ ဖြစ်ပါတယ်။ ဦးဆောင်သူကလည်း လက်တွေ့ကျကျ လုပ်ဆောင်ပြပြီး လူအများစု၏ ယုံကြည်မှု၊ ကိုးစားမှုကိုခံရဖို့၊ နောက်လိုက်များကလည်း ဦးဆောင်သူ၏ ဦးဆောင်မှုကို လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးနိုင်မှု၊ မှန်ကန်သည့် မူဝါဒလမ်းကြောင်းကို အမှန်တကယ်မြင်ပြီး အကောင်အထည်ဖော်ပြနိုင်မှုတွေက လမ်းမှန်ကိုရောက်ဖို့ အတော်နီးစပ်လှပါတယ်။ အောင်မြင်တဲ့ လုပ်ငန်းစုများနှင့် ဌာနအဖွဲ့အစည်းများကို သေချာကြည့်လျှင် အဖွဲ့အစည်းအတွက် ပြောင်းလဲမှု၊ နောက်လိုက်ကောင်းများဖြစ်လာအောင် ဖန်တီးတည်ဆောက်ထားမှု၊ သွားရောက်ရမည့် ပန်းတိုင်တစ်ခုတည်းကို အသေအချာချပြထားပြီး အမြင်မှန်အောင်နှင့် အမှန်မြင်အောင် ကြိုတင်ပြထားမှု၊ လိုက်နာနိုင်အောင် အရည်အသွေးများဖြည့်တင်းထားမှု၊ လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံအောင် ကြိုတင်ဖန်တီးထားမှု၊ ဦးဆောင်သူအပေါ် နောက်လိုက်တို့၏ ယုံကြည်ကိုးစားမှု၊ အကောင်းမြင်ဝါဒဖြင့် မိသားစုစိတ်ဓာတ်ပြည့်ဝစွာ ကူညီဖြေရှင်း ဖော်ဆောင်မှု၊ မိမိအဖွဲ့အစည်းအတွင်းမှ ပါဝင်သူတို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ ပြေလည်အောင် ကြံဆကူညီမှုနှင့် တာဝန်ကို ခွဲဝေယူတတ်ပြီး တာဝန်ခံမှုစသည့်အချက်များကို အသေအချာ လုပ်ဆောင်ခဲ့ကြတာကို တွေ့ရမှာပါ။ စာဖတ်သူတို့အနေဖြင့် ဘာဖြစ်ချင်လဲဆိုသည့် လမ်းကြောင်းကို သေချာချမှတ်ပြီးသည်နှင့် ဘာတွေလိုသလဲ၊ ဘာတွေကို ပြင်ဆင်ရမလဲ၊ ဘာပြဿနာတွေရှိလာနိုင်လဲဆိုတာကအစ သေချာပြင်ဆင်ထားပြီး နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေဘဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရင်း ဘုံလမ်းကြောင်းတစ်ခုအပေါ် မိသားတစ်စုလုံးရောက်အောင် လျှောက်လှမ်းကြဖို့က အရေးကြီးလှပါတယ်။

**အကြံပြုချက်နှင့်နိဂုံး**

ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်မီးတွေ လွှမ်းမိုးနေပြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတစ်ခုဖြစ်နေသည့် လူနေမှုအဆင့်၊ တစ်ဦးချင်းဝင်ငွေ အနည်းဆုံးနိုင်ငံဖြစ်နေတဲ့ စာရေးသူတို့နိုင်ငံကြီးကို ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်မည့် ဘုံလမ်းကြောင်းတစ်ခုကို အတူလျှောက်လှမ်းကြရမည့် အချိန်ကာလကို ရောက်ရှိနေပါပြီ။ တွေဝေငေးမောနေချိန်လည်း မဟုတ်တော့ပါဘူး။ နိုင်ငံရပ်ခြားကို အလည်ရောက်ဖူးသူတိုင်းက အဝေးကနေ ကိုယ့်နိုင်ငံကို ပြန်ကြည့်တဲ့အခါ အားမလို အားမရတဲ့ခံစားချက်တွေကို ခံစားဖူးကြမှာပါ။ သယံဇာတလည်းရှိ ပထဝီဝင်အနေအထားအရလည်း ရေပိုင်နက်၊ ကုန်းမြေပိုင်နက်၊ အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် စာရေးသူတို့ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအနေအထားကနေ ကျွတ်ချိန်တန်ပြီလို့ ယူဆမိပါတယ်။ နိုင်ငံအတွက်ဆိုသည့် ဘုံလမ်းကြောင်းတစ်ခုကို အတူတကွလျှောက်လှမ်းဖို့ အမှောင့်ပယောဂတွေကို တွန်းလှန်ပြီး အနာဂတ်ပန်းလေးတွေ လှပစွာ ပွင့်ဖူးလာစေဖို့ အမှန်ကိုမြင်ပြီး အမြင်မှန်စေဖို့နှင့် အမြင်မှန်အောင်ကြည့်ပြီး အမှန်မြင်တတ်လာစေဖို့ အားထုတ်ချိန်ကိုလည်း ကျရောက်နေပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီ တိုးတက်ဖို့ဆိုတာ စီးပွားရေးအဆောက်အဦကောင်းတွေကို ဖန်တီးပုံဖော်ကြဖို့ လိုပါတယ်။ စီးပွားရေးအဆောက်အဦကောင်းတွေ ရေရှည်တည်တံ့ဖို့က ငြိမ်းချမ်းသာယာသည့် လူမှုဝန်းကျင်ကို တည်ဆောက်ကြမှသာဖြစ်လာနိုင်တာပါ။ ဒေသတိုင်း ဖွံ့ဖြိုးတိုးတက်လာစေဖို့ကတော့ လူသားတိုင်း၊ ဦးဆောင်မှုအပိုင်းမှာ ပါဝင်နေကြသူတိုင်း၊ ပြည်သူတစ်ဦးချင်းစီက အကောင်းမြင်ဝါဒကို လက်ကိုင်ထားပြီး အမှန်လည်းမြင်တတ်အောင်၊ အမြင်မှန်အောင်ကြည့်ပြီး ရှေ့ကိုဆက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

× × ×



# ခေါင်းဆောင်ကောင်းနှင့် ကောင်းသောအဖွဲ့အစည်း

|ဝင်းဝင်းဝါ|

ခေါင်းဆောင်လို့ ဆိုလိုက်တာနဲ့ သူ (သို့) သူမဟာ လူတော်တစ်ယောက်ဖြစ်ရမယ်ဆိုတာ မည်သူမဆို သိပြီး သားဖြစ်ပေမဲ့ လူကောင်းတစ်ယောက်ဖြစ်၊ မဖြစ်ကိုတော့ မသိနိုင်ပါဘူး။ ဒါပေမဲ့ ခေါင်းဆောင်ကောင်းလို့ဆိုလိုက်ရင်တော့ သူ (သို့) သူမဟာ ပညာအရည်အချင်း၊ ဆည်းပူးလေ့လာမှု၊ ကြိုးစားအားထုတ်မှု၊ လမ်းသစ်ဖောက်နိုင်မှု၊ ဝန်းကျင်ဝင်ဆံ့မှုတွေနဲ့ အသားကျနေသူဖြစ်ပြီး နောက်ပါ ဆောင်ရွက်သူများအားလုံးကိုလည်း ပျော်ရွှင်စိတ်ကျေနပ်စွာ လက်ခံလုပ်ဆောင်နိုင်အောင် တွန်းအားပေး ဆောင်ရွက်နိုင်သူပဲဖြစ်ပါတယ်။

ကောင်းသောအဖွဲ့အစည်းဆိုတာကတော့ အဖွဲ့အစည်းအတွင်း ပါဝင်သူများရဲ့ ကာယရော ဉာဏများပါ ဖွံ့ဖြိုးပြီး လုပ်ငန်းလုပ်ဆောင်ရာမှာ အောင်မြင်ပျော်ရွှင်မှုများရရှိနေတဲ့ အဖွဲ့အစည်းကို ဆိုလိုပါတယ်။ ညီညွတ်မယ်၊ ဝေမျှမှုရှိမယ်၊ စာနာနားလည်မှုရှိမယ်၊ ပူးပေါင်းဆောင်ရွက်မယ်၊ ခေါင်းဆောင်များနဲ့ နောက်လိုက်များဟာ တစ်ဆင့်ချင်းစီနားလည်မှုရှိစွာ ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းမျိုးပဲဖြစ်ပါတယ်။ ကောင်းသောအဖွဲ့အစည်းဆိုတာဟာလည်း ခေါင်းဆောင်ကောင်းတွေရဲ့ ဦးဆောင်မှုအောက်မှာသာ ရှင်သန်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

## ခေါင်းဆောင်ကောင်းတို့၏ ဂုဏ်ရည်

ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းတွေဟာ ပညာဉာဏ်သတိ၊ အကောင်အထည်ဖော်မှုနဲ့ အကျင့်စရိုက်တွေကို ညီမျှအောင်ထိန်းကျောင်းနိုင်ပါတယ်။ သူတို့မှာ တိကျသေချာတဲ့ ရည်မှန်းချက်ရှိပြီး ရဲရင့်မှု၊ ရိုးသားဖြောင့်မတ်မှု၊ နှိမ့်ချနိုင်မှုနဲ့ အာရုံစူးစိုက်မှုတွေဟာ လုပ်ငန်းအတွက် ဗျူဟာကျကျ စီမံဆောင်ရွက်နိုင်တဲ့ အရည်အချင်းတွေ ဖြစ်ပြီး အဖွဲ့အစည်းအတွင်း ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူဖြစ်စေပါတယ်။ ခေါင်းဆောင်ကောင်းတို့ရဲ့ အရေးပါတဲ့ ကိုယ်ပိုင်အရည်အချင်းငါးခုကတော့ ရည်မှန်းချက်ရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှုရှိခြင်း၊ တာဝန်သိမှုနှင့် တာဝန်ခံနိုင်မှုရှိခြင်း၊ ရဲရင့်မှုရှိခြင်းတို့ဖြစ်ပါတယ်။

## ရည်မှန်းချက်ရှိခြင်း

အရည်အချင်းရှိတဲ့ ခေါင်းဆောင်ကောင်းတွေဟာ ရည်မှန်းချက်ကို ကိုယ်တိုင်ချမှတ်နိုင်ပါတယ်၊ ဆက်လက်ပြီးတော့လည်း အကောင်အထည်ဖော်နိုင်တယ်၊ တစိုက်မတ်မတ် ကိုယ်ပိုင်သတ်မှတ်ချက်များနဲ့ နောက်တွန့်ခြင်းမရှိဘဲ ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါတယ်။ သူတို့မှာ ရှင်းလင်းတိကျပြီး စိတ်လှုပ်ရှားစရာအပြည့်၊ စိတ်ကူးစိတ်သန်း၊ ဆောင်ရွက်ချက်များနှင့် ပြီးပြည့်စုံစေရန် ကြိုးစားဆောင်ရွက်ပြီး သာလွန်ကောင်းမွန်တဲ့ လမ်းသစ်ဖောက်နိုင်တဲ့ ဗျူဟာစီမံကိန်းများကိုလည်း ချမှတ်နိုင်ပါတယ်။

## ရိုးသားဖြောင့်မတ်ခြင်း

ခေါင်းဆောင်ကောင်းဆိုတာ နေရာမရွေး၊ အချိန်မရွေး မိမိတာဝန်ယူထားတဲ့ ပါဝင်သူအားလုံးကို လိုအပ်ချက်များရှိပါက မှန်ကန်စွာပြောဆိုထောက်ပြပြီး အောင်မြင်မှုရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ယုံကြည်မှု အရည်အသွေးကို အခြေခံအဖြစ် တည်ဆောက်နိုင်ပါတယ်၊ ဘက်လိုက်ခြင်းလည်းကင်းပြီး ပါဝင်သူအားလုံးကို စိတ်အားတက်ကြွထက်သန်လာအောင် ဆွဲခေါ်နိုင်ပါတယ်။

## ကိုယ်ပိုင်စီမံခန့်ခွဲနိုင်မှုရှိခြင်း

ကိုယ်ပိုင်စီမံခန့်ခွဲနိုင်ခြင်းဆိုတာကတော့ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာမှာ တာဝန်ခံမှုရှိပြီး မှန်းထားတဲ့ပန်းတိုင်များကိုရောက်ဖို့ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာလည်း အချိန်နဲ့အလုပ်မျှတစေဖို့နဲ့ ကိုယ်ချင်းစာတရား လက်ကိုင်ထားလို့ သူတစ်ပါးဝန်ပိမှုကို ရှောင်ရှားဆောင်ရွက်နိုင်ခြင်း၊ ကိုယ်တိုင် ဦးဆောင်ပါဝင်ခြင်းတို့ ဖြစ်ပါတယ်။

## တာဝန်သိမှုနှင့် တာဝန်ခံနိုင်မှုရှိခြင်း

ခေါင်းဆောင်ကောင်းတွေဟာ သူတို့ရဲ့ တာဝန်ရှိမှုကိုလက်ခံရယူပြီး အမှားများရှိခဲ့ရင်လည်း တာဝန်ခံနိုင်ပါတယ်။ အခြားသူများကိုလည်း သူတို့လိုပဲဖြစ်လာနိုင်ဖို့ မျှော်လင့်ပြီး လမ်းညွှန်ဆောင်ရွက်ပါတယ်။ သူတို့ဟာ လုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နိုင်ပြီး သူတို့ရဲ့ဆုံးဖြတ်ချက်များကိုလည်း ထိရောက်အောင် ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ဖို့ကိုလည်း သူတို့ကိုယ်တိုင်ဝမ်းစာအပြည့် ဖြည့်ပြီးဖြစ်ပါတယ်။ မသိတဲ့သူကို ညွှန်ပြတယ်၊ ကူညီတယ်၊ သိတဲ့သူကို ပိုတော်အောင် စွမ်းဆောင်ပေးနိုင်ပါတယ်။

## ရဲရင့်မှုရှိခြင်း

ခေါင်းဆောင်ကောင်းရဲ့ အရေးကြီးတဲ့ နောက်ဆုံးအရည်အချင်းတစ်ခုကတော့ ရဲရင့်မှုဖြစ်ပါတယ်။ အောင်မြင်မှုရ၊ မရ မသိနိုင်သေးတဲ့ သူတို့ရဲ့ ပန်းတိုင်များ ရရှိလာအောင် ဆောင်ရွက်ရာမှာ တွေ့ရှိရမယ့် စိန်ခေါ်မှု

အခက်အခဲများကို တာဝန်ယူဖြေရှင်းနိုင်တာဟာလည်း ရဲရင့်မှုပဲဖြစ်ပါတယ်။ ရဲရင့်မှုရဲ့ နောက်အဓိပ္ပါယ်တစ်ခုကတော့ သစ္စာရှိခြင်းဖြစ်ပါတယ်။ သစ္စာရှိတဲ့ ခေါင်းဆောင်ကောင်းဟာ သူရဲ့လိုက်ပါဆောင်ရွက်သူတွေ သွေးကွဲစေမယ့် လုပ်ရပ်မျိုး၊ ခွဲခြားချီးမြှောက်ခြင်းမျိုးကို ဘယ်သောအခါမှ မလုပ်ဆောင်တာပဲဖြစ်ပါတယ်။ ဒါတွေကတော့ ခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အသွေးတွေပဲဖြစ်ပါတယ်။

## အဖွဲ့အစည်းကောင်းတို့၏ ဂုဏ်သိက္ခာ

အဖွဲ့အစည်းကောင်းတွေမှာ မိမိတို့အဖွဲ့အစည်းအတွက် ထိရောက်မှုရှိပြီး ဦးစားပေးရမည့် လုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်နိုင်ရန် အတည်ပြုထားပြီး ဖြစ်ပါတယ်။ အချိန်အတိုင်းအတာတစ်ခုအတွင်း လုပ်ငန်းတစ်ခုကိုသာ အာရုံစူးစိုက်ပြီး ထိရောက်စေရန် ကြိုးစားဆောင်ရွက်မှုများနဲ့ ပြန်လည်သုံးသပ်မှုများကိုလည်း လုပ်ဆောင်နိုင်ပါတယ်။ အဖွဲ့အစည်းကောင်းတို့ဟာ လုပ်ငန်းကိုအာရုံစူးစိုက်ခြင်း၊ ထုတ်လုပ်မှုအားကောင်းခြင်း၊ ထိရောက်မှုကို အလေးထားခြင်း၊ ရည်မှန်းချက်ရှိခြင်း၊ မှန်ကန်မှုကို ထိန်းသိမ်းခြင်း၊ စိုးထိတ်မှုများကိုဖျောက်ဖျက်နိုင်ခြင်း၊ ကျွမ်းကျင်သူများကိုမွေးထုတ်နိုင်ခြင်း၊ စိတ်ပင်ပန်းမှုများမှ လွတ်မြောက်နိုင်ခြင်း၊ လုပ်ငန်းခွဲဝေမှုညီမျှခြင်းနှင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။

## နည်းလမ်းအညီ သတ်မှတ်ထားသော လုပ်ငန်းစဉ်အတွင်း ရှင်းလင်းအောင်ဆောင်ရွက်ခြင်း

အဖွဲ့အစည်းအတွက် သတ်မှတ်ထားတဲ့လုပ်ငန်းစဉ် များကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကောင်းမွန်စွာဆောင်ရွက်နိုင်ပြီး ၎င်းတို့ရဲ့ ဆောင်ရွက်ချက်များကိုလည်း ထိရောက်စေပါတယ်။ ရရှိလာသောအကျိုးကျေးဇူးများဖြင့်လည်း ရည်မှန်းချက်ကိုရောက်ရှိနိုင်ပါတယ်။ နားလည်မှုလွဲမှားခြင်း၊ ပဋိပက္ခအသွင်ဆောင်သည့် ငြင်းခုံမှုများကို ရှောင်ကြဉ်ပြီး တစ်ဦးချင်းစီ၏ တရားမျှတမှုများကို မြှင့်တင်ပေးခြင်းများဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

## လုပ်ငန်းပူးပေါင်းဆက်သွယ် ဆောင်ရွက်မှုများ တည်ထောင်ခြင်း

အဖွဲ့အစည်းအတွင်း တစ်ဦးချင်းနှင့် အသင်းအဖွဲ့အတွင်းဖြစ်စေ၊ ကွဲပြားသည့် ဌာနများအတွင်းဖြစ်စေ၊ ရာထူးနှင့် လုပ်ငန်းအတိုင်းအတာအတွင်းဖြစ်စေ ပူးပေါင်းဆောင်ရွက်ဆက်ဆံမှု ကောင်းမွန်စွာ တည်ထောင်ထားနိုင်တဲ့ အဖွဲ့အစည်းဟာ လုပ်ငန်းအောင်မြင်ချောမွေ့မှုနှင့် ထိရောက်မှုကိုဖြစ်ပေါ်စေပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးခြင်း၊ အောင်မြင်သည်ထိရောက်အောင် လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်းတို့ဟာ အဖွဲ့အစည်းတစ်ခု စတင်တည်ထောင်စဉ် သတ်မှတ်ထားသည့်ကောင်းမွန်သော ရည်မှန်းချက်များကြောင့်ဖြစ်ပါတယ်။ လူတစ်ဦးချင်းစီက အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ရာမှာ မိမိတာဝန်ကို သိရှိခြင်း၊ ပူးပေါင်းခြင်း၏ တန်ဖိုးကိုသိရှိခြင်းတို့ဖြင့် ကောင်းမွန်သောရလဒ်ကို ရရှိစေသကဲ့သို့ တာဝန်ကိုသတ်မှတ်၍ အခြားသူများသိရှိရန်ကိုလည်း ဆောင်ရွက်ခြင်းစတဲ့ အလေ့အကျင့်ကောင်းများဟာ လွတ်လပ်၍ ထိရောက်သော ခံစားမှုကို ရရှိစေပါတယ်။

## လူသားရင်းမြစ်နှင့် လုပ်အားများကို ကောင်းစွာအသုံးချခြင်း

ကောင်းမွန်တဲ့ အဖွဲ့အစည်းဟာ လုပ်ငန်းပတ်ဝန်းကျင်အတွင်း လူသားရင်းမြစ်ရဲ့ ကာယနှင့် ဉာဏအင်အားများကို အကောင်းဆုံးစီမံခန့်ခွဲအသုံးပြုနိုင်ပြီး ဖြုန်းတီးခြင်း မဖြစ်စေဖို့ ဆောင်ရွက်နိုင်ပါတယ်။

## ထပ်ပြန်ဆောင်ရွက်ချက်များကို ရှောင်ကြဉ်နိုင်ခြင်း

ကောင်းမွန်စွာဖွဲ့စည်းဆောင်ရွက်ထားတဲ့ အဖွဲ့အစည်းဟာ လုပ်ငန်းအတွင်း ဆောင်ရွက်မှုများအားလုံးကို ထပ်ပြန်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်နိုင်ပြီး အချိန်ကုန်သက်သာစေပါတယ်။ ထပ်ပြန်ဆောင်ရွက်ခြင်းအပြင် အရေးကြီးမှု၊ ထိရောက်မှုကို မခွဲခြားနိုင်ခြင်းတို့ဟာလည်း ရည်မှန်းချက်နှောင့်နှေးစေတဲ့အတွက် ထိုလုပ်ရပ်မျိုးကို အဖွဲ့အစည်းကောင်းတွေဟာ ရှောင်ကြဉ်ကြပါတယ်။

## ဆက်သွယ်ငှားရမ်းဆောင်ရွက်မှုများကို ထိရောက်စေခြင်း

ကောင်းမွန်စွာဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဟာ မိမိလုပ်ငန်းအတွက် အကူအညီရရှိစေတဲ့ ငှားရမ်းအသုံးပြုမှုများကိုလည်း ထိရောက်စွာ စီမံခန့်ခွဲနိုင်ပါတယ်။

## လုပ်ငန်းလုပ်ဆောင်မှုညီမျှခြင်း

ကောင်းမွန်သောအဖွဲ့အစည်းအတွင်း လုပ်ငန်းခွဲဝေဆောင်ရွက်ချက်များဟာ ဟန်ချက်ညီသော၊ ဘက်လိုက်မှုကင်းသော အလုပ်ခွဲဝေမှုကို ဖြစ်ပေါ်စေပါတယ်။ အရည်အချင်းအလိုက်၊ လုပ်နိုင်စွမ်းအလိုက် မည်သူ့ကိုမျှ ချန်လှပ်ခြင်းမရှိဘဲ ပူးပေါင်းဆောင်ရွက်စေပါတယ်။

## အပြောင်းအလဲများကို အသားကျစေခြင်း

အဖွဲ့အစည်းကောင်းတစ်ခုဟာ မိမိပတ်ဝန်းကျင်ရှိ လုပ်ငန်းဆောင်ရွက်မှုနှင့် အပြောင်းအလဲများကို ယှဉ်ပြိုင်မှုဖြင့် အသားကျအောင်ဆောင်ရွက်နိုင်ပါတယ်။ အပြောင်းအလဲနှင့် ခေတ်ရေစီးကြောင်းကိုလိုက်ပြီး သင့်တော်အောင် စီမံဆောင်ရွက်နိုင်ပါတယ်။

## သစ်လွင်သော နေရာ၊ လိုက်ဖက်သည့်အဆင့်နှင့် ချီးမြှင့်မှုများဆောင်ရွက်ခြင်း

ဖွဲ့စည်းမှုကောင်းမွန်ခြင်းဟာ ကောင်းမွန်သော ဖွံ့ဖြိုးမှုရရှိရန်အတွက် မရှိမဖြစ်လိုအပ်သော အဆင့်မြင့်တဲ့ နေရာထိုင်ခင်းများကို ဖန်တီးနိုင်ပါတယ်။ အဓိကကျတဲ့ ဆောင်ရွက်သူများနဲ့ လိုက်ပါဆောင်ရွက်သူများအတွက် လိုက်ဖက်တဲ့ အလုပ်အဆင့်အတန်း၊ နေရာထိုင်ခင်းများနဲ့ ချီးမြှင့်မှုညွှန်ကြားချက်များကို နေရာတကျစီစဉ်နိုင်ပြီး သတ်မှတ်ချက် အရည်အသွေးနဲ့ ပြည့်မီအောင်ဆောင်ရွက်စေပါတယ်။ ထိုမှတစ်ဆင့် အမြင့်ဆုံးသောအဆင့်သို့ ရောက်ရှိနိုင်ရန် သင်တန်းများဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်အရည်အသွေးများကို ရရှိစေနိုင်ပါတယ်။

## လုပ်ငန်းစိစစ်မှုနှင့် အရည်အသွေး သတ်မှတ်မှုအခြေခံရှိခြင်း

အဖွဲ့အစည်းကောင်းဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့အရည်အသွေးနဲ့ ဆောင်ရွက်ချက်များကို စိစစ်သတ်မှတ်နိုင်ရန် အခြေခံအရည်အသွေးကို ထောက်ပံ့ပေးနိုင်ပါတယ်။ မိမိ၏လုပ်ငန်းနေရာအတွက် မိမိသည် မည်မျှအရည်အသွေးရှိပြီး အထောက်အပံ့ပြုနိုင်သည်ကိုလည်း မိမိကိုယ်တိုင် ဆုံးဖြတ်ဖန်တီးနိုင်မှာဖြစ်ပါတယ်။ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းနိုင်ရန် အချိန်ပေး၊ နေရာပေးပြီး ကူညီဆောင်ရွက်မှု ပြုပါတယ်။ လိုက်ပါဆောင်ရွက်သူတွေကလည်း မိမိရဲ့အရည်အသွေးကို တိုးတက်အောင် အချိန်ကုန်ခံပြီး ဆောင်ရွက်ပေးတဲ့ အဖွဲ့အစည်းရဲ့ တန်ဖိုးကို အမြဲအလေးထားနေမှာဖြစ်ပါတယ်။

## အကူအညီများ၊ လစာများ၊ အထောက်အပံ့များနှင့် လုပ်ခများအတွက် စီမံအုပ်ချုပ်နိုင်ခြင်း

အဖွဲ့အစည်းကောင်းဟာ လုပ်ငန်းဆောင်ရွက်သူတစ်ဦးချင်းစီအတွက် ဘဝအာမခံချက်ဖြစ်တဲ့ လုပ်ခလစာ၊ ထောက်ပံ့မှုနဲ့ နောင်ရေးရေးများအတွက်လည်း သေချာတဲ့ ကူညီမှုကို ရရှိစေမှာဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ အဖွဲ့အစည်းကောင်းတွေမှာ မရှိမဖြစ်တဲ့ အချက်တွေပဲဖြစ်ပါတယ်။

နိဂုံးချုပ်ဆိုရရင်တော့ ကောင်းသောအဖွဲ့အစည်းအတွင်း လုပ်ငန်းဆောင်ရွက်နေသူများဟာ အဖွဲ့အစည်းကောင်းရဲ့ဂုဏ်သိက္ခာကို လွှမ်းခြုံရယူနိုင်ကြရပြီး ထို အဖွဲ့အစည်းကောင်းသည်လည်း ခေါင်းဆောင်ကောင်းတို့ ၏ ဂုဏ်ရည်ကြောင့် ပိုမိုတောက်ပြောင်လာမှာဖြစ်ပါတယ်။ ခေါင်းဆောင်ကောင်းကြောင့် ကောင်းသောအဖွဲ့အစည်းဖြစ်လာပြီး ကောင်းသောအဖွဲ့အစည်းကြောင့်လည်း ကာယ၊ ဉာဏဖွံ့ဖြိုးပြီး ပျော်ရွှင်စိတ်ကျေနပ်သော အရည်အသွေးရှိ နောက်လိုက်ကောင်းများပေါ်ထွန်းလာကာ သာယာအောင်မြင်သော ဝန်းကျင်ကို ဖန်တီးနိုင်မှာဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

မှီငြမ်း - **wikipedia from internet**



# လုပ်ငန်းခွင်အတွင်း ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း

## (Critical Thinking and Problem Solving in the Workplace)

| ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့) |

စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော လူမှု–စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မူဝါဒများနှင့် အပြန်အလှန် ညီညွတ်မှုရှိရေးရည်ရွယ်ချက်အပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲဝံ့စွာဆောင်ရွက်နိုင်ရန်အတွက် နယ်ပယ်အသီးသီးတွင် လိုအပ်လျက်ရှိသည့် ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်သောစွမ်းရည်၊ ပြဿနာဖြေရှင်းနိုင်သော စွမ်းရည်နှင့် ခွဲခြားဆန်းစစ်လေ့လာနိုင်သော စွမ်းရည်စသည့် (Soft Skill) လိုအပ်ချက်များ ဖော်ထုတ်နိုင်ရေးနှင့် လက်တွေ့ကျွမ်းကျင်မှု (Hard Skill) လိုအပ်ချက်များ ဖော်ထုတ်နိုင်ရေးသည် အရေးကြီးလှပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးမှုများ ဘက်ညီစွာရရှိနိုင်ရေးအတွက် အဓိကအခြေခံ လိုအပ်ချက်မှာ **လုပ်ငန်းခွင်အတွင်း ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving in the Workplace)** သည် လုပ်ငန်းစဉ်နှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သည့် ရှုထောင့်အားလုံးအပေါ် သက်ရောက်မှုရှိပါသည်။ မိမိတို့ လူ့အသိုက်အဝန်းအပေါ် သက်ရောက်သော ဆုံးဖြတ်ချက်များတွင် လူ အများပါဝင်လာလျှင် စည်းလုံးညီညွတ်သော လူ့အသိုက်အဝန်းတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

### ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း (Critical Thinking)

အခြားဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရေးကဏ္ဍ၌ Critical Thinking အား ဦးစားပေး

သော သင်ရိုးညွှန်းတမ်းအဖြစ် လေ့လာသင်ကြား/ သင်ယူလျက်ရှိပါသည်။ Critical Thinking ဆိုသည်မှာ အကြောင်းအရာ အချက်အလက်တစ်ခုကို သေသေချာချာ စိစစ်သုံးသပ်ပိုင်းဖြတ်ခြင်းဟု အထင်ရှိခဲ့သော်လည်း Critical Thinking သည် ကျောင်းသားများအတွက်သာမက သုတေသနစာတမ်းပြုစုသူများ၊ Social Media နှင့် News Media များအပေါ် သတင်းအချက်အလက်များကို မှန်/မမှန် သုံးသပ်လိုသူများ၊ တိုင်းပြည်အတွက် အရေးပါသော မူဝါဒများကို ချမှတ်အကောင်အထည်ဖော်နေသူများ စသည်ဖြင့် လူတိုင်း၊ လူတိုင်းအတွက် အမှန်တကယ်လိုအပ်သော အရေးကြီးသော Skill တစ်ခုဖြစ်ပြီး အခြား ကျွမ်းကျင်မှုများကဲ့သို့ သင်ယူလေ့ကျင့်၍ရသော Skill တစ်ခုဖြစ်သည်ကို လေ့လာသိရှိ နားလည်သဘောပေါက်ပါသည်။ မိမိအနေဖြင့် ဆန်းစစ်ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းအပိုင်းကို အဓိကထား ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။

ပြဿနာအား စီရင်ချက်ချရန်အတွက် ယင်းအရင်းအမြစ်၏ ရည်ရွယ်ချက်ကိုဆန်းစစ်ခြင်းနှင့် ဆင်ခြင်တုံတရား၊ သံသယ၊ ဘက်လိုက်မှုမရှိသော ခွဲခြမ်းစိတ်ဖြာခြင်း သို့မဟုတ် အချက်အလက်ဆိုင်ရာ သက်သေအထောက်အထားများကို အကဲဖြတ်ခြင်း စသည်တို့အပေါ် စဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါသည်။ ဤအချက်အလက်များသည် စဉ်းစားတွေးခေါ်မှုကို တိုးတက်စေသည့် **'ဆန်းစစ်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအနုပညာ'** လည်း ဖြစ်ပါသည်။ ၎င်းတွင် ထိရောက်သော ဆက်သွယ်ပြောဆိုခြင်းနှင့် ပြဿနာဖြေရှင်းခြင်းစသည့် စွမ်းရည်များပါဝင်ပြီး ကိုယ်ကျိုးအတ္တကြီးခြင်းနှင့် ပုဂ္ဂိုလ်ရေးအစွဲထားခြင်း စသည်တို့ကိုပါ ကျော်လွှားနိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် အခြားသော ပညာရှင်များက ဆန်းစစ်ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် **'မှန်ခြင်းအနုပညာ'** ဟု ဖွဲ့ဆိုထားပါသည်။

အမေရိကန်နိုင်ငံရှိ ပညာရေးအဖွဲ့အစည်းတစ်ခု၏ အဆိုအရ **Critical Thinking ဆိုသည်မှာ အောက်ဖော်ပြပါ အချက်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခြင်းဟု ဆိုလိုပါသည်။**

- တင်ပြလာသောအချက်အလက်များထဲမှ သင့်မြတ်လျော်ကန်သော သတင်းအချက်အလက်များကို ရွေးချယ်ဆုံးဖြတ်နိုင်ခြင်း၊
- ကျိုးကြောင်းညီညွတ်သော အဆိုပြုချက်များနှင့် စိတ်ခံစားမှုကိုအားပေးသော အဆိုများအကြား မှန်ကန်စွာ ခွဲခြားနိုင်ခြင်း၊
- အချက်အလက်နှင့် အထင်အမြင်ကို ခွဲခြားနားလည်ခြင်း၊
- ယုတ္တိမရှိသောအဆိုများကို သိမြင်နိုင်ခြင်း၊
- သက်သေခံအချက်အလက်များ၏ အကန့်အသတ်ရှိမှု၊ လိုအပ်ချက်ရှိမှုများကို အသိအမှတ်ပြုခြင်း၊
- တခြားသူများတင်ပြလာသော အဆိုများတွင် ကျိုးကြောင်းမညီညွတ်မှုများ၊ မရိုးသားမှုများ ပါဝင်ပါကမြင်နိုင်စွမ်းရှိခြင်း၊
- သတင်းအချက်အလက်များကို ကိုယ်တိုင်စိစစ်သုံးသပ်ပြီး တင်ပြနိုင်ခြင်း၊
- မတူညီသော အရင်းအမြစ်များမှရရှိနေသော သတင်းအချက်အလက်များကို ဆက်စပ် ပေးနိုင်ခြင်း၊
- အထင်အမြင်ထက် အချက်အလက်အပေါ် အခြေခံသော၊ ကျိုးကြောင်းဆီလျော်ပြီး လက်ခံနိုင်သော အဆိုပြုချက်ကို တင်ပြနိုင်ခြင်း၊
- အဆိုပြုချက်များကို ပံ့ပိုးရန်အတွက် အသင့်တော်ဆုံး အချက်အလက်များကို ရွေးချယ်နိုင်ခြင်း၊
- အဆိုပြုချက်နှင့် အဆိုတွင်ပါဝင်သော အကြောင်းခြင်းရာအားလုံးကို သေချာကျနစွာ ရှင်းလင်းပြနိုင်ခြင်း၊
- ချဲ့ကားထားသော ကောက်ချက်ဆွဲမှုများကို ရှောင်ရှားခြင်း၊
- အဆိုပြုချက်တစ်ရပ်ကို အများလက်ခံလာအောင် ဆွဲဆောင်ရန်အတွက် သက်သေခံ အချက်အလက်များနှင့် တင်ပြခြင်း၊
- မိမိ၏ အဆိုပြုချက်ကို ကာကွယ်ရာတွင် သက်သေခံ အချက်အလက်များကို **တိတိကျကျ** မှန်မှန်ကန်ကန် အသုံးပြုခြင်း၊
- အရာရာကို လေ့နံ့ခါးထစ်မသတ်မှတ်ဘဲ ပြဿနာတစ်ခုတွင် ဖြေရှင်းချက်တစ်မျိုးထက်မက ရှိနိုင်သည်

ကို အသိအမှတ်ပြုခြင်း၊

- ♦ လုပ်ငန်းတစ်ခု ပြီးမြောက်ရန်အတွက် လုပ်ငန်းစဉ်သတ်မှတ်ရာတွင် သက်ဆိုင်သူအားလုံးနှင့် အကျိုးသက်ရောက်မည့်သူများကို ထည့်သွင်းစဉ်းစားခြင်း၊
- ♦ ပြဿနာတစ်ခုကို ဖြေရှင်းရာတွင် နည်းလမ်းအသွယ်သွယ်စဉ်းစားပြီး တစ်ခုချင်း၏ ကောင်းကျိုးဆိုးပြစ်အပေါ် အခြေခံပြီးဆုံးဖြတ်ချက်ချခြင်း။

**ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်မှုစံချိန်စံညွှန်း (၆) ချက် (6 Critical Thinking Standards)**

၁။ အလွယ်တကူနားလည်ပေးနိုင်မှု (Clarity)၊
၂။ အသေးစိတ် သိနားလည်နိုင်စွမ်း/ ရှင်းပြနိုင်စွမ်း(Depth)၊
၃။ အစွဲကင်းမှု (Breadth)၊
၄။ တိကျမှန်ကန်မှု (Accuracy)၊
၅။ သင့်လျော်မှု /ဆီလျော်မှု (Relevance)၊
၆။ အနုစိတ်တိကျမှု (Precision)။

**ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှု (ကျွမ်းကျင်မှုစွမ်းရည်) (Critical Thinking with Rationale: Skills)**

အဓိက ကျွမ်းကျင်မှုစွမ်းရည်များမှာ ဆုံးဖြတ်ချက်ချခြင်း (Decision Making)၊ ခွဲခြမ်းစိတ်ဖြာခြင်း (Analyzing)၊ ကျိုးကြောင်းဆင်ခြင်ခြင်း (Reasoning)၊ အကဲဖြတ်ခြင်း (Evaluating) နှင့် ပြဿနာဖြေရှင်းခြင်း (Problem Solving) စသည်တို့ဖြစ်ပါသည်။ ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုင်ရာ ကျိုးကြောင်းဆင်ခြင်မှု အချက်အလက်များကို အောက်ပါအတိုင်း လေ့လာသိရှိနိုင်ပါသည်-

- ♦ လုပ်ငန်းကိစ္စရပ်များ/ပစ္စည်းများအား ကျိုးကြောင်းဆီလျော်စွာ အစီအစဉ်တကျ စီခြင်းနှင့် အဖွဲ့ဖွဲ့ခြင်း၊
- ♦ အကျိုးသင့်အကြောင်းသင့် ဆွေးနွေးမှုတည်ဆောက်ခြင်းနှင့် တီထွင်ဖန်တီးခြင်း၊
- ♦ ကျိုးကြောင်းဆီလျော်မှုရှိသော စာသားများအား အသိအမှတ်ပြုခြင်း၊
- ♦ ကျိုးကြောင်းဆင်ခြင်မှုမရှိသော တည်နေရာဝန်းကျင်နှင့် အချေအတင်ငြင်းခုံခြင်းများကို ခွဲခြမ်းစိတ်စစ်ဖြိုခွဲခြင်း၊
- ♦ အသုံးပြုခဲ့သော/အသုံးပြုလျက်ရှိသော အယူအဆများကိုဆန်းစစ်ခြင်း၊
- ♦ ထိမ်ချန်ထားသော အဖြစ်အမှန် ယူဆချက်များကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုခြင်း၊
- ♦ အငြင်းပွားခြင်း၊ အဓမ္မသွေးဆောင်ခြင်းတို့မှ ဖယ်ခွာပြီး ခြုံငုံဆင်ခြင်မှုပြုလုပ်ခြင်း၊



- ကျိုးကြောင်းခိုင်လုံမှုမရှိသော အကြောင်းပြချက်များနှင့် ကန့်ကွက်ချက်များ သို့မဟုတ် အားသာချက်အား အကဲဖြတ်ခြင်း၊
- အထင်အမြင်မှားခြင်းများအပေါ် အသိအမှတ်ပြုပေးခြင်း၊
- ထင်ထင်ရှားရှားဘက်လိုက်မှုများကို အသိအမှတ်ပြုခြင်းနှင့် ဆက်စပ်သူများအား လျော့ကြေးပေးခြင်း၊
- အမှန်တရားတောင်းဆိုချက်များ၊ ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်နှင့် လက်ခံနိုင်သော အချေအတင်ငြင်းခုံမှုများအား အကဲဖြတ်ခြင်း၊
- ကြိုးပမ်းအားထုတ်မှုတစ်ခုအပေါ် သဘောထားအားထင်ဟပ်ပြသခြင်း၊ အကျိုးသင့် အကြောင်းသင့် ရှင်းပြခြင်းနှင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ခြင်း၊
- မှန်ကန်သောဆုံးဖြတ်ချက် ချမှတ်ခြင်း။

**ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုင်ရာအခြေခံသဘောတရားများ (Principles of Critical Thinking)**

ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်မှုဆိုင်ရာ အခြေခံသဘောတရားသည် သင်ယူနိုင်သော စွမ်းရည်တစ်ခုဖြစ်ပြီး အချက်အလက်၊ သက်သေအထောက်အထားများအပေါ် အခြေခံ၍ ကျိုးကြောင်းဆီလျော်သော၊ ထိရောက်သော ဆင်ခြင်မှုဖြစ်ပါသည်။ ဆန်းစစ်ဝေဖန် ပိုင်းခြားတွေးခေါ်နိုင်မှုအတွက် လေ့လာသင်ယူလိုသော ဆန္ဒသဘောထားသည်လည်း အရေးကြီးပါသည်။ ဆန်းစစ်ဝေဖန်စဉ်းစားတွေးခေါ်နိုင်သူ၏ ကျွမ်းကျင်မှုကိုလေ့လာခြင်း၊ သတင်းအချက်အလက်များနှင့် မိမိအတွေးအခေါ်များကို အခြားသော ဆန်းစစ်ဝေဖန်စဉ်းစား တွေးခေါ်နိုင်သူများနှင့် ဆွေးနွေးဖလှယ်ခြင်းသည်လည်း တန်ဖိုးရှိပြီး အသုံးဝင်သော လေ့လာသင်ယူမှုတစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ လေ့လာသင်ယူမှုအတွေ့အကြုံများဖြင့် တစ်ပါးသူအား မိမိကြားနာခြင်းတစ်ခုတည်းဖြင့် အကဲဖြတ်ခြင်းမဟုတ်ဘဲ အခြားသူများ၏အမြင်နှင့် အကြားများဖြင့် လိုအပ်သော အကြောင်းအရာများအားဖော်ထုတ်ပြီး ကောင်းမွန်သောဆုံးဖြတ်ချက်တစ်ခုကိုချမှတ်နိုင်လာမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် မိမိအတွေးအခေါ်များနှင့် အခြားသူများ၏ အတွေးအခေါ်များဖလှယ်ရာတွင်လည်း ဆန်းစစ်ဝေဖန်ပိုင်းခြား တွေးခေါ်နိုင်သူသည် ကောင်းစွာနားထောင်သူဖြစ်ရသကဲ့သို့ သုတေသီနှင့် မေးခွန်းမေးမြန်းနိုင်သူဖြစ်ရန် လိုအပ်ပါသည်။



**၂၁ ရာစု ကျွမ်းကျင်မှုစွမ်းရည်များ (21$^{st}$ Century Skills)**

၂၁ ရာစုလူမှုအဖွဲ့အစည်း၌ လူ့စွမ်းအားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန် မဟာဗျူဟာများ ချမှတ်ထားပြီး ၄င်းမဟာဗျူဟာများ မပါရှိဘဲ စစ်မှန်သောလူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ထို့သို့ မဟာဗျူဟာချမှတ်ရာတွင် အခြေခံအားဖြင့် ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော လူမှုရေးဝန်ဆောင်မှုကဏ္ဍများ အရည်အသွေးမြင့်မားစေရန်၊ လူမှုဘဝအကာကွယ်ပေးမှုအစီအစဉ်များ ပိုမိုကျယ်ပြန့်မှု ခိုင်မာလာစေရန်နှင့် ဒေသအဆင့်ဖွံ့ဖြိုးမှုတို့အကြား ကောင်းမွန်လာစေမည့်အပြင် နိုင်ငံတကာနှင့် ချိတ်ဆက်မှုများ အားကောင်းလာစေရန်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုစွမ်းရည်များကို လေ့လာသင်ယူရမည် ဖြစ်ပါသည်။

**ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (ထင်လင်းစွာသိမြင်နိုင်မှု စွမ်းရည်)**

၁။ ထိရောက်သောကျိုးကြောင်းဆင်ခြင်ခြင်း (Effective Reasoning)

၂။ စီမံချက် ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုးဆွလှုံ့ဆော်ခြင်း (Schema Development and Activation)

၃။ ဆုံးဖြတ်ချက်ချခြင်း (Decision Making)

၄။ ပြဿနာဖြေရှင်းခြင်း (Problem Solving)

၅။ တီထွင်ဖန်တီးမှုနှင့်ဆန်းသစ်တီထွင်မှု (Creativity and Innovation)

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကို ပညာဗဟုသုတရှာဖွေရန်နှင့် ပတ်သက်၍ စာပေတန်ဖိုးကောက်နှုတ်ချက်အား ဖော်ပြရမည်ဆိုလျှင် **'ပြည်သူများအနေဖြင့် ဗဟုသုတကြွယ်ဝမှ တိုင်းပြည်တိုးတက်လာမည်ဖြစ်ပါသည်။ ပြည်သူ များအနေဖြင့် ဗဟုသုတကြွယ်ဝလေလေ၊ တိုင်းပြည်အနေဖြင့်လည်းချမ်းသာရန်၊ ငြိမ်းချမ်းရန် အခွင့်အရေးများလေလေဖြစ်မည်ဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းစီမှ ဗဟုသုတရှာဖွေကြရန်လိုအပ်ပါသည်။ အထူးသဖြင့် လူငယ်များအနေဖြင့် အချိန်ပိုလည်းရှိသည့်အတွက် ပညာရှာနေသောအရွယ်ဖြစ်သည့်အတွက် ပညာရှာဖွေဆည်းပူးရန် အခွင့်အရေးအများကြီးရှိပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် စာဖတ်ပြီး ဗဟုသုတရှာဖွေကြရန်ဖြစ်ပါသည်'** စသည့် စာစုအတိုင်း တခြားဗဟုသုတများကို ရှာဖွေရန် လိုအပ်သကဲ့သို့ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်သောစွမ်းရည်လည်း လေ့လာသင်ယူရမည်ဖြစ်ပါသည်။

လုပ်ငန်းခွင်အတွင်း ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း ဆိုရာတွင် လုပ်ငန်းခွင်၌ဖြစ်ပေါ်လာသည့် ပြဿနာများကို မိမိတစ်ဦးတည်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအနေဖြင့် နည်းဗျူဟာ၊ ဗဟုသုတနှင့် အချက်အလက်၊ ကိန်းဂဏန်းများကို အသုံးပြု၍ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်သောစွမ်းရည်ဖြင့် ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းဖြစ်ပါသည်။ သို့မှသာလျှင် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများလည်း တိုးတက်အောင်မြင်လာစေရန်အတွက် ခေါင်းဆောင် (Leader) များနှင့် လက်အောက်ငယ်သား (Follower) များအားလုံးသည် ဆန်းစစ်ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း ဆိုင်ရာစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုပ်ငန်းခွင်အတွင်းမှသည် ပတ်ဝန်းကျင်အသိုက်အဝန်းဆီသို့ သက်ရောက်လာမည်ဖြစ်ပြီး တိုင်းပြည်အတွက် စစ်မှန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။

**မှတ်ချက်။** ။ စာပေတန်ဖိုးကောက်နုတ်ချက် ( External Light၊ မဂ္ဂဇင်း၊ ဇန်နဝါရီလထုတ် )အား ဖော်ပြခြင်း၊ Moore, Brooke & Parker, Richard (2009) 'Critical Thinking' 9$^{th}$ Edition, McGraw-Hill: New York နှင့် အင်တာနက်ဝဘ်ဆိုက်မှ အချက်အလက်များအား ဘာသာပြန်ဆိုခြင်းစသည်တို့အား မိမိအတွေးအခေါ်ဖြင့် ပေါင်းစပ်ရေးသားတင်ပြခြင်း ဖြစ်ပါသည်။



# မသန်စွမ်းသူများအတွက်

## အတားအဆီးကင်းသော လူမှုဘဝဆီသို့

|နုယဉ်|

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ**

အလယ်ခေတ်တွင် မသန်စွမ်းမှုကို အပြစ်ကျူးလွန်ခြင်း (သို့) ဘိုးဘေးများ၏ အပြစ်အတွက် ဘုရားသခင်ထံမှ အပြစ်ပေးခြင်းနှင့် မာရ်နတ်၏လုပ်ရပ်များအဖြစ် မှတ်ယူခဲ့ကြသည်။ ထိုကဲ့သို့ ယုံတမ်းပုံပြင်များကြောင့် မသန်စွမ်းသူများကို လူအများက ကြောက်ရွံ့ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် လူ့အဖွဲ့အစည်းမှ ဖယ်ကြဉ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၈၀၀ ပြည့်နှစ်များကတည်းက မသန်စွမ်းသူများအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ရှိခဲ့သော်လည်း ၁၉၀၀ ပြည့်နှစ်များမှသာ လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်အစောပိုင်းကာလတွင် ယနေ့ခေတ် လူမှုရေးစံနှုန်းများအတိုင်းမဟုတ်ဘဲ ဆေးဘက်ဆိုင်ရာ အမြင်များဖြင့် ကုသခံရမည့်ရောဂါအနေဖြင့် ရှုမြင်ခဲ့ကြသည်။ ထိုသို့ဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးကို ၁၉၇၁ ခုနှစ် အထိ နိုင်ငံတကာမှ အသိအမှတ်ပြုသေးခြင်းမရှိဘဲ နောက်ပိုင်း ၁၉၇၅ ခုနှစ်မှသာ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ညီလာခံကို ကြေညာခြင်းဖြင့် မသန်စွမ်းသူများ၏ လူမှုရေး၊ နိုင်ငံရေး၊ နိုင်ငံသားနှင့် လူ့အခွင့်အရေးများကို နိုင်ငံတကာတွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။ ထို့နောက် ကမ္ဘာတစ်ဝှမ်းမှ လူမှုအသိုင်းအဝိုင်းများသည် မသန်စွမ်းသူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်စေရေးကို ပိုမိုလုပ်ဆောင်လာကြကာ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၄၇/၃) ဖြင့် ၁၉၉၂ခုနှစ်တွင် ကြေညာခဲ့သည်။ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၂ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပခဲ့ပြီး ထိုအချိန်ကတည်းက ကမ္ဘာ့အနှံ့အပြားတွင် ကျင်းပသော အခမ်းအနားတစ်ခု

ဖြစ်ခဲ့သည်။

၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ် ဒီဇင်ဘာလ (၃) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှ စတင်ဂုဏ်ပြုကျင်းပခဲ့ရာ ယခုတွင် (၂၆) ကြိမ်တိုင် ပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဆောင်ပုဒ်မှာ "The Future is Accessible" ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရခြင်းဖြင့် မသန်စွမ်းသူများ၏ ပြဿနာများကို ပိုမိုနားလည် စေရန်နှင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် လူမှုဘဝ သာယာဝပြောမှုအတွက် ပံ့ပိုးမှုများကို မြှင့်တင် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ထို့အပြင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍအသီးသီး ပေါင်း စည်းဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းသူများကို ပိုမိုအ ထောက်အကူပေးနိုင်ရန် ဖြစ်သည်။

## မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လှုပ်ရှားမှုများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံး၏ လူဦးရေ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး မသန်စွမ်းသူ ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ကမ္ဘာတစ်ဝန်းတွင်ရှိသော မသန်စွမ်းသူများသည် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ၊ စီးပွားရေးပိုင်းဆိုင်ရာနှင့် စိတ်သဘောထားပိုင်းဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်ရခြင်း၊ လူ့အသိုက်အဝန်းအတွင်း၌ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်မရရှိခြင်း၊ မသန်စွမ်းသူများသည် ကမ္ဘာ့အဆင်းရဲဆုံး လူသားများထဲတွင် အချိုးအစားကြီးမားစွာ ပါဝင်နေခြင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာစသည့် အခြေခံလိုအပ်ချက် အရင်းအမြစ်များကို ပြည့်ဝစွာမရရှိခြင်းနှင့် သေဆုံးမှုနှုန်းမြင့်မားခြင်း စသည့် အခက်အခဲမျိုးစုံနှင့် အတားအဆီးမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေပါသည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များတွင် ဖယ်ကြဉ်ချန်လှပ်ထားခြင်းခံနေရသည့်အတွက် ကမ္ဘာတစ်ဝန်းရှိ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပိုမိုဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာလုံးဆိုင်ရာ သိသာထင်ရှားသည့် ဆောင်ရွက်ချက်တစ်ခုမှာ ကုလသမဂ္ဂအထွေထွေညီလာခံမှ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Rights of the Persons with Disabilities-UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံအနေဖြင့်လည်း မသန်စွမ်းသူများအခွင့်အရေးကို ကာကွယ်နိုင်ရေး အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည် သန်စွမ်းသူများနည်းတူ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် နေ့စဉ်လူမှုဘဝတွင် တန်းတူအခွင့်အရေးများ ရရှိနိုင်ရေးအတွက် ‘မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ’ ကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ‘မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေ’ ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဆိုပါ ဥပဒေတွင် ‘မသန်စွမ်းသူတိုင်းသည် အခြားသန်စွမ်းသူများနည်းတူ ပညာသင်ယူပိုင်ခွင့်ရှိကြောင်းနှင့် မသန်စွမ်းကလေးသူငယ်တိုင်းသည် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘဝတစ်သက်တာ သင်ယူမှုများအပါအဝင် ပညာရေးဆိုင်ရာ အခွင့်အလမ်းများရရှိစေရမည်’ ဟု ပြဋ္ဌာန်းထားသည့်အတိုင်း မသန်စွမ်းသူများနှင့်ပတ်သက်၍ အဓိက ဆောင်ရွက်နေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် သင်တန်းကျောင်းအခြေပြုအဖြစ် မသန်စွမ်းသင်တန်းကျောင်း (၈) ကျောင်း ဖွင့်လှစ်၍ မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ အထူးစောင့်ရှောက်ရန်လိုအပ်သော ဉာဏ်ရည်မသန်

စွမ်းသူများအပါအဝင် မသန်စွမ်းသူများအတွက် အထူးပညာရေးစနစ်များဖော်ဆောင်ခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီးခြင်း၊ လူထုအား အသိပညာပေးခြင်းစသည့် လူမှုရေးဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်းကိုလည်း ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အခြားသော ဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီချက်များဖြစ်သည့် အာရှ-ပစိဖိတ်ဒေသရှိ မသန်စွမ်းသူများဆိုင်ရာ တတိယဆယ်စုနှစ် အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂)၊ အာဆီယံမသန်စွမ်းသူများ ဆယ်စုနှစ်လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ ဘာလီကြေညာချက်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ - Sustainable Development Goals (၂၀၁၆-၂၀၃၀) တို့ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ**

မသန်စွမ်းအမျိုးအစားကို အမြင်အာရုံချို့ယွင်းသူ၊ အကြားအာရုံချို့ယွင်းသူ၊ ကိုယ်အင်္ဂါ ချို့ယွင်းသူနှင့် ဉာဏ်ရည်ချို့ယွင်းသူဟူ၍ လေးမျိုးခွဲခြားထားပါသည်။ လက်ရှိအခြေအနေတွင် မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားနိုင်ငံသားများကဲ့သို့ တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်ဖန်တီးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ မသန်စွမ်းမှုအမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်း စသည့် ရုပ်ဝတ္ထုဆိုင်ရာများတွင် ဖြည့်ဆည်းပေးမှုအားနည်းခြင်း၊ မျက်မမြင်လက်စမ်းစာနှင့် လက်သင်္ကေတပြဘာသာစကားတို့ တတ်မြောက်သောဆရာ၊ ဆရာမနှင့် မသန်စွမ်းသူ ဆရာ၊ ဆရာမများ စသည့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖြည့်ဆည်းပေးမှုအားနည်းခြင်း၊ မသန်စွမ်းသူအပေါ် နားလည်သဘောပေါက်မှုအမြင်သဘောထားဆိုင်ရာ အတားအဆီးများကို ယနေ့တိုင်မြင်တွေ့ကြားသိ နေရဆဲဖြစ်သည်။

ဥပမာအားဖြင့် မကြာသေးမီက အသစ်ပြေးဆွဲသော မြို့ပတ်ယာဉ်လိုင်းရှိ Scania အမျိုးအစား YBS ဘတ်စ်ကားများတွင် မသန်စွမ်းသူများအတွက် အထိုက်အလျောက် အဆင်ပြေစေမည့် အတက်အဆင်း တံခါးပေါက်နှင့် တိုးတက်လာသည်ဟုဆိုနိုင်သည့် ယာဉ်မောင်း၏ ဝန်ဆောင်မှုများရှိလာပြီဖြစ်ကြောင်း သတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။ စနစ်သစ်အောက်တွင် ပြေးဆွဲနေသည့် ဘတ်စ်ကားအသစ် များ၏ ယာဉ်အတက်အဆင်းအပေါက်များ ကျယ်ဝန်းခြင်း၊ လှေကားထစ်များလျော့သွားခြင်း၊ လက်ကိုင်ကွင်းနှင့်တန်းများ ပြည့်စုံစွာပါရှိခြင်း၊ မှတ်တိုင်များအား အသံနှင့်အရုပ်ပါ ဖော်ပြနိုင်ခြင်းများလည်း ရှိလာပြီဟုဆိုသည်။ သို့သော် ထိုဦးစားပေးခုံများမှာ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်၊ ကလေးမိခင်နှင့် မသန်စွမ်းသူများကဲ့သို့ ဦးစားပေးသင့်သူများအတွက် အမှန်တကယ်အကျိုးရှိနေသလား ဆိုသည်မှာတော့ မေးခွန်းထုတ်စရာဖြစ်နေသေးသည်။ ယခုဘတ်စ် ကားများမှာ ရုပ်သံစနစ်နှင့် ဦးစားပေးခုံများ ပါဝင်လာပြီး ယာဉ်မောင်းများသည်လည်း ဝန်ဆောင်မှုပုံစံကို ၈၀ ရာခိုင် နှုန်းခန့် ကောင်းမွန်ပြောင်းလဲလာသော်လည်း လူထုအကြားတွင် ဦးစားပေးခုံများနှင့် စပ်လျဉ်း၍ သိရှိနားလည်မှုနည်းနေသေးသည်ကို တွေ့နေရသေးသည်။ ထို့ကြောင့် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သူများ နေ့စဉ်သွားလာရေးတွင် အဆင်ပြေချောမွေ့စေမည့် ဝန်းကျင်ကောင်းတစ်ခု ဖန်တီးရာတွင် အာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများ သာမက အများပြည်သူများကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပေသည်။

ထို့အပြင် မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးနှင့် အမှီအခိုကင်းစွာနေထိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုမှာလည်း အလွန်ပင်အရေးကြီးပါသည်။ ထို့ကြောင့် အလုပ်ခန့်ထားရာတွင် အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသော မသန်စွမ်းသူများကို သင့်လျော်သောအလုပ်တွင် ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း ခန့်ထားနိုင်ရန်အတွက်

လုပ်ငန်းရှင်များအား ပြစ်ဒဏ်နှင့်မက်လုံးများ နှစ်မျိုးစလုံး ပေးကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လုပ်ငန်းအလိုက် မသန်စွမ်းသူများအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း သင်တန်းများလည်း လိုအပ်သေးသော်လည်း မသန်စွမ်းသူများအတွက် အဆင်ပြေ သင့်လျော်မည့် ပတ်ဝန်းကျင်ဖန်တီးပေးမှုနှင့် လိုအပ်သောနည်းပညာများ ထောက်ပံ့ပေးခြင်းဖြင့် အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည် ဖြစ်သည်။

မသန်စွမ်းသူများသည်လည်း သန်စွမ်းသူများ နည်းတူ မွေးရာပါဂုဏ်သိက္ခာ ရှိကြသူများ ဖြစ်သကဲ့သို့ အခွင့်အရေးလည်း ညီမျှစွာ ရရှိခွင့်ရှိသူများဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းသူများနှင့် သန်စွမ်းသူများအကြား ကွာဟချက်များကို တတ်နိုင်သမျှ နည်းပါးအောင် ဆောင်ရွက်ရာတွင် အထူးသဖြင့် မြန်မာနိုင်ငံ၌ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက် ရရှိမှုသည် ပြီးခဲ့သည့် ဆယ်စုနှစ်များနှင့် နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုရှိလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မိုဘိုင်းဖုန်းများနှင့် အင်တာနက်စသည့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာမှုများကြောင့် ဖြစ်သည်။ ထို့ပြင် အမြင်အာရုံမသန်စွမ်းသူများသည် ယခင်က ကွန်ပျူတာအသုံးပြုရာတွင် အင်္ဂလိပ်စာကိုဖတ်ပေးသော အင်္ဂလိပ်အသံထွက် Software ကို အမှီပြုခဲ့ရသော်လည်း ယခုအခါ ကွန်ပျူတာဖြင့် မြန်မာစာကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဖတ်ရှုနိုင်မည့် Software ရှိလာပြီဖြစ်သည်။ ထိုမျှမက နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်သော မသန်စွမ်းသူ အားကစားသမားများလည်း ပေါ်ထွက်လာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ နည်းပညာမတိုးတက်ခင်ကပင်လျှင် သန်စွမ်းသူများထက် အဆပေါင်းများစွာ စွမ်းဆောင်နိုင်သည့် မသန်စွမ်းသူများကို သမိုင်းတွင်လည်းကောင်း၊ အတုယူစရာ စံပြပုဂ္ဂိုလ်များအဖြစ်လည်းကောင်း သတင်းမီဒီယာများတွင် မကြာခဏ တွေ့မြင်နေရသည်ဖြစ်ရာ မသန်စွမ်းသူများ၏ မွေးရာပါ ဂုဏ်သိက္ခာကို လေးစားကာ မသန်သော်လည်း စွမ်းနိုင်သည်ကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

**နိဂုံး**

မသန်စွမ်းမှုဟူသည် မွေးကတည်းက ပါလာခြင်းမဟုတ်ပါ။ ချို့ယွင်းချက်ဟူသည် လူတိုင်းတွင် မွေးရာပါဖြစ်နိုင်သကဲ့သို့ မွေးဖွားပြီးနောက်ပိုင်း အကြောင်းတစ်ခုခုကြောင့်လည်း ရှိလာနိုင်ပါသည်။ သို့သော် လူမှုအသိုင်းအဝိုင်းတွင် ချို့ယွင်းမှုကို အတားအဆီးများ ထပ်လောင်းပေါင်းထည့်လိုက်သည့်အတွက် ချို့ယွင်းမှုနှင့် အတားအဆီးကိုပေါင်းကာ မသန်စွမ်းမှုဟူ၍ သတ်မှတ်ခံလိုက်ကြရသည်။ ထို့ကြောင့် ချို့ယွင်းချက်ရှိသော်လည်း အတားအဆီးမရှိပါက မသန်စွမ်းမှုလည်း ပျက်ပြယ်သွားမည် ဖြစ်သည်။ သို့သော် ကျေးလက်ဒေသများရှိ မသန်စွမ်းသူများအတွက် လူမှုအသိုက်အဝန်းတွင် ခွဲခြားမှုများ၊ မညီမျှမှုများ ရှိနေဆဲပင်ဖြစ်သည်။ နိုင်ငံတော်မှ မသန်စွမ်းသူများ၏ အခွင့်အရေးတန်းတူရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသော်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ မသန်စွမ်းသူများ ခွဲခြားခံရမှုမရှိစေရေးမှာ ပြည်သူတစ်ဦးချင်းစီတွင် တာဝန်ရှိပေသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ထဲတွင် မသန်စွမ်းသူဦးရေ ပိုမိုပါဝင်လာစေခြင်းဖြင့် မျှတပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပိုမိုလျင်မြန်စွာ တက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လူ့ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး မျှော်မှန်းကာ မသန်စွမ်းလူ့အခွင့်အရေး ဖော်ဆောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများသာမက ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်စေလိုကြောင်း တင်ပြအပ်ပါသည်။

***မှတ်ချက် ။ ။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျရောက်သည့် ၂၆ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အား ဂုဏ်ပြုရေးသားခြင်းဖြစ်ပါသည်။***

**Referances:**

https://www.un.org/development/desa/disabilities

https://www.moi.gov.mm/

https://www.president-office.gov.mm/

https://www.un.org/development/desa/disabilities/news/news/idpd2019.html/

http://www.moswrr.gov.mm/

# အမှန်တကယ် တတ်မြောက်ပါရဲ့လား



**သုံးည**

ယနေ့ခေတ်သည် ပညာကို အပြိုင်အဆိုင်ရှာကြသော အချိန်ကာလတစ်ခုဖြစ်သည်။ တက္ကသိုလ်မှရရှိထားသော ဘွဲ့တစ်ခုတည်းနှင့် အလုပ်နေရာတစ်ခုရရှိရန် မလွယ်ကူသောကြောင့် မိမိဝါသနာပါရာသင်တန်းများကို အလုအယက်တက်ရောက်ကြသည်။ သင်တန်းဆင်းလက်မှတ်များကိုစုစည်းထားကြသည်။ ပုဂ္ဂလိက သင်တန်းကျောင်းများ အပြိုင်အဆိုင် ဖွင့်လှစ်လာပြီဖြစ်၍ မိမိစိတ်ဝင်စားသည့် သင်တန်းများကို ရွေးချယ်တတ်ရောက်ရန် မခက်ခဲတော့ပေ။

**သင်တန်းများက တကယ်ပဲ အကျိုးရှိရဲ့လား**

စာရေးသူတို့၏ နိုင်ငံတွင် သင်တန်းများကို အလုအယက် အပြိုင်အဆိုင် တက်ရောက်ကြသူအများစုမှာ ၁၆ နှစ်မှ ၂၀ နှစ်ကြားရှိသည့် လူငယ်လူရွယ်များဖြစ်ကြသည်။ သစ်ရွက်လှုပ်တိုင်း ရင်ခုန်တတ်သည့်အရွယ်ဖြစ်သကဲ့သို့ တစ်ပါးသူမှ Brain Washလုပ်ပါက အမှန်အမှား ခွဲခြားရန် ခက်ခဲသော အရွယ်ဖြစ်သည်။

သူများက အဖြူဆို လိုက်ဖြူတတ်ပြီး သူများက အမဲဆို လိုက်မဲတတ်သည်။ သူငယ်ချင်း တစ်ယောက်မှ LCCIသင်တန်းတက်တဲ့အခါ တခြားသူငယ်ချင်းများကပါ လိုက်တက်ကြသည်။ သို့သော် LCCI ကို အမှန်တကယ် စိတ်ဝင်စားသူများမဟုတ်။ သင်တန်းဆင်းလက်မှတ်လိုချင်၍သော်လည်းကောင်း၊ အလုပ်လျှောက်သည့်အချိန်မှာ အဆင်ပြေချင်၍သော်လည်းကောင်း စသည့်အတွေးများဖြင့် တက်ရောက်ကြသည်။

ရလိုမှု (Want) ကြောင့် အရင်ဆုံးပေးဆပ်လိုက်ရသည်မှာ အချိန်၊ လူအင်အား၊ ငွေ စသည့် တန်ဖိုးရှိသော အရင်းအမြစ်များဖြစ်သည်။ မိမိပေးဆပ်မှုနှင့် ထိုက်တန်သောအရာကို ပြန်လည်ရရှိလိုသည်မှာ လူအားလုံး၏ စိတ်ဆန္ဒဖြစ်သည့်အတွက် သင်တန်းတစ်ခုကို မတက်ရောက်ခင်အချိန်တွင် မိမိတက်ရောက်မည့်သင်တန်း၊ သင်ကြားမည့်သူများ၏ နောက်ခံသမိုင်းကြောင်းများကို သေချာစွာလေ့လာပြီး အရည်အသွေး (Quality) ရှိမှသာ တက်ရောက်သင့်သည်။

ဥပမာ – Businessများတွင် အသုံးပြုသည့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင် တတ်မြောက်လိုသော်လည်း IELTS သင်တန်းတက်ရောက်မိပါက ပလိုင်းပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အရာကို မိမိအနေဖြင့် အမှန်တကယ် သင်ကြားတတ်မြောက်လိုသည်ကို သေချာစွာသိရှိနေရန် လိုအပ်သည်။

**သင်တန်းတက်မှ အရည်အချင်းပြည့်ဝမှာလား**

စာရေးသူ၏ပုဂ္ဂလိကအမြင်နဲ့ဖြေရပါလျှင် "NO" ဟုဖြေရပါမည်။ သင်တန်းမတက်ဘဲ မိမိစိတ်ဝင်စားရာ နယ်ပယ်ကို ကျွမ်းကျင်အောင်လုပ်ဆောင်နိုင်သည်။ ယနေ့ခေတ်တွင် စာဖတ်ခြင်းကို စိတ်မဝင်စားသူများအနေဖြင့် Youtube, Netflix များကို ကောင်းကောင်းအသုံးချ၍ Bloggerများ၏ Videoများကို အလွယ်တကူ ရှာဖွေကြည့်ရှုလေ့လာနိုင်ပြီဖြစ်သည်။

ဘာမှမတတ်မြောက်ဘဲ သင်တန်းဆင်းလက်မှတ်ရရှိသောသူများကို မိတ်ဆွေတို့ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးကြမည်။ ထို့အတူပင် မည်သည့်သင်တန်းမှ မတက်ရောက်ဘဲ အရည်အချင်းပြည့်ဝသောသူများကိုလည်း တွေ့မြင်ဖူးကြမည်။

သင်တန်းတက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ အဓိကအရေးကြီးဆုံးအရာမှာ လေ့လာမှုနှင့် ပြန်လည်အသုံးချမှုဖြစ်သည်။ Practice Make Perfect စကားအတိုင်း ပြုမူနေထိုင်ပါက အရည်အချင်းကောင်းများကို ပိုင်ဆိုင်မည်ဖြစ်သည်။

သင်တန်းချိန် ၁ နာရီ၊ ၂ နာရီအတွင်းသာ သင်ခန်းစာများကို လေ့လာပြီး ကျန်သည့်အချိန်များတွင် မလေ့လာပါက သင်တန်းတက်ရောက်မှုသည် အချည်းနှီးပင်ဖြစ်

ဘာမှမတတ်မြောက်ဘဲ သင်တန်းဆင်းလက်မှတ်ရရှိသောသူများကို မိတ်ဆွေတို့ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးကြမည်။ ထို့အတူပင် မည်သည့်သင်တန်းမှ မတက်ရောက်ဘဲ အရည်အချင်းပြည့်ဝသော သူများကိုလည်း တွေ့မြင်ဖူးကြမည်။

သည်။ ထပ်ခါတစ်လဲလဲ လေ့ကျင့်နေမှသာ မိမိ၏အရည်အချင်းသည်လည်း တိုးတက်လာမည်ဖြစ်ပြီး Quantity Certificate ထက် Quality Certificateများ ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့မှသာ လက်တွေ့လုပ်ငန်းခွင်ထဲ ဝင်ရောက်သည့်အချိန်တွင် လုပ်ဖော်ကိုင်ဖက်များ၏ ချီးကျူးဂုဏ်ပြုမှု၊ အထက်လူကြီးများ၏ ယုံကြည်ကိုးစားမှု၊ လက်အောက်ငယ်သားများ၏ လေးစားအားကိုးမှုများကို ဂုဏ်ယူဝင့်ကြွားစွာ ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သင်တန်းများတက်ရောက်ရန် အချိန်မလုံလောက်ပါကလည်း အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း Youtube, Netflix, Google များကို ကောင်းစွာအသုံးချ၍ မိမိ၏ အရည်အချင်းကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## တစ်ခုကို လိုချင်ရင် တစ်ခုကို စွန့်လွှတ်ရမယ်

တစ်နေ့ထဲတွင် သင်တန်း ၃၊ ၄ ခုကို တက်ရောက်နေသူများကို စာရေးသူတွေ့မြင်ဖူးသည်။ မောဟိုက်ပင်ပန်းနွမ်းလျနေသော စိတ်နှလုံးနှင့် အနားယူရန်လိုအပ်နေသော ဦးနှောက်ကို ဥပေက္ခာပြုထားကြသည်။ "Learning is never ending" ဆိုသည့်အတိုင်း လေ့လာသင်ယူမှု ဆိုသည်မှာ မည်သို့မှမပြီးဆုံးနိုင်သော ခရီးရှည်တစ်ခုဖြစ်သည်။ ထိုခရီးရှည်ပေါ်တွင် မရပ်မနား ပြေးလွှားစရာမလိုအပ်။ Step By Step သွားခြင်းဖြင့် မိမိကိုယ်ကို ငဲ့ညှာ၍ ပျော်ရွှင်ခြင်းများကို ရှာဖွေရမည်။

သင်တန်းတစ်ခုတက်ရောက်မှု မပြီးဆုံးမချင်း အခြားသင်တန်းတစ်ခု တက်ရောက်မှုကို အားမပေးပါ။ လောနံ့နှစ်ဖက်နင်းလျှင် ခြေချော်တတ်သည်။ ဗျာများနေသောစိတ်သည် မိမိကိုအရှုံးဖြစ်စေသည်။ လောထဲတွင်သေချာထိုင်၍ ပေါ့ပါးလန်းဆန်းသော စိတ်လော်တက်ဖြင့် သေချာလော်ခတ်မှသာ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

Rush ဖြစ်နေပါက ဦးနှောက်သည် ထိုင်းမှိုင်းသွားပြီး ကြိုးစားမှုသည် ရေပေါ်အရုပ်ရေးဆွဲသကဲ့သို့ ဖြစ်နေမည်ဖြစ်သည်။ မိမိ၏ကြိုးစားမှု အရာမထင်သည့်အခါ စိတ်ဒုက္ခကြုံတွေ့ရတတ်သကဲ့သို ထိုကြိုးစားမှုသည် မိမိကိုကျရှုံးစေနိုင်သည်။ အဓိကနှင့် သာမည ကို သေချာခွဲခြား၍ မိမိ၏ကြိုးစားမှုအရာထင်အောင် လုပ်ဆောင်သင့်သည်။

ထို့ကြောင့် တစ်ခုကိုလိုချင်ရင် တစ်ခုကိုစွန့်လွှတ်ပါ။ ထာဝရမစွန့်လွှတ်နိုင်လျှင်တောင် ခဏတာစွန့်လွှတ်ပြီး အခြားတစ်ခုကိုအင်တိုက်အားတိုက် ပေါက်မြောက်အောင်မြင်အောင် ကြိုးစားပြီးမှသာ ခဏတာစွန့်လွှတ်ထားသောအရာကို ပြန်လည်အကောင်အထည်ဖော်ဆောင်သင့်သည်။

## စာရေးသူ၏ ဆုတောင်းစကား

ပွင့်လင်းမြင်သာ၍ နိုင်ငံတကာ၏ နိုင်ငံရေး၊ စီးပွားရေးကိစ္စအဝဝအား အလွယ်တကူ ရှာဖွေလေ့လာ သင်ယူနိုင်သော အချိန်တစ်ခုတွင် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသော လူငယ်များအနေဖြင့် ပညာကို ကြိုးစားရှာဖွေနေကြသည်ကို တွေ့ရှိရ၍ များစွာပီတိဖြစ်မိသည်။

မိမိ၏ အရည်အချင်းကို အမှန်တကယ် Polish လုပ်ဆောင်ပေးနိုင်သော သင်တန်းများကို သေချာရွေးချယ်တက်ရောက်ရန် အရေးကြီးသကဲ့သို့ မိမိကိုယ်တိုင်ကလည်း စိတ်ဝင်တစား လေ့လာသင်ယူရန် အရေးကြီးသည်။

Trend ဖြစ်နေသော သင်တန်းများကို လိုက်လံတက်ရောက်မည့်အစား မည်သည့်သင်တန်းသည် မိမိ၏ Carrier Lifeအတွက် အမှန်တကယ်အထောက်ပြုနိုင်သည်ကို သေသေချာချာ ခွဲခြားသိရှိရန် လိုအပ်သကဲ့သို့ နွေရာသီတွင် မီးလှုံရန်မလိုအပ်ကြောင်းကို သတိပြုမိနိုင်ရန်အရေးကြီးသည်။

နှမ်းတစ်စေ့နှင့် ဆီမဖြစ်သော်လည်း နှမ်းစေ့ပေါင်းများစွာပေါင်းစပ်လိုက်ပါက တန်ဖိုးရှိသောဆီ ဖြစ်လာသကဲ့သို့ လူငယ်များ၏ ကဏ္ဍအလိုက် ကျွမ်းကျင်မှုအရည်အချင်းများနှင့် သက်ဆိုင်ရာနယ်ပယ်များတွင် ကြိုးပမ်းဆောင်ရွက်ပါက စာရေးသူတို့၏ နိုင်ငံသည်ဆင်းရဲတွင်းမှ လွတ်မြောက်၍ ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်မှာ ဧကန်မုချပင်ဖြစ်သည်။



# မိဆိုးမ

|CoCoe သောကြာ|

အများက 'မိဆိုး' လို့ခေါ်တဲ့ သူမ

မှန်တင်ခုံရှေ့မှာသီချင်းလေး တစ်ညည်းညည်း နဲ့ပေါ့။ သနပ်ခါးပါးကွက်ကြားလိမ်းလို့ အလှပြင် ရင်း တစ်ချက်ချက် အမူအရာတွေလုပ်ကာ ကိုယ့်ဓာတ်ညွှန်းနဲ့ကိုယ် မင်းသားဖြစ်လိုက်၊ မင်းသမီး ဖြစ်လိုက်၊ ဗီလိန်ဖြစ်လိုက်၊ ဟာသဓာတ်ပို့ ဖြစ်လိုက်နဲ့ ဒါရိုက်တာလည်းသူ၊ ပရိသတ်လည်းသူပေါ့။ ဗီဒီယိုရိုက်ရင်း ဈာန်ဝင်နေကာမှ 'ကဒ်'။

'ဟဲ့ မိခြူး ဘာလုပ်နေတာလဲ ဆင်းခဲ့ဦး ဈေးသွားဝယ်ပေးဦး'

မိသားစုကပေးထားတဲ့ သူမနာမည်အရင်း မိချြုး၊ ပတ်ဝန်းကျင်မှာဘာလို့ 'မိဆိုး' လို့နာမည်တွင် သွားလည်း သူမကိုယ်တိုင်နားမလည်။ ဘယ်သူတွေက ဘယ်လိုပဲခေါ်ခေါ် ဂရုမစိုက်တဲ့မိချြုး။ သူ့အိုးနဲ့သူ့ဆန် ကိုက်လို့ပေါ့။

'ဟုတ်အမေ လာပြီ'

ဈေးဝယ်ရမယ်ဆိုရင် အရမ်းကိုပျော်တတ်၊ ဝမ်းသာတတ်တဲ့ သူမကတော့ အမေမှာတဲ့ ဝယ်စရာ ပစ္စည်းတွေကို ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ဈေးဘက်ကိုစက်ဘီးတစ်စီးနဲ့ ထွက်လာခဲ့ပါတယ်။ မိချြုးရဲ့ အဖေကစက်ဘီးပြင်ပြီး၊ အမေနဲ့ အဒေါ်တွေကတော့ စက်ချုပ်ကြပါတယ်။ ရပ်ကွက်ထဲ မိချြုးနဲ့ရွယ်တူ သူငယ်ချင်းမိသားစုတွေထဲက တစ်ချို့ အိမ်ငှားနေကြရ၊ တစ်ချို့က ပေ ၂၀-၆၀ ဝင်းထဲမှာ မိသားစုငါးစုလောက် စုနေကြရတဲ့အချိန်။ မိချြုးမကတော့ ပေ ၄၀-၆၀ ခြံဝင်းကြီးထဲမှာ ဝါးထရံကာ နှစ်ထပ်အိမ် အမြင့်နဲ့ အိမ်ပိုင်ခြံပိုင်ရှင်မဘဝ သူများတွေထက်တော့ သာသာယာယာပေါ့။ သူမလို ရွယ်တူကလေးတွေတစ်ချို့ ကျောင်းမထားနိုင်လို့ အလုပ်လုပ်ကြရတဲ့ သူ့အရပ်မှာတော့ သူ့ဇာတ်က အလွန်ခမ်းနားစွာ စက်ဘီးကလေးနဲ့ ကျောင်းတက်ရတဲ့ မိချြုးမပေါ့။

ဝယ်စရာရှိတာတွေ ဝယ်ပြီးတော့ လက်ထဲမှာ ဈေးဝယ်လို့ပိုတဲ့ ငွေ ၂၅၀ ထဲက ၁၅၀ ကို လက်ထဲမှာ ဆုပ်လို့ အိမ်ရောက်တော့ ဝယ်လာတဲ့ ပစ္စည်းတွေနဲ့ ဆုပ်ကိုင်ထားတဲ့ ငွေ ၁၅၀ ကို အမေ့ထံ ပြန်အပ်လိုက်ပြီး ကျန်တဲ့ငွေ ၁၀၀ က မိချြုးရဲ့အင်္ကျီဘယ်ဘက်အိတ်ကပ်ထဲကို ရောက်သွားပါတော့တယ်။ ဈေးဝယ်ခိုင်းလို့ ပိုက်ဆံပိုတိုင်း အိမ်ကိုဘယ်တော့မှ အပြည့်ပြန်မအမ်းတတ်တဲ့ သူမအတွက် ဈေးဝယ်ရတိုင်းပျော်ဖို့ကောင်းခဲ့ပါတယ်။

ရပ်ကွက်ထဲမှာ ဘယ်လိုကစားပွဲဖြစ်ဖြစ် ပြဿနာရှာတတ်တဲ့သူမ။ ကျောင်းကပြန်ရောက်လို့ လွယ်အိတ်မချရသေး 'ဟေ့မိဆိုးမရေ ကြိုးခုန်ရအောင်' ဆိုတာနဲ့ လွယ်အိတ်ကို အိမ်ထဲဝင်မထားတော့ဘဲ တံခါးပေါက်မှာချိတ်ပြီး ကျောင်းဝတ်စုံ ပြဲအောင်ဆော့ပါတော့တယ်။ တော်ပါသေးရဲ့။ စုတ်ပြဲသွားတဲ့ အင်္ကျီတွေ ပြန်ချုပ်ပေးမဲ့ မိသားစုထဲမှာ မိချြုးမွေးဖွားခဲ့ပေလို့သာပေါ့။ အိမ်က မိဘတွေသိအောင် တစ်မျိုး မသိအောင်တစ်မျိုး မုန့်ကလည်း ခိုးစားတတ်သေးသည်။ 'မိဆိုးမ' လို့ ခေါ်ကြတိုင်း သူမကိုယ်သူမ ပြန်မေးတတ်တာ 'ကျွန်မအဲ့လောက်ဆိုးလို့လား' တဲ့။

'အန်တီဝင်း၊ အန်တီဝင်း အန်တီ့သမီး ကစားရင်းနဲ့ သူများကို လုပ်လိုက်လို့ ခိုက်မိသွားပြီ' ကလေးတစ်ယောက် ကမျောသောပါး ပြေးလာပြီး လာပြောတိုင်း ရင်တမမဖြင့် စိတ်ပူရသူ၊ အန်တီဝင်းဆိုတာ မိချြုးရဲ့ ပြဿနာတိုင်း လိုက်ရှင်းပေးရတဲ့ တစ်ဦးတည်းသောအမေ။

ရပ်ကွက်ထဲမှာယောကျ်ား၊ မိန်းမရွယ်တူကလေးတွေရော အသက်သိပ်မကွာတဲ့ အကိုတွေ အစ်မတွေရောလေး၊ ငါး၊ ဆယ်ဦးမကဆိုတော့ မိချြုးတို့လည်း လောင်းကျော်ပါပဲ။ ဖြစ်ပုံက ညနေ စောင်းတစ်ရက် မိချြုးတစ်ယောက် ရွယ်တူသူငယ်ချင်းတွေနဲ့ စိန်ပြေးလိုက်တမ်းကစားကြတော့ ပြေးရင်းလိုက်ရင်း သူငယ်ချင်းတစ်ယောက်ကို မတော်တဆ တွန်းမိသွားခဲ့တယ်။ သူမတွန်းလိုက်တဲ့ အရှိန်ကလည်းများ၊ လဲသွားတဲ့သူငယ်ချင်းကလည်း အရှိန်မထိန်းနိုင်ဖြစ်ပြီး လဲသွားတယ်။ အနောက်က ဆိုက်ကားဘီးနဲ့ ထိမိလို့ ကံဆိုးစွာနဲ့ ကျောရိုးပြဲသွားခဲ့တယ်။ သူမတမင်

ရပ်ကွက်ထဲမှာ
ဘယ်လိုကစားပွဲဖြစ်ဖြစ်
ပြဿနာ ရှာတတ်တဲ့သူမ။
ကျောင်းကပြန်ရောက်လို့
လွယ်အိတ်မချ ရသေး
"ဟေ့မိဆိုးမရေ ကြိုးခုန်ရအောင်" ဆိုတာနဲ့
လွယ်အိတ်ကို အိမ်ထဲဝင်မထားတော့ဘဲ
တံခါးပေါက်မှာချိတ်ပြီး
ကျောင်းဝတ်စုံ ပြဲအောင်
ဆော့ပါတော့တယ်။

လုပ်သည် မဟုတ်။ သို့ပေမဲ့ သူမက ပြဿနာတွေကို အဲ့ဒီလိုဖန်တီးတတ်ခဲ့သူပါ။ သူမ ပြဿနာတွေကို အမြဲဖြေရှင်းပေးရသည့် အန်တီဝင်း။

'ဟဲ့ ဘာဖြစ်သွားတာလဲ၊ မိခြူးက ဘာလုပ်လိုက်လို့လဲ၊ ဆေးခန်းပို့ ဆေးခန်းပို့ ကျွန်မ နောက်က လိုက်ခဲ့မယ်' ဒီလိုနဲ့ပဲ ဆေးဖိုး၊ လျော်ကြေးနဲ့ တောင်းပန်ရင်း မိခြူးမရဲ့ ပြဿနာတစ်ခု ရှင်းသွားခဲ့ပါတယ်။

'မမဝင်း အစ်မသမီးက ကျွန်မသမီးကို ခဲနဲ့ပစ်ပေါက်လိုက်တယ်ရှင့်၊ မျက်ခုံးမှာ သွေးထွက်သွားတယ်၊ တော်သေးလို့ပေါ့ မျက်လုံး မခိုက်မိတာ၊ အစ်မသမီးကို ပြောပါဦးရှင်၊ ကျွန်မက လူကြီးတွေ သိအောင် လာပြောရတာ မမဝင်းရဲ့'

လာပြန်ပြီပေါ့ တစ်ခါ။ တစ်ခုရှင်းပြီးတိုင်း မကြာမကြာကြားရတတ်သည့် နောက်ပြဿနာ။ မတော်တဆဖြစ်တဲ့ ပြဿနာတွေအပြင် တမင်သက်သက်ကို ပြဿနာရှာတာမျိုးလည်း လုပ်တတ်ပါသည်။ ဒီလိုချိန်ဆိုရင်တော့ အန်တီဝင်းလည်း စိတ်မရှည်။ 'ဟဲ့ မိခြူးမလာစမ်း၊ ပြဿနာပဲ လှည့်ရှာနေတယ်၊ ငါ့ကို နားအေးအေးနေရမှာ စိုးလို့လားဟဲ့' ဆိုပြီး တံမြက်စည်းနဲ့သာ လိုက်ရိုက်ပါတော့သည်။ အဲ့လိုရိုက်ပြီးသွားတဲ့ ရက်တွေဆိုရင် မိခြူးမအိပ်ပျော်သွားပြီဆိုတာနဲ့ ဆေးပရုတ်ဆီတွေ လိမ်းပေးတတ်ပြီး 'မိခြူးမရယ်နင့်လည်း ငါဘယ်လိုနားလည်အောင်ပြောရပါ့' လို့ တတွတ်တွတ်ပြောရင်း မျက်ရည်တွေကျကျလာတဲ့ သူမအမေပါ။

လေးကျော်သန်း မနက်ခင်းအလုပ်မသွားခင် မိခြူးမက အိမ်အပြင်မှာ ရောက်နေတတ်ပြီ။ ဆော့ဖို့ ပေါ့။ လေးကျော်သန်းဆိုတာ မိခြူးရဲ့အဖေ။ အလုပ်သွားဖို့ စက်ဘီးတစ်စီးနဲ့ ထမင်းချိုင့်ကိုယူပြီး ထွက်လာတဲ့အချိန် အိမ်ရှေ့ကနေဆီးကြိုပြီး 'ဖေကြီး' လို့ခေါ်လိုက်ရင် သူ့အင်္ကျီအိတ်ကပ်ထဲက ပိုက်ဆံ ၂၀၀ ကျပ်တန်တစ်ရွက်ကိုထုတ်ပြီး မိခြူးကိုပေးလို့ 'သမီးမနက်စာ စားပြီးပြီလား' ဆိုပြီး နှုတ်ဆက်နမ်းတတ်တဲ့အဖေ။ မိခြူး မုန့်ဖိုးတောင်းတဲ့ ပုံစံပေါ့။ လေးကျော်သန်းက အိမ်နဲ့ နည်းနည်းအလှမ်းဝေးတဲ့ မြို့ထဲမှာ စက်ဘီးပြင်တဲ့ဆိုင်လေးဖွင့်ထားပါတယ်။ ဆိုင်ဆိုတာကလည်း တကယ်တော့ ဓမ္မာရုံတစ်ခုမှာ ဝေယျာဝစ္စတွေကို ကူညီလုပ်ကိုင်ပေးရင်း စက်ဘီးပြင်တဲ့ပစ္စည်းလေးတွေထားလို့ စက်ဘီးပြင်ဆိုင်လေး ဖွင့်ထားခြင်းသာ။ စက်ဘီးမပြင်ရတဲ့ အချိန်ဆိုရင်ဖြင့်။

'လေးကျော် ကျွန်တော့်ကို မင်္ဂလာဈေးလိုက်ပို့ပေးဦးဗျာ၊ ပစ္စည်းလေးဝယ်ချင်လို့' အဲ့လိုနဲ့ အငှားဆိုက်ကားလေးနင်းပြီး အလုပ်လုပ်နေခဲ့သည့်အဖေ။ ညနေခင်း အဖေပြန်လာတဲ့အချိန်ကို စောင့်၊ ထမင်းချိုင့်လေးသယ်ပေးလို့ 'ဖေကြီးပြန်လာပြီလား' လို့ နှုတ်ဆက်လိုက်ရင် ကျောပိုးပြီး မုန့်ဆိုင်လိုက်ပို့ပါတော့တယ်။ သူမကလည်း မုန့်စားချင်တဲ့အချိန်များဆိုရင် ပိုပြီးချွဲနွဲ့လို့ကြိုတတ်ပါတယ်။ ဒါပေမဲ့ လေးကျော်သန်း စိတ်ထဲမှာတော့ 'ငါ့သမီးကို ခုလိုပဲ အမြဲတမ်းကျောပိုးပြီး လမ်းလျှောက်ချင်တာ' ဆိုတာမျိုးပေါ့။ မိခြူးပြဿနာဖြစ်တဲ့နေ့တွေ အန်တီဝင်းက လေးကျော်သန်းကို ပြန်ပြောပြတိုင်း 'ကလေးတွေပဲကွာ ဆော့ရင်းမတော်တဆဖြစ်တာပဲ ဘာမှမဖြစ်ပါဘူးကွာ၊ သူ့ဘာသာပျော်ပျော်နေပါစေ' ဆိုပြီးပြောတတ်ပါတယ်။ တစ်ခါတစ်လေ မိခြူးကိုရိုက်မိလို့ အန်တီဝင်းကိုတောင် ဆူတတ်၊ ငေါက်တတ်ပါသေးသည်။ အဲ့ဒီလိုအဖေလို လူမျိုးရဲ့ အလုပ်အကိုင်ကို မိခြူးတစ်ယောက် ကျောင်းဝင်ခွင့်ဖောင်တွေမှာဖြည့်တိုင်း 'စက်ဘီးပြင်' လို့ ဘယ်တော့မှ မဖြည့် 'ကုန်သည်၊ ရောင်းဝယ်ရေး' ဒါမျိုးသာ ဖြည့်လေ့ရှိတတ်သည်။ 'စက်ဘီးပြင်' လို့ဖြည့်ရမှာ မိခြူးမ ရှက်သည်တဲ့လေ။ ဒီလိုမျိုးအဖေတစ်ယောက်၏ ဂုဏ်ပုဒ်ကိုပြင်ဆင်ခဲ့သည့် မိခြူးမ။ အဲ့ဒါတွေအားလုံးကို လေးကျော်သန်း ပြုံးပြုံးကြီးနဲ့ လက်ခံခဲ့ပါတယ်။ သူ့သမီး ပညာတတ်ကြီးဖြစ်လာမှာဆိုပြီးတော့ပေါ့။ မိခြူးဆိုးခဲ့ပါသလား?

အိမ်အပြင်မှာ ပြဿနာရှာတာ အားမရတဲ့မိခြူး ကိုယ့်မိသားစုကိုပြန်ပြီး ပြဿနာရှာတတ်ပါတယ်။ တစ်နေ့ မိခြူးတို့အဖေတစ်ယောက် နှစ်ထပ်အိမ်လေးမှာ မိုးယိုနေတဲ့ သွပ်ပြားတွေကို လေ့ကားထောင်လို့ အိမ်မိုးပေါ်တက်ပြီး အပေါက်တွေ ဖာနေပါတယ်။ သူမကတော့ ထုံးစံအတိုင်း မုန့်လေးစားလိုက်၊ ပျင်းလိုက်၊ ဆော့လိုက်ပေါ့။ မိခြူးမ အမေလည်း ထုံးစံအတိုင်း လက်ခံထားတဲ့ အင်္ကျီတွေကို အပြီးပေးရမယ့်ရက် နီးလာတော့ မနားနိုင် အင်္ကျီချုပ်နေခဲ့ပါတယ်။ နာရီကြည့်တော့ နေ့လယ် ၃ နာရီ။

'မိခြူး နင့်အဖေ လက်ဖက်ရည်သောက်ဖို့ သွားဝယ်ဦး၊ အကြော်ရော ၂၀၀ ဖိုးဝယ်ခဲ့ဦး'

'ဟုတ်ကဲ့ အမေ' ဆိုပြီး မိခြူးမပြေးအလာ လေးကျော်သန်းအသုံးပြုနေတဲ့ လှေကားကို တိုက်မိပါတော့တယ်။ အမိုးတွေဖာနေရင်း လက်ကလည်း ဆုပ်ကိုင်ထားတာမရှိတော့ လေးကျော်သန်းခမျာ ယိုင်ထိုးပြီး လှေကားနဲ့အတူတူ အောက်ကိုလဲကျသွားခဲ့ပါတော့တယ်။

'အယ် ဖေကြီး၊ လုပ်ပါဦး၊ မေကြီးရေ မေကြီး ဖေကြီးလှေကားနဲ့ လဲသွားပြီ' ဆိုပြီး မိခြူးမ ပျာယာပျာယာနဲ့ အော်ငိုရင်းသာလှမ်းအော်နေပါတော့တယ်။ ဒီလိုနဲ့ လေးကျော်သန်းခမျာ ပြုတ်ကျတဲ့အရှိန်ကြောင့် ဘယ်ဘက်ခြေထောက် အနည်းငယ်ဆာသွားပြီး ခါးနည်းနည်းကုန်းသွားခဲ့ပါတယ်။ ကျိုးကန်းပြီး သေမသွားတာတောင် ကံကောင်းခဲ့သည်ဆိုရမည်။ အဲ့ဒီနောက်ပိုင်းတော့ မိခြူးမ တစ်ယောက်ပြဿနာရှာတာ အနည်းငယ်လျော့သွားပြီး သတိထားတတ်လာခဲ့ပါတယ်။

အရင်ကဆိုရင် 'ကျူရှင်ဆရာမကို မြို့ထဲသွားစရာရှိလို့ အိမ်ကလာကြိုမှာမို့ စောဆင်းခွင့် တောင်းပြီး အိမ်ကိုတော့ ကျူရှင်ကစောဆင်းမှာမို့ စောစောလာကြိုပါဆိုပြီး မလိုမ့်တစ်ပတ်နဲ့ ကျူရှင်လစ်တတ်တာမျိုး'

'အတန်းထဲမှာ ကျောင်းသားစုစုပေါင်းမှ ၆၈ ယောက်ရှိတာကို Report card မှာ အဆင့် ၆၀ ကျော်ခဲ့လို့ မိဘလက်မှတ်မထိုးခိုင်းရဲဘဲ ကိုယ့်ဘာသာလိမ်ထိုးခဲ့တာမျိုး'

'ကလေးလေးတစ်ယောက်က အရမ်းငိုနေလို့နားငြီးတယ်ဆိုပြီး သူ့အမေမသိအောင်သွားရိုက်၊ ပြီးရင် မုန့်ကျွေးပြီး ပြန်ချော့တာမျိုး'

အဲတစ်ခါတစ်လေ 'ယောကျာ်းလေးတွေနဲ့ရောပြီး စျေးဖိုးပိုတဲ့ ပိုက်ဆံလေးတွေကို လောင်းကြေးထည့်ပြီး ဖိနပ်နဲ့ပစ်ဆော့တာမျိုး၊ နောက်ကအန်တီဝင်းက လိုက်ရိုက်ရတာမျိုး' အဲ့လိုပြဿနာတွေ မီးထွန်းရှာတာမျိုး လုပ်တတ်ပါတယ်။

မိခြူးမ ဆယ်တန်းအောင်တော့ အန်တီဝင်းခမျာ နှစ်ကာလများစွာ အလုပ်လုပ်ခဲ့ရတဲ့ စက်ချုပ် ပညာကြောင့် လေးဘက်နာရောဂါစဖြစ်ခဲ့တယ်။ ခေတ်က စက်ဘီးစီးရာကနေ ဆိုင်ကယ်တွေ ပြောင်းစီးလာကြတော့ ခေတ်နဲ့အမီ ဆိုင်ကယ်လည်း မပြင်တတ်တဲ့ လေးကျော်သန်းရဲ့ အလုပ်ကလည်း ဝင်ငွေရဖို့ ခက်ခဲလာခဲ့တယ်။ မိဘတွေမှာ စီးပွားရေး အဆင်မပြေခဲ့တဲ့ကြားက သူမကို ဆယ်တန်းအောင်တဲ့ထိ ကျောင်းထားခဲ့တဲ့အပြင် သူမ တက်ခဲ့သမျှ သင်တန်းတွေ အားလုံးအတွက် ပိုက်ဆံရအောင် ရှာပေးခဲ့ပါတယ်။ ဆယ်တန်းအောင်တဲ့သူမအမှတ်ကလည်း ၃၃၀ တောင် မကျော်တာမို့ ဘယ်တက္ကသိုလ်ကို လျှောက်ရမှန်းမသိနဲ့ အဝေးသင်တက်ပြီး အလုပ်လုပ်မယ်လို့ မိဘသားစုကို တိုင်ပင်ရှာပါတယ်။ အဝေးသင်တက်မယ့် အခြေအနေကို မိဘတွေက လက်မခံနိုင်ဘဲ သူမတို့နေခဲ့တဲ့ အိမ်ကိုရောင်းချခဲ့ကြပြီး စျေးသင့်တဲ့ အိမ်ခြံလေး ပြန်ဝယ်လို့ ပိုတဲ့ပိုက်ဆံလေး ခြစ်ကုတ်ကာ သမီးလေးအတွက် တင့်တင့်တယ်တယ်ဖြစ်အောင် ကျောင်းထားပေးခဲ့ပါတယ်။ မိခြူးရဲ့ဘဝ အဆင့်မြင့်ပညာဆိုတဲ့ တက္ကသိုလ်မှာ၊ သင်္ချာမေဂျာနဲ့ ပညာသင်ခဲ့ရပါပြီ။ သူမ အဲ့ဒီအခြေအနေရောက်မှ ဘဝကို နားလည်ခဲ့ပြီး မိဘတွေရုန်းကန်ခဲ့ရတဲ့ ဘဝကို ကိုယ်ချင်းစာတတ်ခဲ့ပါတယ်။ သူမရဲ့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာဖောင်မှာ အဖေ အလုပ်အကိုင် 'စက်ဘီးပြင်' အမေအလုပ်အကိုင် 'စက်ချုပ်' လို့ လေးကျော်သန်းနဲ့ အန်တီဝင်းတို့ရဲ့ ရှေ့မှာပဲ ဖြည့်ခဲ့ပါပြီ။ ဒီလိုနဲ့ပဲ အခုချိန်တော့ သူမလည်း ဘွဲ့တွေရ၊ အလုပ်တွေလုပ်ရင်း မိဘကို ပြန်လည် ကျေးဇူးဆပ်လို့ပေါ့။ တစ်ခုပါ အလုပ်ထဲမှာလည်း ပြဿနာရှာတတ်တဲ့ အကျင့်လေး အနည်းငယ်ပါလာတာလေးကလွဲရင် မိဆိုးမအလွန်ပဲ လိမ္မာလာခဲ့ပါပြီ။